# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်　　၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၆]


**ပါတီစုံဒီမိုကရေစီ**
**အထွေထွေရွေးကောက်ပွဲကြီး**
**ကျင်းပရန်**
**(၃)ရက်သာလိုတော့သည်**

# မြန်မာနိုင်ငံသားများ ဒီမိုကရေစီစနစ်ဖြင့်ထိုက်တန်ကြောင်း ကမ္ဘာကိုပြသနိုင်ရန် ရွေးကောက်ပွဲကို အေးချမ်းလုံခြုံစွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား မကွေးမြို့ရှိ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော်　နိုဝင်ဘာ　၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်၆နာရီတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻


ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
for 2016, June Exam
LCCI
Level - I, II, III
စာရင်းကိုင်သင်တန်းများ
ACCA, Dip IFR
ကျောင်းအပ် လက်ခံပြီ
LCCI International Qualifications
Approved Centre
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)
Tel: 01-377610, 09-730 66231, 09-320 60060

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပြောင်းလဲခြင်းဟုဆိုကြရာဝယ်

ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ပိုမိုကောင်းမွန်သော လူမှုဘဝများ ဖန်တီးနိုင်ရန် စနစ်တစ်ခုမှစနစ်တစ်ခုသို့ ပြောင်းလဲလျက်ရှိကြပေသည်။ အများစုမှာ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလျက်ရှိပါသည်။ ဒီမိုကရေစီစနစ်မှာ ပြည်သူလူထု၏အကျိုးစီးပွား ဦးစားပေးလုပ်ဆောင်သောစနစ်ဖြစ်သည်ကို သိမြင်လာကြသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံအများအပြားတို့၌ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာကြပေသည်။ ဤသို့ ပြောင်းလဲကြရာတွင် ညင်သာစွာပြောင်းလဲနိုင်သော နိုင်ငံများရှိသလို သွေးထွက်သံယို စစ်ပွဲများဖြင့်လည်း ပြောင်းလဲရန်ကြိုးပမ်းနေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံရေးစနစ်တစ်ရပ်ပြောင်းလဲရန် ကြိုးပမ်းရင်း သွေးထွက်သံယိုစစ်ပွဲများအတွင်း လူ့အသက်ပေါင်းများစွာ သိန်းသန်းချီ၍ သေဆုံးလျက်ရှိသည်ကို အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအချို့က သက်သေပြလျက်ရှိပေသည်။

ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ညင်သာစွာကူးပြောင်းခဲ့ပြီး ယခုအခါ ဒီမိုကရေစီ၏ အနှစ်သာရကို ပြည်သူများ အပြည့်အဝခံစားနိုင်ရန် ပြုပြင်ပြောင်းလဲမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ချက်ချင်းပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်သည်များရှိသလို ကာလတို၊ ကာလရှည် အစီအမံများချမှတ်၍ ဆောင်ရွက်ရသည်လည်း ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုတိုင်းသည် မူလအခြေအနေထက် သာလွန်ကောင်းမွန်သောအနေအထားတစ်ရပ်သို့ ရောက်ရှိခံစားနိုင်ကြလိမ့်မည်ဟူသော မျှော်မှန်းချက်များစွာဖြင့် ပြောင်းလဲနေကြခြင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများသည် အောင်မြင်သည်များရှိသလို မအောင်မြင်မှု၊ နှေးကွေးမှုများလည်း ရှိနိုင်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က အောက်တိုဘာလကုန် ပြည်သူလူထုသို့ပြောကြားသော ရေဒီယိုမိန့်ခွန်းတွင် "ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ အပြည်ပြည်ဆိုင်ရာစံနှုန်းများနဲ့ တိုင်းတာရင် လိုအပ်ချက်များရှိနေသော်လည်း အသွင်ကူးပြောင်းရေးအတွက် လိုအပ်တဲ့ အခြေခံများကို အဆင့်ဆင့်တိုးတက်တည်ဆောက်နိုင်ပြီး ချောမွေ့စွာ ကူးပြောင်းလျက်ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အထူးအလေးအနက်ထားပြောကြားချင်တာကတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဟာ မိမိတိုင်းပြည်မှာရှိနေတဲ့ အခြေခံအကြောင်းတရားများနဲ့ ပေးထားချက်များကို ဘက်ပေါင်းစုံကနေ ချင့်ချိန်သုံးသပ်ပြီး တည်ငြိမ်အေးချမ်းစွာပြောင်းလဲနိုင်ဖို့လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို သင့်လျော်တဲ့အချိန်မှာ လိုအပ်တဲ့အရှိန်တစ်ခုနဲ့ ချိန်သားကိုက်ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်" ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါသည်။

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ဦးစွာပထမ အုပ်ချုပ်ရေးယန္တရားစနစ်ကို ဗဟိုချုပ်ကိုင်မှုစနစ်မှ ပြည်သူကိုဗဟိုပြုသောစနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ အဂတိလိုက်စားမှုအဆုံးသတ်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေးတို့ကို အထူးအလေးထားဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ထိုမှဆက်လက်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည်တို့တွင်လည်း သိသာစွာပြောင်းလဲနိုင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံရေးပြောင်းလဲမှုတွင် လူတိုင်းပါဝင်သော နိုင်ငံရေးစနစ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်း၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးနိုင်ခဲ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အမျိုးသားရင်ကြားစေ့ရေးကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အဖွဲ့ရှစ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းစသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲရာတွင်လည်း ပြည်ပကြွေးမြီများ လျှော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရန် ဖြေလျှော့မှုများဆောင်ရွက်ခြင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်း၊ အနည်းဆုံးအခကြေးငွေကို ကာလဒေသနှင့်အညီ သတ်မှတ်ပေးနိုင်ခြင်းစသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တွေ့ရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လူမှုရေးတွင်လည်း လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး၊ အခြေခံပညာအထက်တန်းအထိ အခမဲ့ပညာရေး၊ လူတိုင်းအသုံးပြုနိုင်သော တယ်လီဖုန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသများ ရေမီးရရှိပြီး ဝင်ငွေတိုးရေးစသော ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ လက်ရှိအစိုးရလက်ထက်တွင် ပြည်သူများပြောင်းလဲခြင်း၏အကျိုးဆက်ကို ခံစားနေကြရပြီဖြစ်ပါသည်။ ဆက်လက်ပြီးတော့လည်း အနာဂတ်ကာလတွင်ခိုင်မာသော ပြုပြင်ပြောင်းလဲရေး အခြေခံအုတ်မြစ်များပေါ်တွင် ပိုမိုကောင်းမွန်သောလူမှုဘဝများကို တည်ဆောက်နိုင်ကြတော့မည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဘိုကလေးမြို့ အထက(၃) ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် လမ်းသစ်ဖွင့်ပွဲကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲနှင့် အထက(၃) အဝင်လမ်းနှင့် ရပ်/သံ လမ်းဖွင့်ပွဲအခမ်းအနားကို ဘိုကလေးမြို့၊ မြို့မ (၁၀)ရပ်ကွက်ရှိ အထက (၃) ကျောင်းနှင့် လမ်းသစ်များတွင် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်သည်။

ရှေးဦးစွာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လမ်းသစ်ဖွင့်ပွဲကိုစတင်ကျင်းပသည်။

ဆက်လက်၍ အထက(၃) ကျောင်းဆောင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော (၁၂၀ × ၃၀ × ၁၇) ပေ Steel Structure တစ်ထပ်ကျောင်းဆောင်သစ်တို့ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ တိုင်း/ပညာ ဒုညွှန်မှူးနှင့် အငြိမ်းစား ဆရာကြီး ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များမှ ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်မင်း(ဘိုကလေး)**



# ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အလှည့်ကျပုံမှန်သုံးသပ်စစ်ဆေးခြင်းဆိုင်ရာအစီရင်ခံစာနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၄**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အလှည့်ကျပုံမှန်သုံးသပ်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာ (UPR) နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို The Lutheran World Federation ၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့ Summit Park View Hotel ၌ နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. David H. Mueller က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးညွန့်ဆွေက UPR တွင် ကော်မရှင်၏ ပါဝင်သည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် The Lutheran World Federation ၏ အစီရင်ခံစာပါ အချက်အလက်များကို စုပေါင်းဆွေးနွေးခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ကျေးလက်မီးလင်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**ညောင်လေးပင် နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ဂျောင်းတာကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလ ပထမပတ်က သာစုကျေးရွာနှင့် ဆာဆေးကျေးရွာများ၌ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးသူရကျော်ဇံတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာမှ တာဝန်ရှိသူများက လိုအပ်သည်များကို တင်ပြကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးကိစ္စများ၊ လမ်း၊ တံတားများပြုပြင်ဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

# မျက်စိဆရာဝန်ညီလာခံ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပမည့် (၂၇)ကြိမ်မြောက် မျက်စိဆရာဝန်များ ညီလာခံကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် တက်ရောက်လိုသူများသည် နိုဝင်ဘာ ၆ ရက်မှစ၍ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၌ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မျက်စိဆရာဝန်များ ညီလာခံ မတိုင်မီ နိုဝင်ဘာ ၉ ရက်တွင် ဆီဒိုးနားဟိုတယ်၌ပင် မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန် များအဖွဲ့နှင့် Indo-China Intraocular Inflam mation and Infection Study Group (ICOISG) တို့ ပူးပေါင်း၍ 4th Indo-China Intraocular and Inflammation Meeting ကို ကြိုတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၇၃၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၇၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၉၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၀၇.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၈၉၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂.၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၉ |

ခင်ရတနာ-စုစည်းသည်။

# ရွေးကောက်ပွဲအောင်မြင်ချောမောစွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား ရွေးကောက်ပွဲလေ့လာမည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲရလဒ် စိစစ်ရေးအဖွဲ့က သေချာစိစစ်ပြီး ခိုင်လုံမှန်ကန်မှသာ ရွေးကောက်ပွဲရလဒ်များထုတ်ပြန်မှာဖြစ်

နေပြည်တော် နိုဝင်ဘာ ၄

**ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်း၌ကျင်းပခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ Forever Group ၊ MITV နှင့် Skynet တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကြိုတင်မျှော်မှန်းပြီး ၂၀၁၃ ခုနှစ်ကတည်းက Strategic Plan ရေးဆွဲ၍ အမှားအယွင်းမရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ကြေညာခြင်းနှင့် ပတ်သက်၍ ကော်မရှင်အနေဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် မဲရေတွက်ပြီးနောက် ရလဒ်များအား မဲရုံများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်အတွက် ရလဒ်အား မြို့နယ်အဆင့်တွင်ရနိုင်သော်လည်း အမျိုးသားလွှတ်တော်အတွက်ရလဒ်မှာ ခရိုင်အဆင့်မှသာ ရနိုင်မည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် ရလဒ်မှာ တိုင်းဒေသကြီး/ပြည်နယ်မှသာ ရမည်ဖြစ်ကြောင်း။

ယနေ့ ခေတ်မီ IT နည်းပညာများကြောင့် မဲရုံအသီးသီးတွင် ကပ်ထားသည့် ရလဒ်များကိုရယူ၍ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ အနိုင်အရှုံးများကို Website ၊ Facebook နှင့် သတင်းဂျာနယ်များမှ ထုတ်လွှင့်ဖော်ပြမှုများ ရှိနိုင်ကြောင်း၊ ၎င်းဖော်ပြချက်များမှာ အမှန်အတည် မဟုတ်ပါကြောင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များစိစစ်ခြင်းကို မဲရုံများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့တွင် သတ်မှတ်ပုံစံများ ဖြည့်သွင်းဆောင်ရွက်ပြီးနောက် အဆင့်ဆင့်မှ ရရှိသည့်ရလဒ်များကို တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် စိစစ်အတည်ပြုပြီးမှသာ ထုတ်ပြန်ကြေညာနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ရွေးကောက်ပွဲရလဒ် စိစစ်ရေးအဖွဲ့က သေချာအောင်စိစစ်ပြီး ခိုင်လုံမှန်ကန်မှသာ ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်သာလျှင် အတည်ဖြစ်သဖြင့် မီဒီယာများအနေဖြင့် တစ်ပြိုင်တည်း တစ်ပုံစံတည်း ကြေညာနိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး၌ မီဒီယာစင်တာအား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အတူ ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက် ဌာနတွင်လည်း ထားရှိသွားမည်ဖြစ်ကြောင်း၊ ၎င်းမီဒီယာစင်တာတွင် မီဒီယာအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်း၍ တစ်ပြိုင်တည်း ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် IFES မှ တာဝန်ရှိသူများက မီဒီယာစင်တာပြုလုပ်မည့်အစီအစဉ်နှင့် သတင်းထုတ်လွှင့်နိုင်ရေးတို့အား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် မီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာ Booth များ ထားရှိနိုင်ရေး၊ နေရာသတ်မှတ်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ အင်တာနက်လိုင်းနှုန်းပြည့်ဝစွာရရှိရေး၊ မီဒီယာအဖွဲ့များ၏ အုပ်ချုပ်ရေးကိစ္စရပ်တို့အား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မီဒီယာစင်တာ ထားရှိမည့်နေရာနှင့် မီဒီယာအဖွဲ့အစည်းများ နေရာချထားနိုင်ရေးတို့ကို လိုက်လံကြည့်ရှုခဲ့ပြီး မီဒီယာစင်တာအတွက် လိုအပ်ချက်အသေးစိတ်အား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးရဲများခန့်အပ်တာဝန်ပေး

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ဖြစ်ထွန်းစေပြီး လုံခြုံမှုနှင့် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ (Secure and Fair Election-SAFE)ဖြစ်လာစေရန် ပြည်ထဲရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲပြုလုပ်မည့် မဲရုံလေးသောင်းကျော်ကို အနီးကပ် တာဝန်ချထားနိုင်ရန် ၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ရဲအက်ဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၂၉ နှင့် ၃၀ တို့နှင့်အညီ အထူးရဲ (Special Police)များ ခန့်ထားရန် စီမံဆောင်ရွက်ခဲ့ပြီး မဲရုံလေးသောင်းကျော်၌ မဲရုံတစ်ရုံလျှင် လုံခြုံရေးအတွက် အနီးကပ်စောင့်ကြပ်ရန် အထူးရဲ တစ်ဦးစီ တာဝန်ပေးအပ်နိုင်ရန်အတွက် အရန်အပါအဝင် အထူးရဲ ၄၀၂၆၀ အား ခန့်အပ်စောင့်ကြပ်သွားမည်ဖြစ်သည်။

အထူးရဲများခန့်ထားရာတွင် ဒေသခံဖြစ်ပြီး ရပ်ရွာမှထောက်ခံသူ၊ သက်ဆိုင်ရာဒေသလိုက် ဘာသာစကားကျွမ်းကျင်သူ၊ ပါတီနိုင်ငံရေးကင်းရှင်းသူနှင့် မိမိကိုယ်တိုင်ဆန္ဒပြုသူတို့အား သက်ဆိုင်ရာမြို့နယ်မှ မြို့မိ/ မြို့ဖ ကိုယ်စားလှယ်၊ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ ကိုယ်စားလှယ်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ပါဝင်ဖွဲ့စည်းထားသည့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်၍ ခန့်ထားခဲ့ခြင်းဖြစ်သည်။

အထူးရဲများသည် ရဲအက်ဥပဒေပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထားသည့် ရဲတပ်ဖွဲ့ဝင်များရရှိသော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ လုပ်ပိုင်ခွင့်များ၊ အကာအကွယ်များ ရရှိမည်ဖြစ်သကဲ့သို့ ဥပဒေများအား ဖောက်ဖျက်ကျူးလွန်ပါကလည်း ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်သည်။

အဆိုပါအထူးရဲများ၏ တာဝန်ဝတ္တရား(၁၂)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အထူးရဲသည် မိမိ၏တာဝန်နှင့် ဝတ္တရားများကို ရဲတပ်ဖွဲ့ဝင်များနည်းတူ အမြဲတစေ နေ့ညမခြား တာဝန်ချထားသည့်နေရာဒေသတွင် ထမ်းဆောင်ရမည်။

(၂) အထူးရဲတိုင်း မိမိအား အမိန့်ပေးပိုင်ခွင့်ရှိသော ရဲအရာရှိက တရားဥပဒေနှင့်အညီ ထုတ်ဆင့်သောအမိန့်များကို လျင်မြန်စွာ လိုက်နာဆောင်ရွက်ရမည်။

(၃) ပြည်သူ့ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် သတင်းများကို စုဆောင်းအစီရင်ခံရမည်။

(၄) အများပြည်သူတို့ သွားလာရာလမ်းများပေါ်တွင် ယာဉ်အသွားအလာကို ကြပ်မတ်ခြင်းနှင့် လမ်းများပေါ်တွင် တားဆီးပိတ်ဆို့နေသော အရာများကို ဖယ်ရှားပေးရမည်။

(၅) အများပြည်သူ ဝင်/ထွက်သွားလာသည့် နေရာများတွင်လည်းကောင်း၊ အများပြည်သူတို့ သွားရောက်ပျော်ရွှင်ရာ နေရာများတွင်လည်းကောင်း၊ ပွဲလမ်းသဘင်များတွင်လည်းကောင်း ဣန္ဒြေစောင့်စည်းမှုကို ထိန်းသိမ်းစောင့်ရှောက်ပေးရမည်။

(၆) အထူးရဲများသည် မိမိရှေ့မှောက်တွင် အာမခံမပေးနိုင်သော ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာကျူးလွန်သူ သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူတစ်ဦးဦးကို တားဆီးထိန်းသိမ်းခြင်းမှအပ ကျန်အခြေအနေများတွင် တစ်ဦးတစ်ယောက်အား တားဆီးထိန်းသိမ်းခြင်းမပြုရ၊ ယင်းကဲ့သို့ ထိန်းသိမ်းထားသူကို အကြောင်းမဲ့ ကြန့်ကြာခြင်းမရှိဘဲ ရဲအရာရှိတစ်ဦးထံ ပို့အပ်ရမည်။

(၇) မည်သည့်ဘေးအန္တရာယ်မဆို ကျရောက်သည့် သတင်းရရှိသည့်အခါ မိမိ၏အထက်အရာရှိထံ ချက်ချင်းအစီရင်ခံရမည့်အပြင် အသက်နှင့်ပစ္စည်းကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကူညီခြင်း၊ ပြည်သူပိုင်ပစ္စည်းမဆုံးရှုံးရန် သို့မဟုတ် မပျက်စီးရန် ကာကွယ်စောင့်ရှောက်ရမည်။

(၈) မည်သည့် အထူးရဲမဆို ပြည်သူများအား ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရမည်၊ တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရမည်။

(၉) အထူးရဲများသည် ရွေးကောက်ပွဲကာလ မဲရုံများတွင် တာဝန်ချထားစဉ် မဲရုံမှူး၏ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခြင်းမှအပ မဲရုံအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ။

(၁၀) အထူးရဲများသည် မဲရုံများတွင် တာဝန်ချထားစဉ် လက်နက်၊ ခဲယမ်း တစ်စုံတစ်ရာ ကိုင်ဆောင်ခြင်းမပြုရ။

(၁၁) အထူးရဲများသည် မဲရုံအတွင်း ထူးခြားဖြစ်စဉ် ဖြစ်ပျက်နေမှုသတင်းများ၊ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ လာရောက်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေသတင်းများအား အနီးဆုံးကြီးကြပ်သူရဲအရာရှိထံ ဆောလျင်စွာ သတင်းပေးပို့ရမည်။

(၁၂) အထူးရဲများသည် အထက်ပါတာဝန်နှင့်ဝတ္တရားများအပေါ် ကောင်းမွန်စွာဆောင်ရွက်ခြင်း ရှိ/မရှိကို တာဝန်ရှိ ရဲအရာရှိများ၏ စစ်ဆေးကြပ်မတ်မှုကို ခံယူရမည်။

အထက်ပါ အချက်များအပြင် ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသည့် ဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးရဲ (Special Police)များသည် ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်ရာတွင် လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ယူရသည့် အချိန်ကာလအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ကျောက်တင်ကျန်ရစ်စေသည်အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**





# ပြည်တွင်းစစ်အပြီး ပထမဆုံးအကြိမ် တရုတ်သမ္မတနှင့် တရုတ်(တိုင်ပေ)သမ္မတတို့ စင်ကာပူ၌တွေ့ဆုံမည်

**ပေကျင်း နိုဝင်ဘာ ၄**

သမ္မတရှီကျင့်ဖျင်သည် တရုတ် (တိုင်ပေ) သမ္မတ မာရင်ဂျိုးနှင့် စနေနေ့တွင် စင်ကာပူ၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ယင်းတွေ့ဆုံမှုသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်တွင်းစစ် အဆုံးသတ်ပြီးကတည်းက ပြိုင်ဘက် နှစ်နိုင်ငံခေါင်းဆောင်များ ပထမဆုံးတွေ့ဆုံမှုဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် မမျှော်လင့်ဘဲ ဆုံတွေ့မှုဖြစ်ပြီး ရေလက်ကြားကိစ္စကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောသည်။ သို့သော်လည်း သမိုင်းတင်မည့် တွေ့ဆုံမှုဖြစ်သည့်တိုင် ဇန်နဝါရီလတွင် သမ္မတနှင့် ပါလီမန်ရွေးကောက်ပွဲကျင်းပမည့် တရုတ် (တိုင်ပေ) ၌ ထိလွယ်ရှလွယ်ကိစ္စဖြစ်ပြီး တရုတ်ဆန့်ကျင်ရေး မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

သမ္မတ သက်တမ်းကုန်ဆုံး၍ ရာထူးမှ ဆင်းပေးတော့မည့် မာရင်ဂျိုးသည် ၂၀၀၈ ခုနှစ်တွင် အာဏာရလာပြီးနောက် တရုတ်၏ အဓိကမူဝါဒနှင့်အညီ စီးပွားရေးတိုးတက်အောင်လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ၄င်းသည် နိုင်ငံရေးအရမတူကွဲပြားမှုများကို စုစည်းနိုင်ခြင်းမရှိသော်လည်း စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများတွင် သိသိသာသာ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။

မာရင်ဂျိုး၏ ကူမင်တန်ဟုလူသိများသော တရုတ်လိုလားသော အမျိုးသားပါတီသည် တရုတ်(တိုင်ပေ)ကို ဆက်လက်အုပ်ချုပ်ခွင့်ရလျှင် နှစ်နိုင်ငံဆက်ဆံရေးမှာ ဆက်လက်ကောင်းမွန်နိုင်သည်ဟုဆိုသည်။ ယင်းတွေ့ဆုံမှုတွင် တရုတ်နှင့်မည်သည့်သဘောတူညီချက်မျှ လက်မှတ်ရေးထိုးလိမ့်မည်မဟုတ်ကြောင်း၊ မာရင်ဂျိုး၏ရုံးမှ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

(ရိုက်တာ)

# တစ်နာရီလုပ်ခလစာ ၁၂ ဒေါ်လာအထိတိုးပေးရန် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်နိုင်ငံ၌ လက်ရှိတစ်နာရီလုပ်ခလစာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅ ဒေါ်လာမှ ၁၂ ဒေါ်လာအထိ တိုးမြှင့်ပေးရန် ဒီမိုကရက်တစ်သမ္မတလောင်းဟီလာရီကလင်တန်က အင်္ဂါနေ့တွင် အိုင်အိုဝါ၌ မဲဆွယ်စည်းရုံးစဉ်တိုက်တွန်း ဆော်သြလိုက်သည်။

အနည်းဆုံးအခကြေးငွေအပါအဝင်အလုပ်လုပ်နေသော အမေရိကန်များကို လုပ်ခလစာတိုးမြှင့်ပေးလိုကြောင်း ဟီလာရီကလင်တန်က ထပ်လောင်းပြောကြားလိုက်သည်။

“ကျွန်မအနေနဲ့အနည်းဆုံးအခကြေးငွေကိုတစ်နာရီ ၁၂ ဒေါ်လာအထိ တိုးပေးချင်တာပါ။ အဖွဲ့အစည်းတွေကို ကျွန်မအနေနဲ့ဖြစ်အောင်လုပ်ပေးနိုင်ဖို့ တိုက်တွန်းပါတယ်”ဟု ၄င်းက အိုင်အိုဝါပြည်နယ် ကော်ရယ်ဗီလီ၌ မဲဆွယ်စည်းရုံးစဉ် ထည့်သွင်းပြောဆိုလိုက်သည်။

အမေရိကန်မြို့ကြီးများနှင့် မြူနီစီပယ်ဒေသတို့၌ အနည်းဆုံးအခကြေးငွေကို ဗဟိုက သတ်မှတ်ထားသည့်နှုန်းထက် မြှင့်တင်ပေးရမည်ဖြစ်ကြောင်း အနည်းဆုံး အခကြေးငွေကို တစ်နာရီ ၁၅ ဒေါ်လာအထိ မြှင့်တင်ပေးသင့်ကြောင်း ၂၀၁၆ သမ္မတရွေးကောက်ပွဲ ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်ကို စိန်ခေါ်သူ ဘာမီဆောင်းဒါးက ပြောသည်။

(ရိုက်တာ)

# ဆက်သွယ်ရေးဂြိုဟ်တုသစ် တရုတ် ထပ်မံလွှတ်တင်


**စီကျန်း နိုဝင်ဘာ ၄**

တရုတ်နိုင်ငံသည် ဗုဒ္ဓဟူးနေ့နံနက်က ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံးကို စီကျန်းအနောက်တောင်ပိုင်း ဂြိုဟ်တုလွှတ်တင်ရေးဗဟိုဌာနမှ ဂြိုဟ်သွားလမ်းပေါ်သို့ လွှတ်တင်ခဲ့သည်။

အဆိုပါ China Sat 2C ဂြိုဟ်တုကို တာဝေးပစ်သရီးဘီဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလွှတ်တင်မှုသည် နိုင်ငံအတွင်းရှိ ရေဒီယိုအသံလွှင့်ဌာန၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများနှင့် ကေဘယ်ကွန်ရက်ချိတ်ဆက်မှုများတွင် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

အဆိုပါဂြိုဟ်တုအား China Satellite Communication ကုမ္ပဏီက ပိုင်ဆိုင်ပြီး တရုတ်အာကာသသိပ္ပံနှင့်နည်းပညာအဖွဲ့၏ ဆောင်ရွက်မှုဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)



# တောင်ဆူဒန်တွင် ရုရှားလေယာဉ်ပျက်ကျ၊ လူ ၄၁ဦးသေဆုံး

**ဂျူဘား နိုဝင်ဘာ ၄**

ခရီးသည်များစီးနင်းလိုက်ပါလာသော ရုရှားနိုင်ငံလုပ် ကုန်တင်လေယာဉ်သည် ဗုဒ္ဓဟူးနေ့က တောင်ဆူဒန်မြို့တော် လေဆိပ်မှ ထွက်ခွာလာပြီးနောက် မတော်တဆပျက်ကျခဲ့ရာ လေယာဉ်ပေါ်ရှိ ခရီးသည်များနှင့် မြေပြင်ရှိ ဒေသခံများအပါအဝင် စုစုပေါင်း ၄၁ ဦး သေဆုံးခဲ့သည်ဟု ဌာနဆိုင်ရာများနှင့် မျက်မြင်တွေ့ရှိသူများက ပြောသည်။

လေယာဉ်အမှုထမ်းတစ်ဦးနှင့် ကလေးငယ်တစ်ဦးသာလျှင် အသက်ရှင်လွတ်မြောက်ခဲ့သည်ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အက်တနီဝက်စ်က ရိုက်တာသို့ ပြောကြားခဲ့သည်။

ဂျူဘားလေဆိပ်မှ ပျံသန်းထွက်ခွာလာပြီးနောက် မကြာမီ နိုင်းမြစ်ကမ်းပါးပေါ်အရောက်တွင် လေယာဉ်စက်ချွတ်ယွင်းခဲ့ခြင်း ဖြစ်သည်။



လေယာဉ်အမှုထမ်းအပါ အဝင် ခရီးသည် ၂၀ ခန့် လိုက်ပါလာသည်ဟု ခန့်မှန်းရကြောင်း အက်တနီက ဆိုသည်။

လေယာဉ်ပေါ်တွင် ရုရှားနိုင်ငံသားလေယာဉ်အမှုထမ်း ငါးဦးနှင့် ရုရှားနိုင်ငံသား ခရီးသည်ခုနစ်ဦးတို့ လိုက်ပါလာကြောင်း တောင်ဆူဒန်သတင်းမီဒီယာက အစောပိုင်းက ဖော်ပြခဲ့သည်။

“ငါးဖမ်းသမားတွေ အလုပ်လုပ်နေတဲ့နေရာအနီးမှာ အန်တိုနေ့ဗ်လေယာဉ်ပျက်ကျခဲ့တာဖြစ်ပြီး မြေပြင်ပေါ်မှာရှိနေတဲ့လူတွေ သေဆုံးခဲ့ပါတယ်။ အရေအတွက်ကတော့ အတိအကျမသိရသေးပါဘူး” ဟု အက်တနီက ပြောခဲ့သည်။

သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

(ရိုက်တာ)

# ဒုက္ခသည်များအား လူဇင်ဘတ်သို့ ရွှေ့ပြောင်းနေရာချထားမှုကို ဂရိစတင်ဆောင်ရွက်

**အေသင် နိုဝင်ဘာ ၄**

ဂရိနိုင်ငံသည် ယခုနှစ်အတွင်း စုပြုံဝင်ရောက်လာကြသည့် ထောင်ပေါင်းများစွာသော ဒုက္ခသည်များဖြင့် ပြည့်နှက်နေသည့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများ၏ ဝန်ထုပ်ဝန်ပိုးကို လျော့ကျစေရန်အတွက် ဥရောပသမဂ္ဂက အဆိုပြုခဲ့သည့် အစီအစဉ်အရ နိုင်ငံရေးခိုလှုံ ခွင့်တောင်းခံသူများအား ၄င်း၏ပိုင်နက် နယ်မြေမှ လူဇင်ဘတ်သို့ ရွှေ့ပြောင်းနေရာချထားခြင်းကို ဗုဒ္ဓဟူးနေ့က စတင် အကောင်အထည်ဖော်ခဲ့သည်။

ဥရောပသမဂ္ဂက ယူရိုငွေ သန်းပေါင်း ၇၈၀ ထည့်ဝင်ခဲ့သော နှစ်နှစ်တာစီမံကိန်းအရ ပထမဦးစွာ ဆီးရီးယားမိသားစု လေးစုနှင့် အီရတ်မိသားစုနှစ်စုကို အေသင်မှ အိုးအိမ်နေရာ ပြန်လည်ရွှေ့ပြောင်းအခြေချပေးခဲ့ပြီးဖြစ်သည်။

ယခုနှစ်အတွင်း ဒုက္ခသည် ၅၈၀၀၀၀ ကျော် တူရကီနယ်စပ်ကိုဖြတ်သန်းကာ ဂရိနိုင်ငံအတွင်း ဝင်ရောက်ခဲ့ကြသည်။ ပဋိပက္ခဒဏ်ခံစားခဲ့ကြရသည့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူပေါင်း ၁၆၀၀၀၀ ခန့်ကို ဥရောပသမဂ္ဂက စက်တင်ဘာလ၌ ရွှေ့ပြောင်းခွင့်ပေးခဲ့သည်။ စီမံချက်အရ ဒုက္ခသည် ၈၆ ဦးကို အီတလီမှ ဆွီဒင်နှင့် ဖင်လန်နိုင်ငံများသို့ တိုက်ရိုက်ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။ အောက်တိုဘာ ၂၉ ရက် မတိုင်မီအထိ ကလေးငယ်များအပါအဝင် ဒုက္ခသည် ၄၃၅ ဦး သေဆုံးခဲ့ရသည်။ အေသင်နိုင်ငံတကာလေဆိပ်၏ လေယာဉ်ပြေးလမ်းပေါ်ရှိ လေယာဉ် နံဘေးတွင် လေယာဉ်ပျံသန်းထွက်ခွာခြင်းမပြုမီ ပြုံးပျော်နေသော မိသားစုများက ကလေးငယ်များကို ပွေ့ပိုက်လျက် ဂရိဝန်ကြီးချုပ် အလက်ဆစ် ဆီပရက်စ်၊ လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီး ဂျိန်းအက်ဖယ်ဘွန်းတို့နှင့်အတူ ဓာတ်ပုံများရိုက်ခဲ့ကြသည်။ ဒုက္ခသည်မိသားစုများအား အေသင်မြို့အနီး ပီရူးဆိပ်ကမ်းမြို့ရှိ လက်စဟိုကျွန်းပေါ်မှ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)

# ပိုလ်ချုပ်ကြေးရုပ် ဖျက်ဆီးခဲ့သူအား ထောင်ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်

**ကြံခင်း နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တရားရုံးက နိုဝင်ဘာ ၂ ရက်က နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို မဖွယ်မရာပြုလုပ်ဖျက်ဆီးခဲ့သော ပြစ်မှုကျူးလွန်သူ ဖြိုးကျော်ဌေး (၂၄ နှစ်) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ အရ အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အမှုမှာ လွန်ခဲ့သည့်ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သူ ဖြိုးကျော်ဌေးဆိုသူသည် ကြံခင်းမြို့ မက်သနောလမ်းနှင့် လမ်းမတော်လမ်းဆုံး အဝေးပြေးကားဝင်းအနီးရှိ ဗိုလ်ချုပ်အောင်ဆန်းနှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် မြို့သူမြို့သားများစုပေါင်းဆောင်ရွက်ထားရှိသော ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခင်းများ၊ မီးစလိုက်များကို ဝင်ရောက်ဖျက်ဆီးနေသဖြင့် အနီးရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးကာ ကြံခင်းမြို့မရဲစခန်းသို့ အပ်နှံခဲ့ပြီး ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေးကော်မတီက အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဇိရ)**

# ဘုရားပွဲဈေးတန်း၌ ဂက်စ်အိုးပေါက်ကွဲ၍ အမျိုးသမီးနှစ်ဦး မီးလောင်ဒဏ်ရာများရရှိ

**ရေစကြို နိုဝင်ဘာ ၄**

ရေစကြိုမြို့နယ် ဖူလုံကျေးရွာဘုရားပွဲဈေးတန်း၌ နိုဝင်ဘာ ၃ ရက်က ညနေပိုင်းက ဂက်စ်အိုးပေါက်ကွဲ၍ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားပွဲဈေးတန်းတွင် မိုးပျံပူဖောင်းပြုလုပ်ရောင်းချနေသော ထွန်းငွေ (၆၅နှစ်) သည် မိုးပျံပူဖောင်းရောင်းချရန် ဓာတ်ငွေ့ဖော်စပ်၍ ဂက်စ်အိုးအတွင်းသို့ထည့်စဉ် ဂက်စ်အိုးမှာပူလာပြီး ရေလောင်းနေခိုက် ဂက်စ်အိုး ပေါက်ကွဲ၍ အနီးရှိ ပွဲဈေးလာသူ မအိအိခိုင်(၂၁ နှစ်)နှင့် မယွန်းရွှေရည် (၂ နှစ်) တွင် ဆံပင်များမီးလောင်ဒဏ်ရာများရရှိသဖြင့် ထွန်းငွေအား ရေစကြိုမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။ **ကျော်ဇေယျ**

# ဟိုတယ်တွင်တည်းခိုနေသည့် ဂျပန်နိုင်ငံသားထံမှ နိုင်ငံခြားငွေနှင့် မြန်မာငွေများ ခိုးယူသူကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၄**

အောက်တိုဘာ ၅ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်ရှိ REAL LINK HOTEL အခန်းအမှတ် (၃၀၃)တွင် ခေတ္တတည်းခိုနေထိုင်သည့် ဂျပန်နိုင်ငံသား Mr.ICHIKA WAGO ၏ စားပွဲအံဆွဲအတွင်း ထည့်ထားသော ဂျပန်ယန်းငွေ၊ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅သိန်း ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား အရေးယူပေးရန် စကားပြန်ဖြစ်သူ ဒေါ်မာမာဦး (၄၂နှစ်) က လာရောက်တိုင်တန်းရာ ရန်ကင်းမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းခဲ့သည်။



ပြစ်မှုကျူးလွန်သူ တင်မျိုးဦး(ခ)နေမျိုး(ခ) ကျော်နိုင်ဦး (၂၄)နှစ်ကို ပျောက်ဆုံးငွေများနှင့်အတူ တွေ့ရစဉ်။

အမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ရန်ကင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းခဲ့ရာ အဆိုပါ အခန်းအတွင်းသို့ သန့်ရှင်းရေး ဝင်ရောက်လုပ်ကိုင်ရသူမှာ ဟိုတယ်သန့်ရှင်းရေးအလုပ်သမား နေမျိုးဖြစ်ပြီး ၎င်းသည် အခင်းဖြစ်ပွားပြီး နောက်ပိုင်း ဟိုတယ်မှ အကြောင်းမဲ့ထွက်ခွာသွားကာ ပျောက်ဆုံးနေကြောင်း သိရသည်။

အမှုမှ မသင်္ကာသူ နေမျိုး ဟိုတယ်သို့ အလုပ်လာရောက်လျှောက်ထားစဉ်က အသုံးပြု ခဲ့သည့် C.V Form ပါ အချက်အလက်များမှ နေရပ်လိပ်စာနှင့် ထောက်ခံစာနေရပ်လိပ်စာများ မှားယွင်းနေပြီး မှတ်ပုံတင်အမှတ် ၁၄/ကလန(နိုင်) ----- ဖြင့် ဆက်လက်စုံစမ်းခဲ့ရာ ကျိုက်လတ်မြို့နယ် စက်ကုန်းရွာနေ တင်မျိုးဦး(ခ)နေမျိုး(ခ)ကျော်နိုင်ဦးဖြစ်ကြောင်း၊ ၎င်းသည် မိသားစုနှင့် အဆက်အသွယ်ပြတ်နေကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး စဉ်ဆက်မပြတ် လိုက်လံစုံစမ်းခဲ့ရာ အောက်တိုဘာ ၂၂ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က တင်မျိုးဦး(ခ)နေမျိုး(ခ) ကျော်နိုင်ဦး(၂၄ နှစ်)အား ၎င်းတည်းခိုနေထိုင်သည့် လှိုင်သာယာမြို့နယ် (၂)ရပ်ကွက် မလိခ (၃)လမ်းအတွင်းရှိ အဆောင်တစ်ခု၌ ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးချက်အရ တင်မျိုးဦး(ခ) နေမျိုး(ခ)ကျော်နိုင်ဦးသည် ညီဖြစ်သူ ကျော်နိုင်ဦး၏မှတ်ပုံတင်ကို Scan ဖတ်ပြီး အတုပြုလုပ်၍ REAL LINK HOTEL သို့ အလုပ်လျှောက်ခဲ့ပြီး ဟိုတယ်သန့်ရှင်းရေး အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီခန့်က Mr.ICHIKA WAGO တည်းခိုနေထိုင်သည့် အခန်းအမှတ်(၃၀၃)သို့ သန့်ရှင်းရေးဝင်ရောက်လုပ်ကိုင်ရင်း စားပွဲအံဆွဲအတွင်းမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် (၁၄)ရွက်၊ ထိုင်းဘတ်ငွေ ၁၀၀၀ တန် နှစ်ရွက်၊ တရုတ်ယွမ်ငွေ ၁၀၀ တန် နှစ်ရွက်နှင့် ဂျပန် ယန်းငွေ ၁၀၀၀၀ တန် နှစ်ရွက်တို့ကို ခိုးယူခဲ့ကြောင်း၊ ခိုးယူရရှိခဲ့သည့်ငွေများအနက် အမေရိကန်ဒေါ်လာများကို အင်းစိန်မြို့နယ် ပေါက်တောဝ မီးပွိုင့်အနီးရှိ ပုဂ္ဂလိကဘဏ်တစ်ခုတွင်လည်းကောင်း၊ ကျန်ငွေများကို ဆူးလေဘုရားအနီးရှိ ဓာတ်ပုံတိုက်တစ်ခု၌လည်းကောင်း လဲလှယ်ခဲ့ရာ စုစုပေါင်းမြန်မာငွေကျပ် ၁၉၈၀၀၀၀ ရရှိခဲ့ကြောင်း၊ ရရှိငွေများဖြင့် TVS Apache RTR 160 အမျိုးအစားအနက် အစိမ်းရောင် ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၁၇ သိန်းဖြင့်လည်းကောင်း၊ VIVO V-I အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်း တစ်လုံးကို ငွေကျပ် ၂၇၈၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းများကို လိုက်လံသိမ်းဆည်းပြီး ၎င်းအား အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာ အဲဗားဝင်းနားကုမ္ပဏီ မြေစာပုံအနီးရှိ ပျံကျတဲသို့ ဝင်ရောက်ရှာဖွေရာ တဲအတွင်း သန်းဝင်းအေး(ခ)ငယ်အေးထံမှ (ဘိန်းဖြူအလေးချိန် ၀ ဒသမ ၁၄ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၃ ရက်က ကျိုင်းတုံမြို့ရှိ ရွှေဥဒေါင်းကားဂိတ်မှူး၏ ဖုန်းဆက်သတင်းပေးချက်အရ ကားဂိတ်တွင် ပါဆယ်လာပို့သည့် ခရီးသည် မမီညာ(ခ) အားမီ(ခ) စနေထွေး၏ ခရီးဆောင်အိတ်ကို မသင်္ကာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ မြန်မာငွေကျပ် ၃၀၀၀ တို့ကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် ရေနီမြို့ ငွေးသုံးပင်ကျေးရွာ ရှိ မမြင့်မြင့်ရီ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၃ ပြားနှင့် မြန်မာငွေကျပ်တစ်သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ခုံသမာဓိဆုံးဖြတ်ချက် အလုပ်ရှင်က မလိုက်နာသဖြင့် အထည်ချုပ်စက်ရုံ အလုပ်သမားများ ဆန္ဒထုတ်ဖော်




ရန်ကုန် နိုဝင်ဘာ ၄

**နိုင်ငံတော်က အနည်းဆုံးလုပ်ခလစာကို ငွေကျပ် ၃၆၀၀ သတ်မှတ်ပေးခဲ့ပြီး အဆိုပါသတ်မှတ်ချက်နှင့်အတူ လိုက်နာရန်အချက်(၅)ချက်ပါရှိရာ မလိုက်နာသော အလုပ်ရှင် အချို့ကြောင့် လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံအချို့မှ အလုပ်သမားများအခက်အခဲရင်ဆိုင်နေရသည်။ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးသည့်တိုင် လိုက်နာမှုအားနည်းသည့်အတွက် မြောက်ဘက်ကမ်းခြေ (North Shore) အထည်ချုပ်စက်ရုံမှ အလုပ်သမား ၈၀၀ ခန့် အောက်တိုဘာ ၂၇ ရက်မှစ၍ ယနေ့အထိ ဆန္ဒထုတ်ဖော်လျက်ရှိပြီး အလုပ်ရှင်က ခုံသမာဓိ၏ဆုံးဖြတ်ချက်ကို လိုက်နာမှုမရှိဘဲ ဆက်လက်ဆောင်ရွက်နေသဖြင့် လိုက်နာသည်အထိ ဆက်လက်ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း အဆိုပါစက်ရုံအလုပ်သမားများထံမှ သိရသည်။**

"ကျွန်တော်တို့အချက် သုံးချက်တောင်းဆိုတာပါ။ ဥပဒေမှာ ရှောင်တခင်ခွင့် သုံးရက်ခံစားနိုင်ကြောင်း သတ်မှတ်ပေးထားပေမယ့် စက်ရုံမန်နေဂျာအမျိုးသမီးက နှစ်လမှာ တစ်ရက်ပဲပေးတယ်။ ဒါကြောင့် အလုပ်ရှင်အလုပ်သမားကြား ဥပဒေနဲ့အညီ မျှတတဲ့မန်နေဂျာတစ်ဦးခန့်ထားပေးဖို့ တစ်ချက်တောင်းဆိုထားတယ်။ ပြီးတော့ ၂၀၄ ဦး အလုပ်ထုတ်ခံရတဲ့အတွက် စက်ရုံကိုမှီခိုပြီး ဘဝရပ်တည်နေရတဲ့သူတွေဖြစ်တာကြောင့် အလုပ်ပြန်ခန့်ထားပေးဖို့နဲ့ ငွေကျပ် ၃၆၀၀မထုတ်ပြန်ခင် နောက်ဆုံးထုတ်လစာရဲ့ အိုတီကြေး၊ အိုတီဘောနပ်ကြေးမပါ ငွေကျပ် ၁၀၈၀၀၀ ထက် ပိုတဲ့ငွေကို ထောက်ပံ့ကြေးအဖြစ် တိုင်ငါးတိုင် သတ်မှတ်ပေးထားရာမှာ တိုင်တစ်တိုင်အဖြစ် သတ်မှတ်ပေးရန်ဆိုတဲ့ အချက်သုံးချက်ကို တောင်းဆိုနေကြတာပါ။ ခုံသမာဓိက သဘောတူသတ်မှတ်ထားပေမယ့် အလုပ်ရှင်က လက်မခံဘူး။ လက်ခံတဲ့အထိ ဆက်လက်ဆန္ဒပြသွားမယ်လို့ အလုပ်သမားတွေ ဆုံးဖြတ်ထားတယ်" ဟု ထိုစက်ရုံမှ အလုပ်သမားကိုယ်စားလှယ် ကိုသူရက ပြောသည်။

လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံပေါင်း ၄၀၀ ကျော်တွင် လုပ်ခလစာ ငွေကျပ် ၃၆၀၀ သတ်မှတ်ပြီးနောက်ပိုင်းစက်ရုံပေါင်း ၁၂၀ ကျော် အလုပ်ရှင် အလုပ်သမားပြဿနာ ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ စက်ရုံ ၇၀ ကျော်ကို မြို့နယ်ဌာနဆိုင်ရာနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ လက်ရှိတွင် ခုံသမာဓိက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ မြို့နယ်မှ အိုပယ်အထည်ချုပ်စက်ရုံ၊ ငွေကံကော်နှင့် လပ်ကီးရှူးစက်ရုံတို့မှ အလုပ်ရှင်အလုပ်သမားပြဿနာကို ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်မှုဇုန်(၄)၊ မြဝတီမင်းကြီးလမ်းရှိ မြောက်ပိုင်းကမ်းခြေ အထည်ချုပ်စက်ရုံမှာ ယခုနှစ်တွင် သုံးကြိမ်မြောက် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၁၂)**

## နိုင်ငံတကာသတင်း

# ရန်ဂျာနီမီးတောင်မှ ပြာမှုန်များ ပန်းထွက်လာသဖြင့် ဘာလီလေဆိပ် ပိတ်ထားရ

**ဂျကာတာ နိုဝင်ဘာ ၄**

အင်ဒိုနီးရှားတွင် ကျွန်းတစ်ခုရှိ မီးတောင်မှပြာမှုန်များ ပန်းထွက်လာသဖြင့် ဘာလီလေဆိပ်တွင် နိုင်ငံတကာခရီးစဉ်ရာပေါင်းများစွာအား ဖျက်သိမ်းခဲ့ရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။ အဆိုပါကျွန်းမှ ငူရတ်ရိုင်းလေဆိပ်အား ကြာသပတေးနေ့နံနက်အထိ ပိတ်ထားမည်ဖြစ်ပြီး အခြေအနေကိုပြန်လည်သုံးသပ်ကာ လေဆိပ်ပြန်ဖွင့်မည်ဟုတာဝန်ရှိသူများက ကြေညာခဲ့သည်။ လန်ဗုတ်ကျွန်းပေါ်ရှိ ရန်ဂျာနီမီးတောင်မှ ပြာမှုန်များသည် လွန်ခဲ့သောသီတင်းပတ်မှစပြီး ပန်းထွက်ခဲ့သည်။ မိုးလေဝသဌာန၏ကြေညာချက်အရ မီးတောင်ပေါက်ကွဲမှုများ ပိုမိုဖြစ်လာနိုင်သည်ဟုဆိုသည်။ခရီးသွားအများဆုံးလာရောက်သည့်ဇူလိုင်လအတွင်းတွင်လည်း အရှေ့ဂျာဗားရှိ ရောင်း မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီတွင် ခရီးသည်ဦးရေ သောင်းချီပြီး သောင်တင်ခဲ့သည်။ **ဂျေတီ**



# မဒမ်မောင်ဦး မဲရုံမှူး

မောင်ဦး(ယူအီးစီ)

ဒီနေ့မှ ထူးထူးခြားခြားအိမ်ပြန်နောက်ကျသော မိန်းမဖြစ်သူကိုကြည့်ရင်း မောင်ဦးတစ်ယောက် လှမ်းမေးလိုက်မိသည်။

**မောင်ဦး။** ဟေ့ မိန်းမ နောက်ကျလှချည်လားကွ။ ဘာလဲ မင်းတို့ ကျောင်းမှာ အချိန်ပိုဆင်းရပြန်ပြီလား။

**မဒမ်မောင်ဦး။** အမလေး- ကိုမောင်ဦးရယ်၊ ရှင့်ကိုမြင်လိုက်ရတာ သိကြားနဲ့တွေ့ရသလိုပဲ။

**မောင်ဦး။** ဟေ- ဘယ်လိုဖြစ်လို့လဲ၊ နို့ဆီဈေးတက်သွားလို့ သကြားပြန်သုံးတော့မလို့လား။

**မဒမ်မောင်ဦး။** ကြည့်- စကားအကောင်းပြောမလို့ဟာကို၊ တကယ်တည်း- ရှင့်မိန်းမ အခုဘာဖြစ်လာပြီလဲ သိလား။

**မောင်ဦး။** ငါက အိမ်မှာလေ၊ မင်းက ခုမှ ကျောင်းကပြန်လာတာလေ၊ ငါက နတ်မျက်စိရနေလို့ အလိုလို နေရင်း သိနေရမှာလားဟ။

**မဒမ်မောင်ဦး။** ဟုတ်ပါပြီ။ ထားပါတော့။ ကျုပ်လေ ခုလာမယ့် ရွေးကောက်ပွဲမှာ မဲရုံမှူးလုပ်ရမယ်တဲ့။ ဒီနေ့ပဲ ကျောင်းက သိလာရတာ။ အဲဒါရှင့်ကို ပြောပြမလို့ရယ်၊ ရှင့်ကိုမေးစရာတစ်ခုရှိလို့ရယ်ကြောင့် ရှင့်ကိုမြင်မြင်ချင်း သိကြားနဲ့တွေ့ရသလိုပဲလို့ ပြောတာရှင့်၊ သိပြီလား။

**မောင်ဦး။** ဟဲဟဲ- ဒါကြောင့် ရှေးလူကြီးတွေကပြောတာပေါ့၊ မသိရင်မေး မစင်ရင်ဆေးတဲ့။ ကဲ-ကဲ မေးစေဗျား။ နို့- နေပါဦး၊ မင်းက ခုမှ ထူးထူးခြားခြားဘာမေးမလို့လဲ။ အရင်ကြားဖြတ်ရွေးကောက်ပွဲတုန်းကလည်း မင်းမဲရုံမှူးလုပ်ဖူးတယ်လေ၊ ခုကျမှဘာဖြစ်ရတာတုံး။

**မဒမ်မောင်ဦး။** ရှင်ဟာလေ- တော်တော်ကို စကားရှည်တယ်၊ ကျုပ်လုပ်ဖူးတာ ကျုပ်သိတယ်။ ခုတစ်ခေါက်က အရင်ရွေးကောက်ပွဲတွေနဲ့ တူတာမဟုတ်ဘူး။ ရွေးကောက်ပွဲရဲ့ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မျှတမှု၊ ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်မှုစတာတွေကို မှတ်ကျောက်တင်ခံဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူတွေ ဖိတ်ခေါ်ထားတယ်ဆိုပဲ။

**မောင်ဦး။** သြော်-မင်းဆိုလိုတာ ငါသိပြီ။ ဒါနဲ့ပဲ ရွေးကောက်ပွဲလေ့လာရေးသွားဖူးတဲ့ မင်းယောကျ်ားကို အားကိုးတကြီးမေးတော့မယ် ဆိုပါတော့။

**မဒမ်မောင်ဦး။** အင်းပေါ့၊ ကျုပ်တို့ဆရာ ဆရာမတွေဆိုတာက နိုင်ငံခြားသားတွေနဲ့ ထိတွေ့ဆက်ဆံဖူးတာမှ မဟုတ်တာ၊ နည်းနည်းတော့စိုးရိမ်တာပေါ့။ နောက်ပြီး သူတို့က ဘာလာလုပ်မှာတုံး။ ရွေးကောက်ပွဲပဲ ဘာထူးဆန်းတာမှတ်လို့၊ မဲပေးပြီး ပြီးသွားတာပဲဟာ၊ သူတို့လာလို့ရော ဘာအကျိုးရှိမှာမို့လို့လဲ။

**မောင်ဦး။** ဒါက ဒီလိုရှိတယ် မိန်းမရဲ့၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေဆိုတာက ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံတွေရဲ့ ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံဖို့၊ အသွင်ကူးပြောင်းမှုကို အသိအမှတ်ပြုပြီး တစ်နိုင်ငံမှာကြုံတွေ့ရတဲ့ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲတွေ စိန်ခေါ်မှုတွေ၊ ဖြေရှင်းပုံနည်းစနစ်တွေကို အခြားနိုင်ငံတွေမှာ ပြန်လည်မျှဝေဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ လေ့လာတာကွ၊ ဘာလို့လဲဆိုတော့ကွာ ရွေးကောက်ပွဲဆိုတာက မင်းလည်းကြားဖူးပါတယ်၊ နှစ်ဖက်စလုံးအနိုင်လို့ခေါ်တဲ့၊ အဲ- အင်္ဂလိပ်လိုဆိုရင် win-win situation ပေါ့၊ နှစ်ဖက်စလုံးအနိုင်ဆိုတာ ဘယ်လိုမှမရနိုင်ဘူးလေ။ အဲ့ဒီတော့ နိုင်တဲ့ဘက်က ကောင်းတဲ့ရွေးကောက်ပွဲလို့ ပြောချင်မှပြောမယ်။ အဲ- ရှုံးတဲ့ဘက်ကတော့ တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲလို့ ပြောကြမှာပဲ၊ ဟုတ်တယ်မို့လား၊ ဒါလူ့သဘာဝပဲလေ။

**မဒမ်မောင်ဦး။** နည်းနည်းတော့ နားလည်သလိုပဲ၊ ထပ်ရှင်းပေးပါဦး။

**မောင်ဦး။** ဆိုကြပါစို့ကွာ။ နိုင်မယ်လို့နာမည်ကြီးနေတဲ့ ပါတီတစ်ခုက သူထင်ထားသလောက် မဲရချင်မှရမယ်။ ဘာလို့လဲဆိုတော့ လူထုက သူ့အတွက် အကောင်းဆုံးလုပ်ပေးနိုင်မယ့်သူ့ကိုပဲရွေးကြမှာပဲလေ။ အဲ့ဒီအခါမှာ အဲ့ဒီပါတီက ဒီရွေးကောက်ပွဲဟာ မျှတမှုမရှိပါဘူး။ မသမာမှုတွေရှိပါတယ်ဆိုပြီး ပြောလာဆိုလာရင်၊ ရွေးကောက်ပွဲအဖြေကို လက်မခံဘဲ ငြင်းပယ်ဖို့ကြိုးစားလာရင် သူ့ပါတီကိုထောက်ခံတဲ့လူထုကလည်း ထင်ယောင်ထင်မှားဖြစ်မယ်၊ အဲ့ဒီကနေတဖြည်းဖြည်းပိုဆိုးလာခဲ့ရင် လူထုအုံကြွမှုတွေဖြစ်ပြီး တိုင်းပြည်မှာ ဆူဆူပူပူတွေဖြစ်လာမှာပေါ့။ ဒါမျိုးမဖြစ်ရလေအောင်ရယ်၊ တိုင်းပြည်ကသွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်း မတိမ်းမစောင်းဘဲ တည့်တည့်မတ်မတ်သွားနိုင်အောင်ဆိုပြီး ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကို ဖိတ်ခေါ်ထားတာပေါ့။

**မဒမ်မောင်ဦး။** ရှင်ပြောတော့လည်း ဟုတ်သလိုပဲ။ နို့- နေပါဦး၊ သူတို့ ရှိနေတော့ရော ရှုံးတဲ့ပါတီက ဘာမှမပြောတော့ဘူးတဲ့လား။

**မောင်ဦး။** မင်း အဲ့ဒါခက်တာပဲ။ အရိပ်ပြအကောင်မြင်ပြီး ကျန်တာတော့ ကိုယ့်ဟာကိုယ် ဆက်တွေးယူလေကွာ။ ကမ္ဘာပေါ်မှာ နိုင်ငံတော်တော်များများရဲ့ ရွေးကောက်ပွဲတွေကို စောင့်ကြည့်လေ့လာဖူးပြီး ဂုဏ်သိက္ခာအစဉ်အလာကြီးမားတဲ့ အဖွဲ့အစည်းကြီးတွေ ရှိနေပါလျက်နဲ့ လွတ်လပ်တရားမျှတတာကို မမျှတပါဘူး၊ မလွတ်လပ်ပါဘူးလို့ပြောရင် သူ့ထက်မိုက်တာတောင် သူ့လောက်မမိုက်ဘူးလို့ ပြောရမလိုတောင်ဖြစ်နေတော့မယ်။ နောက်ပြီး မင်းနားလည်အောင် တစ်ခုပြောပြမယ်။ မင်းယောကျ်ား နီပေါနိုင်ငံရဲ့ ရွေးကောက်ပွဲကို သွားလေ့လာခဲ့တာမှတ်မိတယ်မဟုတ်လား။

**မဒမ်မောင်ဦး။** မှတ်မိပါ့တော်။ ရှင်တောင်မှ ကျုပ်အတွက် ဟိမဝန္တာတောင်က ရေခဲပြင်တွေကနေထုတ်ထားတဲ့ ရေသန့်တစ်ဘူးသယ်လာသေးတယ်လေ။ ကြံကြံဖန်ဖန်တော်၊ နိုင်ငံခြားကရေများ သူမို့တကူးတက အလေးခံသယ်လာတယ်။ လုမ္ဗိနီသွားပြီး ဘုရားလေးတစ်ဆူလောက် အိမ်မှာကိုးကွယ်ဖို့ ပင့်လာရင်တော်သေး။

**မောင်ဦး။** ဒါကတော့ကွာ မင်းကလည်း၊ ငါ့ဝါသနာနဲ့ငါကိုးကွ၊ ထားပါတော့။ ပြောချင်တာက နီပေါမှာ ရွေးကောက်ပွဲပြီးတဲ့နေ့ နောက်တစ်နေ့မှာ မဲရေတော့ မော်ပါတီက ရှုံးရိပ်ပြနေတယ်။ သူတို့ပါတီ အခြေအနေမလှတာလည်းသိရော ပါတီခေါင်းဆောင်လုပ်တဲ့သူကသူ့ပါတီဝင်တွေကို မဲရေတွက်တာကို ဆက်ပြီးစောင့်ကြည့်တာမျိုး မလုပ်ဘဲသပိတ်မှောက်ကြဖို့ နှိုးဆော်တယ်လေ၊ လူထုကလည်း ဟိုထင်ဒီထင်ထင်ကုန်ကြတာပေါ့၊ အဲ့လိုနဲ့ ရှုတ်ရှုတ်သဲသဲ ဖြစ်တော့မလို့လေ ဒါနဲ့ပဲ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေတဲ့ ကာတာစင်တာဆိုတာ နီပေါမှာရှိနေတယ်လေ။ မင်းသိတယ်မဟုတ်လား။ အမေရိကန်သမ္မတဟောင်းကြီး ဂျင်မီကာတာထောင်ထားတဲ့အဖွဲ့လေ။

**မဒမ်မောင်ဦး။** သိတယ် သိတယ်။ ရှင်တောင်မှ အမှတ်တရဆိုပြီး သူနဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံကို လူတကာလိုက်ကြွားနေတာလေ။

**မောင်ဦး။** အာ- ဒီမိန်းမခက်တော့နေပါပြီ၊ ငါ့စကားမဆုံးသေးဘူးဟ။ ဒါနဲ့ပဲ မစ္စတာ ဂျင်မီကာတာကိုယ်တိုင် ကျွန်တော်တို့လည်း ဒီရွေးကောက်ပွဲမှာ နီပေါနိုင်ငံသားများနဲ့အတူ စောင့်ကြည့်လေ့လာခဲ့ပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေအားလုံးဟာ သမာသမတ်ကျမျှတမှုရှိတဲ့အတွက် ရွေးကောက်ပွဲရလဒ်ကို တည်တည်ငြိမ်ငြိမ်နဲ့လက်ခံကြဖို့ ဝင်တိုက်တွန်းပြောဆိုတဲ့အခါကျတော့မှ မော်ပါတီက လက်ခံတော့တာဟေ့၊ နို့မို့ဆိုလို့ကတော့ နောက်ဆက်တွဲတွေကမတွေးဝံ့စရာပဲ။ ဘာလို့လဲဆိုတော့ ဒီမိုကရေစီနုနယ်တဲ့နိုင်ငံတွေမှာ ပါတီတစ်ခုက သူ့ရဲ့ကိုယ်ကျိုး စီးပွားတစ်ခုတည်းကိုပဲကြည့်ပြီး ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်တာတွေ၊ လူထုကို လမ်းပေါ်ဆွဲတင်တာကနေ ဆူဆူပူပူဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရတဲ့ဖြစ်ရပ်တွေ နိုင်ငံတကာမှာ ပြည့်နေတာပဲ။

**မဒမ်မောင်ဦး။** အင်း- ဟုတ်တယ်နော်။ ရှင်ပြောတာ နားထောင်လို့လည်းကောင်းပါရဲ့၊ ကျွန်မသိချင်တာ ရှိသေးတယ်ရှင့်၊ အဲ့ဒီ ရွေးကောက်ပွဲလေ့လာသူတွေဆိုတာက မဲရုံတွေကိုရော လာမှာလား။

**မောင်ဦး။** ဟ- ရွေးကောက်ပွဲလေ့လာပါတယ်ဆိုမှ မဲရုံကို မလာလို့ ဘယ်လှည်းသမားအိမ်သွားမှာတုံး။

**မဒမ်မောင်ဦး။** ရှင်ကလည်းတော်၊ မသိလို့မေးပါတယ်ဆိုမှ၊ တကယ်တည်း။

**မောင်ဦး။** ဟဲဟဲ- စတာပါ မိန်းမရယ်၊ ပဏ္ဍိတ ကိုမောင်ဦး၊ မောင်ဦးကို ပညာရှိလို့မင်းသိရင် ပြီးတာပါပဲ။ သူတို့က မဲရုံတွေကိုလာမှာဗျာ။ ရိုးရိုးလာမှာတင်မဟုတ်ဘူး၊ မနက်အစောကြီး မဲရုံမဖွင့်ခင်ကတည်းက ရောက်လာမှာ၊ ပြီးတော့ မင်းတို့မဲရုံမှူးတွေ အနေနဲ့ မဲရုံဖွင့်နိုင်အောင် မဲရုံအခင်းအကျင်း စီမံဆောင်ရွက်တာတွေက ကော်မရှင်ရဲ့ညွှန်ကြားချက်နဲ့အညီဖြစ်မဖြစ်၊ မဲရုံသုံးပစ္စည်းတွေဖြစ်တဲ့မဲပုံးတွေ၊ မဲလက်မှတ်တွေ၊ ဖြည့်သွင်းရမယ့်ပုံစံတွေ၊ လက်မှာသုတ်မယ့်မင်တွေ၊ မဲပုံးလုံခြုံရေးကြိုးတွေ၊ မဲရုံအဖွဲ့ဝင်တွေ၊ မဲရုံလုံခြုံရေးတွေ၊ မဲရုံမဖွင့်မီရောက်ရမယ့် ကြိုတင်မဲပုံးတွေ အချိန်မီ ရောက်မရောက်၊ မဲရုံကိုသတ်မှတ်ချိန် မနက် ၆ နာရီမှာ ဖွင့်နိုင်ခြင်းရှိမရှိ၊ တစ်ခါမဲပေးတဲ့အချိန်မှာလည်း လူထုက စနစ်တကျမဲပေးနိုင်ခြင်းရှိမရှိ၊ မဲပေးတဲ့အချိန်မှာမမျှော်လင့်တဲ့ အငြင်းပွားမှုတွေ ပြဿနာဖြစ်မှုတွေကိုလည်း မဲရုံမှူးတွေကဘယ်လို ဖြေရှင်းသလဲဆိုတာတွေ၊ နောက်ပြီး မဲရုံကိုလည်း ပိတ်ရမယ့်အချိန်မှာ ပိတ်နိုင်ခြင်းရှိမရှိ၊ မဲရုံပိတ်သိမ်းကြောင်း ကြေညာပြီးတာနဲ့ မဲရေတွက်ခြင်းရှိမရှိ၊ ညဘက် မဲရေတဲ့နေရာမှာလည်း အလင်းရောင်ကောင်းကောင်းရမရဆိုတာတွေကို သူတို့က အသေးစိတ်လေ့လာစောင့်ကြည့်မှာကွ။ ပြီးရင် သူတို့က အစီရင်ခံစာထဲမှာ တွေ့ရှိချက်တွေကို ထည့်ရေးဦးမှာ။ ဒါကြောင့် မင်းကို ကြုံတုန်းမှာလိုက်ဦးမယ်။ သိပ်မကြာခင် မင်းတို့မဲရုံမှူးတွေကို သင်တန်းပေးဦးမှာ မဟုတ်လား။ အေး- အဲ့ဒီအခါကျရင် သေချာဂရုတစိုက်မှတ်သားပြီး ရွေးကောက်ပွဲနေ့မှာ စနစ်တကျစီမံခန့်ခွဲနိုင်အောင် ပြင်ဆင်ပေတော့။ နောက်တစ်ခုက ရွေးကောက်ပွဲစီမံခန့်ခွဲတာတို့၊ မဲရုံမှူးတို့ဆိုတာက စီမံခန့်ခွဲရတာ တစ်ခုတည်းတင်မဟုတ်ဘူးကွ၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းစဉ်တစ်မျိုးပဲကွ၊ ဒါကြောင့် ရွေးကောက်ပွဲနေ့မှာ မင်းတို့မဲရုံမှူးတွေက ကိုယ့်ရဲ့လုပ်ပိုင်ခွင့်တွေ၊ ကိုယ်လိုက်နာရမယ့်ကျင့်ဝတ်စည်းမျဉ်းမူဘောင်အတွင်းကနေပြီး ပြည်သူလူထု စိတ်လက်ကြည်သာစွာမဲပေးနိုင်ရေး ဝန်ဆောင်မှုပေးရမှာ။ ကဲပါလေ- ငါပြောတာလည်း တော်တော်ရှည်သွားပြီ၊ မင်းထပ်သိချင်တာရှိလည်း အပြန်မှသာ မေးပေတော့။ ၆ နာရီခွဲမှာ အာဆင်နယ်နဲ့မန်ယူပွဲရှိလို့ ငါတော့လစ်ပြီ။ ထမင်းအပြန်မှစားမယ်။

**မဒမ်မောင်ဦး။** ကြွ . . . ကြွ။

> ကမ္ဘာပေါ်မှာ နိုင်ငံတော်တော်များများရဲ့ ရွေးကောက်ပွဲတွေကို စောင့်ကြည့်လေ့လာဖူးပြီး ဂုဏ်သိက္ခာအစဉ်အလာကြီးမားတဲ့ အဖွဲ့အစည်းကြီးတွေရှိနေပါလျက်နဲ့ လွတ်လပ်တရားမျှတတာကို မမျှတပါဘူး၊ မလွတ်လပ်ပါဘူးလို့ပြောရင် သူ့ထက်မိုက်တာတောင် သူ့လောက်မမိုက်ဘူးလို့ ပြောရမလိုတောင် ဖြစ်နေတော့မယ်

## သရက်ချောင်းသို့ ဒါနရှေ့ဆောင်မြန်မာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ လေ့လာ

**သရက်ချောင်း နိုဝင်ဘာ ၄**

နိုဝင်ဘာ ၄ ရက်က ဒါနရှေ့ဆောင် မြန်မာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့သည် သရက်ချောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့လာရောက်လေ့လာခဲ့ပြီး



အဆိုပါအဖွဲ့တွင် အဖွဲ့ဝင် ၃၀ ပါဝင်သည်။ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ရေးအဖွဲ့က မေးမြန်းကြရာတွင် သရက်ချောင်းမြို့နယ်အတွင်း မဲရုံအရေအတွက်၊ မဲပေးပိုင်ခွင့်ရှိသူဦးရေ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ ဆောင်ရွက်ထားရှိမှု၊ ကြိုတင်ဆန္ဒမဲပုံးများ လုံခြုံရေးကြိုးဖြင့် ချိပ်ပိတ်ဆောင်ရွက်ထားရှိမှုနှင့် ဆန္ဒမဲလက်မှတ်များ သိမ်းဆည်းထားရှိမှု အခြေအနေတို့ကိုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဖေသိန်းနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

နိုင်ဝင်း (မြန်/ဆက်)

## ကသာခရိုင်အတွင်း မြို့နယ်များတွင် ပါတီအလိုက် မှတ်ပုံတင်ဆောင်ရွက်ထား

**ကသာ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ ပါတီအလိုက် မှတ်ပုံတင်ဆောင်ရွက်မှုအခြေအနေများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၂၀ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သုံးဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၂၃ ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီက ၂၃ ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက လေးဦး၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီက ကိုးဦး၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီက နှစ်ဦး၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီက ငါးဦး၊ တစ်သီးပုဂ္ဂလပါတီက နှစ်ဦးတို့ဖြစ်ကြောင်း ခရိုင်ကော်မရှင်တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လှအောင် (ကသာ)

# ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)ဖွင့်လှစ်



နေပြည်တော် နိုဝင်ဘာ ၄

**''ကံ'' ဘယ်သူမပြုမိမိမှု ကျန်းမာရေးကိုဂရုပြု။ ''စိတ်'' စိတ်ချမ်းသာမှ ကိုယ်ကျန်းမာ၏။ ''ဥတု'' ဥတုအကြိုက်နေထိုင်လိုက်မှ ကျန်းမာသုခပြည့်စုံရ၏။ ''အာဟာရ''အာဟာရ မျှတမှကျန်းမာကြ၏။ ''ကံ၊ စိတ်၊ ဥတု၊ အာဟာရ လိုက်နာဆောင်ရွက်မှ လူတိုင်းကျန်းမာကြ''ဟု တိုင်းရင်းဆေးသမားတော်များက ဆိုသည်။**

နိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ်များရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူလူထု ပိုမိုအားကိုးအားထားပြုလာနိုင်စေရန်၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးနိုင်ရန်၊ အစွမ်းထက်တိုင်းရင်းဆေးဝါးနှင့် ကုထုံးများအား သုတေသနပြုဆောင်ရွက်နိုင်ရန်၊ မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များအား စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)ကို ယနေ့နံနက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယခုဖွင့်လှစ်သည့် တိုင်းရင်းဆေးရုံကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် တည်ရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၉၁၈ ဒသမ ၁၇ သန်းကုန်ကျခံတည်ဆောက်ခဲ့သည့် ဆေးရုံဖြစ်သည်။ အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ ၊ အမြင့်၂၄ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်သည်။

"အနောက်တိုင်းဆေးကောင်းသလိုပဲ တိုင်းရင်းဆေးကောင်းတာတွေ အများကြီးရှိပါတယ်။ သာမန်ရောဂါဖြစ်တယ်ဆိုရင် အလွယ်တကူလည်းရ၊ ငွေကုန်ကြေးကျလည်းသက်သာတဲ့ တိုင်းရင်းဆေးနည်းတွေရှိတာကြောင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ တိုင်းရင်းဆေးအနေနဲ့ တော်တော်များများ တာဝန်ယူပေးနိုင်တဲ့အနေအထားရှိပါတယ်။ ဒါတွေက တိုင်းရင်းဆေးရဲ့အားသာချက်တွေပါ။

တိုင်းရင်း ဆေးရုံကြီးတွေမှာ အဓိကကုသပေးတဲ့ ရောဂါတွေက လေငန်းရောဂါ၊ အကြော၊ အရိုး၊ အဆစ်ရောဂါ၊ ကလေးရောဂါ၊ အမျိုးသမီး မီးယပ်နဲ့ ပတ်သက်တဲ့ရောဂါနဲ့အထွေထွေရောဂါတွေကို ကုသပေးနေပါတယ်။ ရှေးရိုးနည်းတွေကို ဖော်ထုတ်ပြီး ပြန်လည်ကုသပေးနေတဲ့အနေနဲ့ ပေါင်းချွေးထုတ်တာတို့၊ အကြောပြင်တာတို့၊ ကြပ်ထုပ်ထိုးတာတို့ ဒါတွေကိုလည်း လုပ်ပေးပါတယ်" ဟု ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ (နေပြည်တော်)ဆေးရုံအုပ်ကြီး သမားတော် ဦးဝေဝင်းက ပြောသည်။

"ဆေးဝါးမှာ အဓိက အုပ်စုကြီး သုံးခုရှိပါတယ်။ အဲ့ဒါတွေက တိုင်းရင်းဆေး၊ ဖြည့်စွက်အစားအစာ၊ အနောက်တိုင်းဆေးဝါးဖြစ်ပါတယ်။ အားလုံးက သူ့နေရာနဲ့သူ တစ်မျိုးစီအသုံးဝင်တဲ့အတွက်ကြောင့် ကဏ္ဍတစ်ခုချင်းဖွံ့ဖြိုးတိုးတက်လာဖို့လိုပါတယ်။ ဒီနေ့ဆိုရင် တိုင်းရင်းဆေးတွေမှာ အင်မတန်ထက်မြက်တဲ့ အစွမ်းအာနိသင်တွေရှိတယ်ဆိုတာကို တဖြည်းဖြည်းနဲ့ ပိုပြီးသိလာကြတယ်။ ဒါတွေကို သိပ္ပံနည်းကျဖော်ထုတ်ပေးမယ်ဆိုရင် ဒါဟာအားလုံး အသုံးဝင်မယ့် ဆေးကောင်းဝါးကောင်းဖြစ်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ဒေါက်တာခင်မောင်လွင်က မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍအပေါ် အကြံပြု ပြောကြားသည်။

ယခုဖွင့်လှစ်သည့် တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)တွင် ပဉ္စကမ္မကုသခန်း၊ အပ်စိုက်ကုသခန်း၊ ပေါင်းချွေးခန်း၊ အနာပေါက်ကုသဌာန၊ အရိုး၊ အကြော၊ အဆစ်ကုသဌာန၊ မီးယပ်ကုသဌာန၊ ကလေးရောဂါကုသဌာန၊ အထွေထွေရောဂါကုသဌာနတို့ပါဝင်ပြီး အဆိုပါရောဂါဝေဒနာများအား လက်ခံကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးရုံ၏ ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ၁၉၅ ဦးရှိသော်လည်း လတ်တလောတွင် ကျန်းမာရေးဝန်ထမ်း ၄၂ ဦးဖြင့်သာ ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပြီး လာမည့်ဘတ်ဂျက်တွင် ဝန်ထမ်းများ တိုးချဲ့ခန့်အပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

"သွေးတိုးကြောင့် လေဖြတ်သွားတာပါ။ ၂၀၁၄ ခုနှစ် စဖြစ်တုန်းက ရန်ကုန်မှာ သွားကုပါတယ်။ အရိုးအကြောပြန်လည်သန်စွမ်းရေးဌာနမှာ တစ်လခွဲ၊ နှစ်လလောက်ကြာတယ်။ လိုအပ်တဲ့ ဆေးထောက်ပံ့မှုတွေ ပေးပါတယ်။ ဆေးကုပြီး သက်သာလို့ ရွာမှာ ခဏပြန်နားပါတယ်။ အခုဒီမှာ တိုင်းရင်းဆေးရုံကြီး ဖွင့်တယ်ကြားလို့ ကျန်နေသေးတဲ့ ရောဂါတွေပါ ကင်းစင်သွားချင်လို့ ဒီမှာပြန်လာတက်တာပါ။ အခုဒီမှာ တိုင်းရင်းဆေးနဲ့လာကုကြည့်တော့ ရောဂါကထူးရှား(ကောင်းမွန်)လာတယ်လို့ ခံစားရပါတယ်" ဟု ကျောက်ပန်းတောင်းမြို့နယ်မှ ဒေါ်စန်းစန်းရွှေက မှတ်ချက်ပြုသည်။

"တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်ကလည်း "တချို့ဒေသတွေက တိုင်းရင်းဆေးကို အားကိုးကြတယ်။ ဒါကိုအလေးထားပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းဆေးရုံ၊ ဆေးခန်းတွေဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါတယ်။ ကွင်းဆင်းကုသတာတွေလည်း လုပ်ပေးပါတယ်။

"တိုင်းရင်းဆေးထုတ်လုပ်တဲ့အခါမှာ တိုင်းရင်းဆေးပညာဦးစီးဌာနကနေ စနစ်တကျစိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုတဲ့ ဆေးဝါးတွေကိုပဲ ထုတ်လုပ်ခွင့်ပြုတာပါ။ မပါသင့်တဲ့ အမျိုးအစားတွေ၊ အချိန်အဆ၊ စည်းကမ်းချက်တွေနဲ့ ကိုက်ညီမှ ထုတ်လုပ်ခွင့်ပြုတာဖြစ်ပါတယ်။ ထုတ်လုပ်ပြီးတဲ့ ဆေးတွေကိုလည်း ပြည်သူလူထုအန္တရာယ်မဖြစ်အောင် ပြန်ပြီးစစ်ဆေးတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပါတယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံသုံးရုံ၊ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံခြောက်ရုံ၊ (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ ကိုးရုံ၊ ခရိုင်တိုင်းရင်းဆေးကုသဌာန (၅၀)နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန (၁၉၇) ခုတို့ကို ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၃ ရက် နံနက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပသော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ခြင်းနှင့် ကာကွယ်ဆေးအသစ်များ နှစ်စဉ်ထည့်သွင်းထိုးနှံနိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အခါအားလျော်စွာ အစုလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပိုလီယိုရောဂါ ကင်းစင်ပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် ပိုလီယိုရောဂါ လုံးဝပပျောက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုကြေညာခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလ၌ Trivalent OPV မှ Bivalent OPV သို့ ပြောင်းလဲသုံးစွဲခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ဦးစားပေးဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုလီယိုရောဂါ ကာကွယ်မှုနည်းပါးသော နေရာဒေသများကို ဖော်ထုတ်ကာ နယ်စပ်မြို့နယ်များအပါအဝင် ရောဂါကူးစက်ပြန့်နှံ့နိုင်ခြေများသော မြို့နယ် ၈၇ မြို့နယ်ရှိ အသက်ငါးနှစ်အောက် ကလေးတစ်သန်းခန့်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အစုလိုက်ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဒေသတွင်းရှိနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆရာဝန်အရေအတွက် နည်းပါးနေသေးသော မြန်မာနိုင်ငံ

ကျော်သဲအိမ်

မြန်မာနိုင်ငံတွင် ဒေသတွင်းနိုင်ငံများထက် ဆရာဝန်အင်အား နည်းပါးနေကြောင်း၊ WHO ၏ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံတွင် ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၁၁ ဒသမ ၉ ဦး၊ စင်ကာပူတွင် ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၁၉ ဒသမ ၅ ဦး၊ ဂျပန်နိုင်ငံတွင် ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၂၃ ဦး ရှိသည့်အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၆ ဒသမ ၁ ဦးသာရှိသည်ဟု ဆိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံကျန်းမာရေးလွှမ်းခြုံမှု မြှင့်တင်နေချိန်တွင် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုများလည်း မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း မကြာသေးမီကထုတ်ပြန်သော Oxford Business Group ၏သတင်းများအရ သိရသည်။

မြန်မာနိုင်ငံရှိ ဆေးရုံဆေးခန်းအရေအတွက်နှင့် ကျန်းမာရေးဝန်ထမ်းများ၏အရေအတွက် ကွာဟမှုလျော့နည်းသွားရေး လုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်းရှိ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွင်း အခြေခံအဆောက်အအုံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဘတ်ဂျက်များတိုး၍ ချပေးခဲ့ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းကို ချမှတ်ခဲ့ပြီးဖြစ်ရာ ဝင်ငွေအများစုကို ကျန်းမာရေးအတွက် အသုံးပြုခဲ့ရသော လူနာနှင့် ၎င်းတို့၏မိသားစုများ၏ အခြေအနေမှာ တိုးတက်ပြောင်းလဲလာမည်ဟု မျှော်လင့်ရကြောင်း၊ ထိုစီမံကိန်းအထမြောက်ရေးမှာ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို လူဦးရေ ၇၀ ရာခိုင်နှုန်းနေထိုင်သော ကျေးလက်ဒေသများ၌ ဖြည့်တင်းပေးရန် လိုအပ်ပြီး ရန်ပုံငွေများကိုလည်း သိသိသာသာတိုးမြှင့်ရန် လိုအပ်ကြောင်း ရေးသားဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ကျန်းမာရေးအသုံးစရိတ်ကို မြှင့်တင်ပေးရမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ယခုနှစ်အတွင်း ကျန်းမာရေးအသုံးစရိတ် ဒေါ်လာ ၅၉၂ ဒသမ ၃ သန်း ခွင့်ပြုခဲ့သဖြင့် ယမန်နှစ်ကထက် ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့အတူ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် ရရှိရေးအတွက် ဆေးဘက်ဆိုင်ရာပညာရှင် ၅၆၀၀ နှင့် သူနာပြု ၁၃၀၀ တို့အား ယခုနှစ်အတွင်း လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ပိတ်ဆို့မှုများ ရုပ်သိမ်းလိုက်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် တိုးတက်လာသည့်နည်းတူ အလယ်အလတ်လူတန်းစားများလည်း တဖြည်းဖြည်းများပြားလာကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှု လိုအပ်လာခဲ့ကြောင်း၊ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ပို၍လိုအပ်လာခဲ့ကြောင်း ဆိုသည်။

ပန်းလှိုင်ဆေးရုံမှ စီအီးအိုဖြစ်သူ ဒေါက်တာ ဂါရှူးပေါလ်က မြန်မာနိုင်ငံတွင် တစ်ဦးချင်းကျန်းမာရေးအသုံးစရိတ် ဒေါ်လာ ၃၀ ခန့်ရှိပြီး လာမည့် ဆယ်စုနှစ်အတွင်း တစ်ဦးချင်းကျန်းမာရေးအသုံးစရိတ် ဒေါ်လာ ၂၀၀ ရောက်ရှိလာမည်ဟုမျှော်လင့်ရကြောင်း၊ ပြည်တွင်းကျန်းမာရေးဝန်ဆောင်မှု မြင့်မားလာသည့်အချိန်တွင် ပြည်ပသို့ သွားရောက်ဆေးကုသရသည့် အခြေအနေများလည်း လျော့နည်းသွားမည်ဟု မျှော်လင့်ရကြောင်း၊ ထိုအခြေအနေရောက်ရှိလာပါက မြန်မာနိုင်ငံသည် ဒေသတွင်းရှိ နိုင်ငံများထက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍရှိ ကွာဟမှုများကို လျော့ကျစေနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

## တိုင်းရင်းဆေးဝါးနှင့် အလှူငွေလှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

ရေဘေးသင့်ပြည်သူများအတွက် တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြသော အလှူရှင်များနှင့် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ နေပြည်တော်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ(နေပြည်တော်)၌ ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တိုင်းရင်းဆေးဆရာ အသင်းဥက္ကဌ ဆရာကြီး ဦးသန်းညွှန့်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပတ်သက်၍ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ်က ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုး ထစ်ချုန်းမည်**

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောကာနန္ဒာစေတီတော်ဝင်းအတွင်း စစ်တွေမြို့မှ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော်လိုဏ်တော်အတွင်း၌ စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်နှင့် လျှပ်စစ်ဓာတ်အား ရရှိရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန်တွင် လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှစပြီး ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားကို သာမန်အိမ်သုံးအတွက်သာ အသုံးမပြုဘဲ အိမ်တွင်းစက်မှုလုပ်ငန်းများ ထွန်းကားစေရန်နှင့် ထိုမှတစ်ဆင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ထွန်းကားအောင် ဆောင်ရွက်သွားရန် လိုကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ တိုးချဲ့တပ်ဆင်ပြီး ဆက်သွယ်မှု အခြေအနေပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ရရှိထားသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများကို အသုံးပြုပြီး လယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများကို တန်ဖိုးမြှင့်တင်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ထုတ်ပေးရန် လိုအပ်သကဲ့သို့ ဒေသနှင့်သင့်တော်သည့် သီးနှံများကိုလည်း စမ်းသပ်စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

မိမိတို့တာဝန်ယူချိန်တွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေအား၊ လူအားစိုက်ထုတ်ဆောင်ရွက်ပေးခဲ့သည်ကို မျက်မြင်တွေ့ရှိခံစားနိုင်ပြီဖြစ်ကြောင်း။

ထို့ကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆက်လက်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

စစ်တွေမြို့ကို အဓိကရေပေးဝေနေသည့် ကန်တော်ကြီးကိုလည်း ပြုပြင်မွမ်းမံပြီး သောက်သုံးရေဖူလုံရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်တွေမြို့ရှိ ကန်တော်ကြီးမှ မြို့အတွက် လက်ရှိရေပေးဝေနိုင်မှုမှာ တစ်နေ့ ဂါလန် ၁ ဒသမ ၂ သန်းဖြစ်ပြီး မြို့၏ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန် ၂ ဒသမ ၆ သန်းဖြစ်၍ ပိုမိုရေသိုလှောင်နိုင်ပြီး လုံလောက်စွာရေပေးဝေနိုင်ရန်အတွက် အဆိုပါကန်တော်ကြီးအား ခန့်မှန်းငွေကျပ် ၂ ဒသမ ၄၁ ဘီလီယံ အကုန်အကျခံ ပြုပြင်မည်ဖြစ်သည်။ ထိုသို့ပြုပြင်ပြီးပါက စစ်တွေမြို့အတွက် တစ်နေ့လျှင် ဂါလန် ၄ ဒသမ ၆ သန်းခန့် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Golden Green Energy ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ်သိန်း ၁၀၀၀၊ ဇေယျကျော်ထင် ဦးမောင်မောင်အုန်းမိသားစုက ငွေကျပ်သိန်း ၂၀၀ နှင့် အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ စကြာမုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး သံတွဲမြို့သို့ရောက်ရှိကြရာ သံတွဲလေဆိပ်၌ ဒေသခံပြည်သူများက တစ်ခဲနက် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး တောင်ကုတ်မြို့သို့ရောက်ရှိကြရာ လမ်းတစ်လျှောက်မှ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တောင်ကုတ်ကောလိပ်ခန်းမ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် တောင်ကုတ်မြို့နယ်သည်လည်း မဟာဓာတ်အားလိုင်းမှတစ်ဆင့် ၂၄ နာရီ မီးရရှိနေပြီဖြစ်သည့်အတွက် အိမ်တွင်းစက်မှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် တောင်ကုတ်မြို့၌ တောင်ကုတ်ကောလိပ်ကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ရခိုင်ပြည်နယ်တောင်ပိုင်းမှ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း။

တောင်ကုတ်ကောလိပ်မှ ဆရာဆရာမများအနေဖြင့် ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာတတ်သော၊ စည်းကမ်းကောင်းသော၊ ပြည်ထောင်စု စိတ်ဓာတ်ရှိသောလူငယ်များကို မွေးထုတ်ပေးရန် လိုကြောင်း။

သို့မှသာ ရှိပြီးဖြစ်သည့် သယံဇာတကြွယ်ဝမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစပ်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်က မြို့နယ်အတွက် လိုအပ်သည်များကို တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရမ်းဗြဲမြို့သို့ ရောက်ရှိ

စာမျက်နှာ ၉ သို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား သံတွဲလေဆိပ်၌ ဒေသခံပြည်သူများက တစ်ခဲနက်ကြိုဆိုကြစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

ကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရမ်းဗြဲမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်၏ သဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးစနစ်တစ်ခုမှ စနစ်တစ်ခုသို့ တည်ငြိမ်အေးချမ်းစွာဖြင့် အသွင်ကူးပြောင်းနိုင်ခဲ့မှုအခြေအနေများ၊ ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီစနစ်ဖြင့် ထိုက်တန်ကြောင်း ကမ္ဘာကို ပြသနိုင်ရန်အတွက် ရွေးကောက်ပွဲကို အေးချမ်းလုံခြုံစွာ၊ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရန်၊ အမျိုးသားရေးတာဝန်အဖြစ် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရမ်းဗြဲမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြို့နယ်အတွက် လိုအပ်သည်များကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မာန်အောင်မြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက တစ်ခဲနက်ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ မြို့မိ မြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မာန်အောင်ကျွန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းပတ်လမ်းနှင့်လေယာဉ်ကွင်းကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျွန်းပတ်လမ်းကို ဆက်လက်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိနေချိန်တွင် သီးခြားကျွန်းဖြစ်နေသည့် မာန်အောင်မြို့နယ်တွင်လည်း လျှပ်စစ်မီး ၂၄ နာရီ ရရှိနိုင်ရေးအတွက် Heavy Fuel Oil သုံး အင်ဂျင်စက်များဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်ပေါ်လာမည့် အနာဂတ်အခြေအနေကောင်းများကို အသုံးချပြီး ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် မှာကြားပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အေးချမ်းလုံခြုံစွာ ကျင်းပနိုင်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မာန်အောင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြို့နယ်အတွက် လိုအပ်သည်များကို တင်ပြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အဖွဲ့ဝင်များနှင့်အတူ မာန်အောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ သံတွဲမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတသည် သံတွဲမြို့နယ် ငပလီမြို့ အဏ္ဏဝါရိပ်သာ၌ မြို့မိ မြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ငပလီကိုမြို့အဆင့် တိုးချဲ့ပေးခဲ့ပြီး လမ်းနှင့် လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုအခြေအနေများကို အသုံးချပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဟိုတယ်နှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ်းခြေသာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်အတွက် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး မကွေးမြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မကွေးမြသလွန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မာန်အောင်မြို့မှ ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရမ်းဗြဲမြို့နယ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တပ်မတော်သားများနှင့် မိသားစုများ ရွေးကောက်ပွဲကော်မရှင်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေအတိုင်း လွတ်လပ်စွာမဲပေးကြရမည်

**နေပြည်တော် နိုဝင်ဘာ ၄**





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုဝင်ဘာ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက် ညနေပိုင်းများတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်ဌာနချုပ်များ၊ လေ့ကျင့်ရေးကျောင်းများအလိုက် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများအား သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့နိုင်ငံတော်အား ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ချိန်အတွင်း ဒီမိုကရေစီအနှစ်သာရအရ စည်းကမ်းရှိရန်လိုသည့် Mind-Set လည်း ပြောင်းလဲကြရန်လိုအပ်ပါကြောင်း၊ ဗဟိုဦးစီးချုပ်ကိုင်မှု တစ်ပါတီစနစ်မှ အပြန်အလှန်ထိန်းကျောင်းသည့် အာဏာသုံးရပ် ဖြန့်ခွဲခြင်းဖြင့် ဖြေလျှော့မှုများပြုလုပ်လာခြင်းအပေါ် ပြည်သူများ၏ လွတ်လပ်စွာပြောဆိုရေးသားဝေဖန်မှုများသည် အကောင်းအဆိုးရောထွေးလျက်ရှိနေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(က)(ဂ)အားလည်းကောင်း၊ အခန်း ၈ ၊ ပုဒ်မ ၃၄၇၊ ၃၅၃ အား လည်းကောင်း လိုက်နာဆောင်ရွက်သင့်ကြောင်း၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပတော့မည်ဖြစ်ရာ တပ်မတော်သားများနှင့် မိသားစုများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြဋ္ဌာန်းပေးထားသည့် ဥပဒေ၊ နည်းဥပဒေအတိုင်း ကြိုတင်မဲ၊ ဆန္ဒမဲများကို လွတ်လပ်စွာမဲပေးကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူကိုဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူနှင့် တစ်သားတည်းဖြစ်စေရေး၊ အားကိုးယုံကြည်ရသော တပ်မတော်ဖြစ်စေရေးနှင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်အောင် ပြုမူနေထိုင်ကျင့်ကြံအားထုတ်ရန် လိုအပ်သလို တစ်ကိုယ်ရေမှအစ တပ်အဖွဲ့အစည်းအဆုံး စနစ်တကျ စည်းကမ်းရှိစွာနေထိုင်ပြီး တပ်နေပျော်၍ စစ်တိုက်တော်သည့် တပ်မတော်သားများဖြစ်ရေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြင်ဦးလွင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ သုတ ရသ စာအုပ်စာစောင်များနှင့် အားကစားပစ္စည်းများကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ သတိပြုရမည့်အချက်များ

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ ပြည်သူများ ဆန္ဒမဲပေးရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ရာ ၂၀၁၅ ခုနှစ် မတ် ၁၉ ရက်က ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) အရ **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့်လျှို့ဝှက်မဲပေးစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံပရဝဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကို မဲပေးခဲ့ကြောင်း မေးမြန်းခြင်းမပြုရ**ဟု ဖော်ပြထားရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသောမဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်စာစောင်တွင်လည်း မဲဆန္ဒရှင်တစ်ဦး မှတ်သားရန် အချက်(၁၀)ချက်၌ **“တစ်စုံတစ်ဦးက မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုခဲ့ပါသလဲဟု မေးလျှင် မဖြေပါနှင့်။ မိမိကိုယ်တိုင်လည်း မည်သူ့ကို မဲထည့်ခဲ့ကြောင်း အများကြားအောင် မပြောပါနှင့်။ မဲဆွယ်စည်းရုံးရာရောက်သဖြင့် ရွေးကောက်ပွဲပြစ်မှုမြောက်သည်”** ဟု ဖော်ပြထားရှိသည်။

ထို့အပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိသည်-

**မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အကွာအတွင်း၌ဖြစ်စေ၊ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-**

(က) **မဲဆွယ်ခြင်း၊**

(ခ) **မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊**

(ဂ) **ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း၊**

သို့ဖြစ်ပါ၍ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးချိန်တွင် တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာပါက မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မဲဆန္ဒရှင်က မဖြေကြားလိုမှုကို အတင်းအကျပ် မေးမြန်းမှုပြုခြင်းသည် မဲဆွယ်စည်းရုံးရာရောက်သဖြင့် ရွေးကောက်ပွဲ ပြစ်မှုမြောက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဇေယျာသီရိမဲဆန္ဒနယ်တွင် ကြိုတင်မဲပေးမှုနှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးမှုများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမဲဆန္ဒနယ်တွင် အောက်တိုဘာ ၂၉ ရက်မှ စတင်ပြီး နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီမတိုင်ခင်ထိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် ကြိုတင်မဲပေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ဇေယျာသီရိမဲဆန္ဒနယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ မဲဆန္ဒရှင်များအပြင် တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များက အောက်တိုဘာ ၂၉ ရက်မတိုင်မီကပင် သက်ဆိုင်ရာ တပ်မှူးများ၏ ခွင့်ပြုချက်ဖြင့် ကြိုတင်မဲပေးခြင်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ဇေယျာသီရိမဲဆန္ဒနယ်မှာ မြို့နယ်ကော်မရှင်အနေနဲ့လုပ်ပေးရတာကတော့ ပြင်ပပုံစံ(၁၅)လို့ခေါ်တဲ့ ပုံစံ(၁-၃)စာရင်းသွင်းပြီး ပြည်ပရောက်ကြိုတင်မဲဆန္ဒရှင်တွေ၊ နောက် ပြည်တွင်း ပုံစံ(၁၅)လို့ခေါ်တဲ့ ပုံစံ(၁-၁)ရေးသွင်းပြီး ပြည်တွင်းမှာ သင်တန်းတွေ၊ ဖောင်ကြီး၊ ဇီးပင်ကြီး၊ ရဲသင်တန်းကျောင်းတွေ အစရှိတဲ့ သင်တန်းတက်ရောက်နေသူတွေနဲ့ အချုပ်ခံထားရတဲ့သူတွေ(ပြစ်ဒဏ်မကျသေးတဲ့ပုဂ္ဂိုလ်တွေ)ရယ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်တွေ၊ တပ်မတော်သားနှင့် အတူနေမိသားစုဝင် မဲဆန္ဒရှင်တွေအနေနဲ့ အောက်တိုဘာ ၂၉ ရက်နေ့ မတိုင်ခင်ကတည်းက ကြိုတင်မဲပေးတာတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်၊ နောက်ပြီး အစိုးရနဲ့ ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့ မဲရုံတွေမှာ တာဝန်ထမ်းဆောင်မယ့် မဲရုံဝန်ထမ်းတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မဲရုံလုံခြုံရေးတာဝန်ကျတဲ့ အထူးရဲတွေနဲ့ မီဒီယာသမားတွေကတော့ နိုဝင်ဘာ ၈ ရက်နေ့ မတိုင်ခင် ၆ ရက်နေ့နဲ့ ၇ ရက်နေ့မှာ ကြိုတင်မဲပေးရမှာဖြစ်ပါတယ်။ ကြိုတင်မဲပေးတဲ့ မဲပုံးကိုတော့ ရွေးကောက်ပွဲကျင်းပတဲ့ နိုဝင်ဘာ ၈ ရက်နေ့ ညနေ ၄ နာရီကျော်မှ ဖွင့်ပြီး မဲရေတွက်တာတွေ ဆောင်ရွက်မှာပါ။ ခုတော့ မြို့နယ်ကော်မရှင်ရုံးမှာပဲ ထားပါတယ်” ဟု ဇေယျာသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်အေးက ပြောကြားသည်။

ဇေယျာသီရိမဲဆန္ဒနယ်တွင် စုစုပေါင်း မဲဆန္ဒရှင်ဦးရေ ၇၃၀၀၀ ကျော်ရှိပြီး ပုံစံ(၁-၃)စာရင်းသွင်းပြီး သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တစ်ဆင့်တောင်းခံသည့် ဇေယျာသီရိမဲဆန္ဒနယ်တွင် မဲပေးမည့် ပြည်ပရောက် မဲဆန္ဒရှင်ဦးရေမှာ ၁၀၆ ဦးရှိပြီး နိုဝင်ဘာလ ၄ ရက်နေ့အထိ ကြိုတင်မဲပေးသူ ၉၀ ရှိကြောင်း သိရသည်။ ဇေယျာသီရိမဲဆန္ဒနယ်အတွင်းရှိ အနော်ရထာရပ်ကွက်ရှိ မဲရုံ(၁၅)ရုံမှ မဲဆန္ဒရှင် ၁၅၀၀၀ ကျော်ရှိသည့်အနက် ပုံစံ(၁-၂)ဖြင့် ကြိုတင်မဲလျှောက်ထားသူ ၂၀၀၀ နှင့် ပုံစံ(၁၃)ဖြင့် လျှောက်ထားသူ ၁၅၀၀ ရှိကြောင်း၊ ထို့အတူ ကျန်စစ်သားရပ်ကွက်ရှိ မဲရုံ(၄)ရုံမှ မဲဆန္ဒရှင် ၄၀၀၀ အနက်မှ ပုံစံ(၁-၂)ဖြင့် ကြိုတင်မဲလျှောက်ထားသူ ၃၀၀ နှင့် ပုံစံ(၁၃) ဖြင့် လျှောက်ထားသူ ၁၂၀၀ ရှိကြောင်း သိရသည်။ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မဲရုံတွင် တာဝန်ထမ်းဆောင်ရမည့် မဲရုံဝန်ထမ်းများ အများစုတည်ရှိသည့် ရေဆင်းကျေးရွာအုပ်စု မဲဆန္ဒနယ်ရှိ မဲရုံ(၈)ရုံတွင် မဲဆန္ဒရှင် ၁၀၀၀၀ နီးပါးအနက်မှ ကြိုတင်မဲလျှောက်ထားသူ ၃၅၀ နှင့် စည်ပင်ကြီးကျေးရွာအုပ်စု မဲဆန္ဒနယ်မှ မဲဆန္ဒရှင် ၄၀၀၀ ကျော်အနက်မှ ကြိုတင်မဲလျှောက်ထားသူ ၁၃၀ ကျော်ရှိပြီး ကြိုတင်မဲပေးခြင်းများ ဆောင်ရွက်လျက်ရှိကာ အခြားရပ်ကွက်/ကျေးရွာအုပ်စု မဲဆန္ဒနယ်များမှ ကြိုတင်မဲလျှောက်ထားမှုများ မရှိသေးကြောင်း သိရသည်။

ရွေးကောက်ပွဲရက်တွင် မဲဆန္ဒရှင်များ မဲထည့်ရာ၌ ပိုမိုလွယ်ကူစေရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးနေသူများ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင် သက်သေခံကတ်ပြားများကိုလည်း နိုင်ဝင်ဘာလ ၁ ရက်နေ့မတိုင်မီကတည်းက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများအလိုက် စတင်ထုတ်ပေးနေပြီဖြစ်ကြောင်းသိရသည်။



ဇေယျာသီရိရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်မဲလက်မှတ်များထုတ်ပေးနေစဉ်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ**

“မဲဆန္ဒရှင်သက်သေခံလက်မှတ်တွေကို နိုဝင်ဘာလ ၁ ရက်နေ့မတိုင်ခင် အောက်တိုဘာလ ၃၁ ရက်နေ့ ညနေကတည်းက တပ်မတော်ရပ်ကွက်ကြီး(၃)ခုနဲ့ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများအလိုက် မဲစာရင်းမှာပါတဲ့ နံပါတ်တွေနဲ့ တိုက်စစ်ပြီး အိမ်ထောင်စုတစ်ခုချင်းက အိမ်ထောင်ဦးစီး ဒါမှမဟုတ် အိမ်မှာရှိတဲ့သူတစ်ယောက်ကနေ မဲပေးမယ့်သူတွေရဲ့ မဲစာရင်းနံပါတ်နဲ့ လာရောက်ထုတ်ယူနေတာတွေရှိပါတယ်။ နောက်ပြီး ဒီမဲဆန္ဒနယ်မှာ ယှဉ်ပြိုင်ကြမယ့် ပါတီတွေက လူတွေကလဲ ရပ်ကွက်/ကျေးရွာတွေထဲထိဆင်းပြီး တစ်အိမ်ချင်းမှာရှိတဲ့ မဲဆန္ဒရှင်တွေရဲ့ မဲစာရင်းနံပါတ်တွေကိုကြည့်ပြီး ကော်မရှင်အဖွဲ့ခွဲတွေနဲ့ ပူးပေါင်းပြီး သက်သေခံလက်မှတ်ထုတ်ပေးတဲ့နေရာမှာ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနေတာတွေရှိတယ်။ နောက်ပြီးကော်မရှင်အနေနဲ့လည်း အဖွဲ့ခွဲတွေအလိုက် မဲစာရင်းနံပါတွေနဲ့ မဲဆန္ဒရှင်နာမည်တွေကို သက်သေခံလက်မှတ်တွေပေါ်မှာ ရေးထားပြီးသားဖြစ်တဲ့အတွက် မဲစာရင်းနံပါတ်သိရင် ချက်ချင်းထုတ်ပေးလို့ရအောင်လုပ်ပေးထားတယ်ဆိုတော့ နိုဝင်ဘာလ ၅ ရက်နေ့လောက်ဆို တော်တော်များများ ထုတ်ပေးပြီးသားဖြစ်နေအောင်ဆောင်ရွက်နေပါတယ်” ဟု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြောကြားသည်။

မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာလ ၇ ရက်နေ့အထိ ထုတ်ပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာလ ၈ ရက်နေ့အထိ မထုတ်ရသေးပါက မဲပေးမည့် မဲရုံအနီးတွင် ထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားပြီး နိုင်ငံသားစိစစ်ရေးကတ်ပါ၍ မဲပေးခွင့်အမှတ်စဉ်နံပါတ်မှတ်မိပါကလည်း မဲပေးနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံမှ သိရသည်။

# ရွေးကောက်ပွဲတံဆိပ်တုံးထု မဲပေးမှုလေ့လာတွေ့ရှိချက်

ပြည်သူများ မျှော်လင့်စောင့်စားနေသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ရက်ပိုင်းမျှသာ လိုတော့သည်။

ကြိုတင်မဲများလည်း စတင်ပေးနေပြီဖြစ်သည်။ ယခု ၂၀၁၅ ရွေးကောက်ပွဲသည် ၂၀၁၀ ရွေးကောက်ပွဲကကဲ့သို့ ဘောပင်ဖြင့် "အမှန်ခြစ် အမှတ်အသား" ခြစ်ရမည် မဟုတ်တော့ပေ။ ခေတ်မီလေဆာတံဆိပ်တုံးဖြင့်ထု၍ ပေးရမည့်စနစ်ဖြစ်သည်။



မဲဆန္ဒရှင်ပြည်သူများသည် တံဆိပ်တုံးထုခြင်း အလေ့အထရှိကြသူများ မဟုတ်ပေ။ ဘောပင်ဖြင့် အမှန်ခြစ်ခြင်းကိုသာ အားသန်ကြသူများအဖြစ် လေ့လာတွေ့ရှိရသည်။ တစ်ဖန် မြို့ကြီးတစ်မြို့တွင် မဲလက်မှတ်အပေါ် တံဆိပ်တုံးထုရာ၌ မင်များယိုစိမ့်မှုရှိခဲ့သည်ဟုသတင်းက တောမီးပမာ ပျံ့နှံ့သွားခဲ့သည်။ ထို့အတွက် စိုးရိမ်မှုရေချိန်များ မြင့်တက်လာခဲ့ကြသည်။ တံဆိပ်တုံးထုနှိပ်၍ မဲပေးရာမှ မထင်မှတ်သော မှားယွင်းမှုကြောင့် တန်ဖိုးရှိလှသော မဲတစ်ပြားပယ်မဲဖြစ်သွားမည်ကို စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။

သို့အတွက် ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်မှုများ ပြုခဲ့သည်။ မဲပေးရာတွင် တံဆိပ်တုံးထုနှိပ်ရမည့်စာရွက်မှာ နိုင်ငံခြားဖြစ် စက္ကူအမျိုးအစားဖြစ်သော်လည်း မင်ပျံ့လွယ်မှုရှိနေခြင်း၊ မဲဆန္ဒရှင်အများစုသည် တံဆိပ်တုံးအသုံးပြုမှု အလေ့အထမရှိကြခြင်း၊ (ရုံးသမားများသည်ပင် တစ်ခါတစ်ရံ အတည့်ပြောင်းပြန်ထုနှိပ်မှုမျိုး မကြာခဏဖြစ်လေ့ရှိသည်။) ထုနှိပ်ရာတွင် မထင်မှာစိုးသည့်အတွက် အားစိုက်ဖိနှိပ်ခြင်းသဘောမျိုးကို လေ့လာတွေ့ရှိရသည်။

ယခုအသုံးပြုရန် ချပေးထားသော တံဆိပ်တုံးမှာ ခေတ်မီလေဆာတံဆိပ်တုံးများဖြစ်သည်။ တံဆိပ်တုံးအံ့ထဲတွင် မင်ရည်ပါပြီးသားဖြစ်သည်။ အားမစိုက်ရဘဲ ပုံမှန်လေးဖိရုံဖြင့် အမှတ်အသားကိုထင်စေသော တံဆိပ်တုံးများဖြစ်သည်။ မိမိထုနှိပ်လိုက်သောအမှတ်တံဆိပ် မထင်မှာစိုး၍ အားစိုက်ထုနှိပ်လိုက်ပါက အထဲမှမင်ရည်တို့သည် လိုအပ်သည်ထက် ပိုမိုထွက်ရှိလာပြီး မဲလက်မှတ်ပေါ်၌ ပျံ့သွားရခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

မဲဆန္ဒရှင်တစ်ဦးအနေဖြင့် မိမိမဲလက်မှတ်ထုတ်ယူရရှိပြီး လျှို့ဝှက်မဲပေးခန်းသို့ ရောက်ရှိသည့်အခါ မဲလက်မှတ်ပေါ်၌ တံဆိပ်တုံးမထုနှိပ်မီ လျှို့ဝှက်ခန်းပြုလုပ်ထားသည့် စက္ကူပုံးအဖြူ မျက်နှာပြင်ပေါ်၌ တံဆိပ်တုံးကို စမ်းသပ်ထုနှိပ်နိုင်ပေသည်။ (လိုအပ်မှုအရ မဲရုံမှူးအနေဖြင့် တံဆိပ်တုံးစမ်းသပ်ရန် စာရွက်အဖြူအနည်းငယ် ထားထားပေးသင့်သည်။)

မဲတံဆိပ်တုံးထုနှိပ်ရာတွင် မဲလက်မှတ်အား မဲပေးရမည့် လျှို့ဝှက်ခန်း စက္ကူပုံးမျက်နှာပြင်တွင် ပြန့်ပြန့်ရန့်ရန့် ဖြန့်တင်ပြီး မိမိမဲပေးလိုသည့် ကိုယ်စားလှယ်လောင်း အကွက်၏ အပေါ်အောက်တွင် မိမိသန်ရာဘယ်လက်(သို့မဟုတ်)ညာလက်မှ လက်မနှင့် လက်ညှိုးဖြင့်ခွထောက်၍ ဖိထားပြီး ထုနှိပ်ရမယ့် ကွက်လပ်တွင် တံဆိပ်တုံးကို ချိန်ရွယ်တင်ကာ ပုံမှန်လေး အသာအယာ ဖိပေးရုံဖြင့် အမှန်အမှတ်အသားသည် ထင်ရှားစွာပေါ်လာမည်ဖြစ်သည်။

အမှန်အမှတ်အသားသည် အတည့်ဖြစ်စေ၊ ဘေးစောင်းဖြစ်စေ၊ မှောက်ခုံဖြစ်စေ သင်မဲပေးမှုသည် အောင်မြင်သွားပြီဖြစ်သည်။ ကော်မရှင်အဖွဲ့၏ စကားနှင့်ဆိုရသော် ခိုင်လုံသောမဲတစ်ပြား ဖြစ်သွားပြီဖြစ်သည်။ သို့မဟုတ်ပါက စောင်းသွားပြီး မှောက်ခုံဖြစ်သွား၍ စိုးရိမ်ပူပန်မှုဖြင့် နောက်တစ်ကြိမ်ပြန်ထုနှိပ်ပါက ဧကန်မုချပယ်မဲအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်ကို လေ့လာတွေ့ရှိချက်အရ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တံဆိပ်တုံးဖြင့် ထုနှိပ်မဲပေးရမည့်ကိစ္စကို စိတ်ထဲတွင် ဝန်တာကြီးတစ်ခုအဖြစ် မဖြစ်နိုင်ကြစေရန် လေ့လာတွေ့ရှိမှုများအရ တင်ပြရေးသားလိုက်ရပါသည်။

**လေ့လာသူ-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

# ထီးလင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာရှင်းလင်း

**ထီးလင်း နိုဝင်ဘာ ၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်၊ တိုင်းဒေသကြီး ကော်မရှင်အရာရှိ ဦးစိုးထွဋ်ဦး၊ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လှိုင်၊ ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့နှင့်အတူ ထီးလင်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ခန်းမဆောင်၌ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ထီးလင်းမြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးတို့နှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။





အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ရမည့်များ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ ပြန်လည်ဖြေကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ တင်ပြဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဗန်းမော်မြို့နယ် ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး

**ဗန်းမော် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီမှစ၍ မိမိတို့တာဝန်ကျသည့် နယ်မြေအလိုက် သွားရောက်ပြီး ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေပါအတိုင်း တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဘက်လိုက်မှုမရှိဘဲ မျှတစွာလိုက်နာဆောင်ရွက်ကြရန်၊ ကဏ္ဍအလိုက်ဆောင်ရွက်ရန် ကိစ္စရပ်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ခရိုင်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လားရှိုးမြို့ပေါ် မဲရုံများကြည့်ရှု

**လားရှိုး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်ကော်မရှင် ဥက္ကဋ္ဌ ဦးတင်မောင်ရွှေနှင့်ခရိုင်ကော်မရှင်အဖွဲ့ဝင်များက နိုဝင်ဘာ ၃ ရက်တွင် လားရှိုးမြို့ပေါ်ရှိ မဲရုံများနှင့် ရပ်ကွက်ကော်မရှင်ရုံးများကို လှည့်လည်ကြည့်ရှုခဲ့သည်။

"ရပ်ကွက်/ကျေးရွာ ကော်မရှင်ရုံးတွေမှာ နောက်ဆုံးအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းတွေကို ထုတ်ပြန်ကြေညာထားပြီး အခုအချိန်မှာ ကြိုတင်မဲပေးနေကြတယ်။ မဲရုံအခြေအနေ၊ မဲစာရင်းကပ်ထားမှု၊ မဲဆန္ဒရှင် ကတ်ပြားထုတ်ယူနေမှုတွေကို လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပါတယ်"ဟု လားရှိုးခရိုင်ကော်မရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးမင်းက ပြောသည်။

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် လားရှိုးမြို့ပေါ်၌ မဲရုံပေါင်း ၁၂၉ ရုံတွင် မဲဆန္ဒရှင်ပြည်သူပေါင်း ၂၃၄၅၈၆ က ဆန္ဒမဲပေးကြမည်ဖြစ်ကြောင်း သိရသည်။ **မမ(လားရှိုး)**

## ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှုရှင်းလင်း

**မန္တလေး နိုဝင်ဘာ ၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုများ ရှင်းလင်းပွဲအခမ်းအနားကို မန္တလေးပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် မီးပွိုင့်အနီးရှိ အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူက ရွေးကောက်ပွဲကို အောင်မြင်စွာနှင့် ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆင့်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုများကို ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ကရင်ပြည်နယ်ဘက်မှ မော်လမြိုင်ဘက်သို့ မောင်းနှင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်ပေါ်မှ ပစ္စတိုတစ်လက်၊ ကျည် ၂၂ တောင့်နှင့် WY ဆေးပြား ၁၅၀ ဖမ်းဆီးမိ

**မော်လမြိုင် နိုဝင်ဘာ ၄**

မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းမှ စခန်းမှူး၊ ရဲအုပ်စိုးကြည် ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်မြို့နယ် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့ အမှတ်(၃၈) ဒုတိယရဲမှူး နိုင်ထန်းမနား ဦးစီးတပ်ဖွဲ့ဝင်များ၊ မြိုင်သာယာနယ်မြေရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ကျော်ဇင်ဝင့် ဦးစီးတပ်ဖွဲ့ဝင်များသည် ရပ်မိရပ်ဖ အကူအညီဖြင့် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီက သတင်းအရ မော်လမြိုင်အတ္ထရံမြစ်ကူးတံတား မော်လမြိုင်ဘက်ခြမ်း တံတားကြေးကောက်ခံသည့် လမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် ကရင်ပြည်နယ်၊ ဇာသပြင်ကျေးရွာဘက်မှ မော်လမြိုင်ဘက်သို့ မင်းစိုးလင်းဟန်(ခ) စိုးစိုးမောင်းနှင်လာသည့် လိုင်စင်မဲ့ 4C/----- နံပါတ်ပြား တပ်ဆင်ထားသော CRV အမျိုးအစားကို ရပ်တန့်ရှာဖွေစစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ကာလတန်ဖိုးငွေကျပ် ခုနစ်သိန်းနှင့် ငါးသောင်း ဖမ်းဆီးမိပြီး မော်တော်ယာဉ်ကို ဆက်လက်ရှာဖွေရာ အညိုရောင်အမျိုးသားလက်ကိုင်အိတ်အတွင်းမှ ပစ္စတို တစ်လက်၊ ကျည်ဆံ ၂၂ ထုပ်၊ ၄င်းကျည်အိတ်နှစ်ခု တစ်ခုလျှင် ခြောက်ထုပ်စီပါ ပစ္စည်းများကို သိမ်းဆည်းရမိသည်။ မောင်းနှင်လာသည့်လိုင်စင်မဲ့ မော်တော်ယာဉ်ကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။

မူးယစ်ဆေးဝါးနှင့် လက်နက်များလက်ဝယ်တွေ့ရှိမှုဖြင့် မော်လမြိုင်မြို့ ဈေးကြီး သထုံတံတားလမ်း ဖက်တန်းနယ်မြေနေ မင်းစိုးလင်းဟန်(ခ)



စိုးစိုး (၄၇ နှစ်)ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၁/၉)ဒုံကရင်လမ်း ဒုံကရင်ရပ်ကွက်၊ ကမ္မာကျေးရွာ ဦးစောသင်း(၇၆ နှစ်) စောလှဝင်းတင် (၃၈ နှစ်)နှင့် ခိုင်မိုးချစ် (၄၄ နှစ်)တို့အား မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ရထားကြိတ်ခံရပြီး လူတစ်ဦးသေဆုံး

**အင်းတော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မဲဇာနှင့် ဆည်ရွာဘူတာကြားရှိ မီးရထားလမ်းတွင် လူတစ်ဦးမီးရထားကြိတ်၍ သေဆုံးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက်ညက ရွှေဘို-မိုးညှင်းပြေးဆွဲလျက်ရှိသော အမှတ်(၃၉) အဆန်ခေါက်ပြန်ရထားသည် မဲဇာဘူတာဘက်မှ ဆည်ရွာဘူတာဘက်သို့မောင်းနှင်လာရာ အောင်ဆန်းထွန်းဆိုသူသည် အရက်သေစာသောက်စားမူးယစ်ပြီးရထားရှေ့မှ ဖြတ်ကူးရာ ရထားကြိတ်ခံရ၍ ဒဏ်ရာများရရှိသွားသောကြောင့် ဆေးရုံသို့တင်ပို့ကာ ကုသမှုခံယူနေစဉ် နိုဝင်ဘာ ၂ ရက်က သေဆုံးသွား၍ အင်းတော်မြို့ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ကားက ဆိုင်ကယ်ကို ဝင်တိုက်

**ကလော နိုဝင်ဘာ ၄**

နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် ကလောမြို့နယ် ကလော-အောင်ပန်းကားလမ်း မိုင်တိုင်အမှတ် (၇၆/၀-၁) ကြား၊ စေတမန်ဆီဆိုင်အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

စစ်ဆေးချက်အရ ကလောမှ အောင်ပန်းသို့ မောင်မောင် (၅၂)နှစ် မောင်းနှင်လာသော ခြောက်ဘီးယာဉ်သည် မျက်နှာချင်းဆိုင်ဘက်မှ သက်ပိုင်အောင် (၁၇)နှစ်မောင်းနှင်ပြီး အောင်ထွဋ် (၁၉)နှစ်လိုက်ပါလာသည့် ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ သက်ပိုင်အောင်တွင် ဒဏ်ရာများရရှိကာ အခင်း ဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး အောင်ထွဋ်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မောင်မောင်အား ကလောမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကိုရဲ)**

# ထိုင်းနိုင်ငံ ငါးဖမ်းလှေများရှိ ရွှေ့ပြောင်းလုပ်သားများအား ယာယီအလုပ်လုပ်ကိုင်ခွင့် ပြုလုပ်ပေး

**မဟာချိုင် နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံတစ်ဝန်းရှိ ငါးဖမ်းလှေများ၌ အလုပ်လုပ်ကိုင်နေကြသော အထောက်အထားမရှိသည့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများအား ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်များကို နိုင်ငံတစ်ဝန်းရှိ ခရိုင်စုစုပေါင်း ၂၂ ခရိုင်၌ နိုဝင်ဘာ ၂ ရက်မှ လာမည့် ဇန်နဝါရီ ၃၀ ရက်အထိ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand) မှ ဆက်သွယ်ပြောကြားသည်။



ငါးဖမ်းနှင့် ပင်လယ်အစားအစာများ ထုတ်လုပ်ကြသည့် စမွတ်စာခွန်၊ စမုတ်ပါရကန်၊ ဆမွတ်ဆုန်ခါ၊ ဖစ်ချဘူရီ၊ ပကျွတ်ခီရီခန်၊ ခြုံဖော်၊ ခြုံဘူရီ၊ ကျန်ထပူရီ၊ လယောင်၊ ရနောင်း၊ ကဘီ၊ နခွန်စီဌာမရတ်၊ ဆုခလာ၊ ဆတွန်း၊ ချချင်ဆောင်၊ နခိုစီဌာမရ၊ ဆူရတ်ဌာနီ၊ ပါသနီ၊ နာရာသီဝပ်၊ ဖန်ငနှင့် ဖူးခက်ခရိုင်တို့ အစရှိသည့် ခရိုင်ပေါင်း ၂၂ ခရိုင်တို့တွင် နိုဝင်ဘာ ၂ ရက်မှစတင်၍ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်ကတ်ပြားကို ရွှေ့ပြောင်းအလုပ်သမားများအတွက် သုံးလတိုင်တိုင် One Stop Service စခန်းများ၌ နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထိုင်းနိုင်ငံအစိုးရမှ အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီအလုပ်လုပ်ကိုင်ခွင့်ကို ဒုတိယအကြိမ် သီးသန့်ပြုလုပ်ပေးခြင်း အစီအစဉ်မှာ ငါးဖမ်းလှေများ၌သာ အလုပ်လုပ်ကိုင်နေကြသည့် အထောက်အထားမဲ့ အလုပ်သမားများအား သီးသန့် ပြုလုပ်ပေးနေခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအစိုးရ၏ သတင်းထုတ်ပြန်ထားချက်များအရ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် (ပန်းရောင်ဘတ်) ပြုလုပ်ရာ၌ ကုန်ကျမည့် ငွေမှာ ကျန်းမာရေးဆေးစစ်ခငွေ ဘတ် ၅၀၀၊ ကျန်းမာရေး အာမခံကတ်ပြုလုပ်ခငွေဘတ် ၁၆၀၀၊ အလုပ်သမား မှတ်ပုံတင်ကြေးဆောင်ရွက်ခငွေဘတ် ၁၀၀၀ နှင့် ကိုယ်ရေးရာဇဝင်မှတ်ပုံတင်ကြေးခငွေဘတ် ၈၀ ဖြင့် စုစုပေါင်း ဘတ်ငွေ ၃၁၈၀ ကုန်ကျမည်ဖြစ်ကြောင်း သိရပြီး သက်တမ်းတစ်နှစ်ရရှိမည်ဖြစ်ကာ အလုပ်သမားများမှမိမိတို့ အလုပ်ရှင်များနှင့်အတူ One Stop Service စခန်းသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ရမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံအစိုးရကအသိပေးကြေညာထားသည်။

သတ်မှတ်ကာလအတွင်း သွားရောက်မှတ်ပုံတင်ရန်ပျက်ကွက်သော အလုပ်ရှင်သည် အနည်းဆုံးငွေဘတ်တစ်သောင်းမှ ဘတ်တစ်သိန်း အထိနှင့် အလုပ်သမားများသည် ငါးနှစ်ထက်မပိုသောထောင်ဒဏ်(သို့မဟုတ်) ဘတ်နှစ်ထောင်မှ ဘတ်တစ်သိန်းထိ(သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးကို ကျခံရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအစိုးရက အသိပေးဖော်ပြထားသည်။

လက်ရှိထိုင်းနိုင်ငံအစိုးရမှ ဆောင်ရွက်ပေးနေသော ပန်းရောင်ဘတ်ကတ်ကိုင်ဆောင်မည့် ရွှေ့ပြောင်းအလုပ်သမားသည် ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်တစ်ခုမှ အခြား ခရိုင်တစ်ခုသို့ ဖြတ်သန်းသွားလာလိုလျှင် အလုပ်ရှင်၏ ထောက်ခံစာဖြင့် နယ်မြေဖြတ်ကျော်သွားလာခွင့် ရရှိမည်ဖြစ်ပြီး ကျန်းမာရေးအတွက် အကြီးစားခွဲစိတ်ကုသမှုမှလွဲ၍ ကလေးမွေးဖွားခြင်း ကအစ ဘတ် ၃၀ ဖြင့် ဆေးဝါးကုသခွင့်ရရှိမည်ဖြစ်သည်။ ပတ်စပို့ကဲ့သို့ အလုပ်လုပ်ကိုင်ခွင့် work permit လုပ်ရန်လည်း မလိုအပ်တော့ဘဲ ရက်ပေါင်း ၉၀ လျှင် တစ်ကြိမ်နီးစပ်ရာ လဝကရုံး၌ပွဲစားဖြင့် ငွေ့စာရင်းတိုင်တံဆိပ်တုံးထုရန် မလိုအပ်တော့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက် ဆေးဝါးများဝယ်ယူရန် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း တင်ဒါခေါ်ယူကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၉-၁၀-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၂၈-၁၁-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | ၁၆း၃၀နာရီ |

ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် ဖုန်း-၀၅၇-၂၁၁၉၅၊ ၀၅၇-၂၁၉၈၆၊ ၀၅၇-၂၄၈၁၃

**မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**


ရွှေကြားစည် မှ ကျိုက်ထီးရိုး(နေ့စဉ်-နံနက်/ည)

Nov 24,25,27

ဖုန်းဆိုးတန်း 01-240860/01-372290 ဒေါ်ပုံ 09-49282825 09-421029191



GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီနိုင်ငံထုတ် MAN အဆင့်မြင့်ကားများဖြင့်...
☆ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
☆ချောင်းသာ(နေ့စဉ်)/ငွေဆောင်(သောကြာ)
Ph: 209200, 430480, 544383, 703448, 705968


## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၉-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၉) ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာတွင် အလုံမြို့နယ် ဦးအောင်ကြည်၊ ဦးဆောင်ခင်အစား ဦးအောင်ကြည်၊ ဦးအောင်ခင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် နန်းထိုက်တော်ဝင်/၁၃၃၂၉ရေယာဉ်၏ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးဝင်းကြိုင် ဖုန်း-၀၉-၇၉၅၅၃၉၃၀၀**

## ကြော်ငြာစာအမှတ်(၁/၂၀၁၅)
## ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက်
## ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ရက်

၁။ မွန်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံးလက်အောက်ရှိ မော်လမြိုင်နှင့်ရေးမြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| မြို့နယ်ဒုတိယဦးစီးမှူး | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |
| စာရင်းကိုင်အဆင့်-၁ | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ ၁-၁၂-၂၀၁၅ရက်တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါကအသက်၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို မွန်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၊ မော်လမြိုင်၌ဝယ်ယူ လျှောက်ထားနိုင်ပြီး ၃-၁၂-၂၀၁၅ ရက်အရောက် လူကိုယ်တိုင်ပေးပို့လျှောက်ထားရမည်။လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ ဝန်ထမ်းများသည်မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန အကြီးအကဲမှတစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ မိမိစာမေးပွဲဖြေဆိုမည့်ရုံးသို့ ၃-၁၂-၂၀၁၅ ရက် အရောက်ပေးပို့ရမည်။

၅။ ရေးဖြေစာမေးပွဲကို မွန်ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေးကော်မတီရုံးတွင်ကျင်းပမည်။ ၁၉-၁၂-၂၀၁၅ ရက်(စနေနေ့)တွင် မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

**မွန်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး**
**မော်လမြိုင်**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးနိုင်ရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်မှန်၊ ဓာတ်ခွဲဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၉-၁၁-၂၀၁၅ရက် (တနင်္လာ) |
| **တင်ဒါပိတ်မည့်ရက်** | - | ၂၀-၁၁-၂၀၁၅ ရက် (သောကြာ) |
| **တင်ဒါပိတ်မည့်အချိန်** | - | ညနေ ၄း၃၀ နာရီ |

၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**၆၈×၇၀ ကြား၊ ၃၀×၃၂ ကြား၊ ချမ်းအေးသာစံမြို့နယ်**
**မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၆၆၆၉၁၊ ၀၂-၆၆၆၉၃၊ ၀၂-၆၅၆၃၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၃-သရက်မှော်)အကွက်၊ ဦးပိုင် (၄/၇)၊ ဧရိယာ (၀ဒသမ၁၃၇)ဧကရှိ (အရှေ့ဘက်-နေပူကုန်းလမ်း၊ အနောက်ဘက်မြို့ရိုး၊ တောင်ဘက်-ဦးထွေး၊ မြောက်ဘက်-ဦးလှအောင်) မြေအား လူနေဂရန်ရရှိရန် ဦးအောင်အောင်လတ် ၇/တငန(နိုင်)၀၉၈၂၃၇က လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး၊ ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ကလေးများအတွက် အင်္ဂလိပ်စာလေ့လာမှု အပ်ပလီကေးရှင်းဖြင့် ဟသ်ာတကွန်ပျူတာတက္ကသိုလ်လူငယ်အဖွဲ့ အနိုင်ရရှိ

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာ့ မိုဘိုင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သည့် လူငယ်မိုဘိုင်း App Developer များ ပိုမိုပေါ်ထွက်လာစေရေးအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည့် Samsung Tech Institute Android Mobile Application Development Training Program 2015 ပြိုင်ပွဲတွင် မူကြိုကလေးနှင့် သူငယ်တန်းအရွယ်ကလေးငယ်များ အင်္ဂလိပ်စာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရေးဆွဲထားသော English for Kids Application ကို ဖန်တီးခဲ့ကြသည့် ဟသ်ာတ ကွန်ပျူတာတက္ကသိုလ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများဖြစ်သော မမေယမင်းသော်၊ မစောယုနွယ်နှင့် မောင်စရိုးမကျော် တို့က ပထမဆုကို ထိုက်တန်စွာဆွတ်ခူးနိုင်ခဲ့ပြီး ဆုကြေးငွေ USD ၂၀၀၀ တန်ဖိုးရှိ ငွေသားနှင့် Samsung ပစ္စည်းများ ရယူသွားနိုင်ခဲ့သည်။ ပြိုင်ပွဲအစီအစဉ်အတွက် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တွင် သင်တန်းပေးလေ့ကျင့်မှုများကို အောက်တိုဘာ ၁ ရက်တွင် စတင်ပြီး ၂၈ ရက်တွင် ပြီးဆုံးခဲ့သည်။ ကျောင်းသားများ ဖန်တီးပြုလုပ်ထားသည့် Application များကို အောက်တိုဘာ ၂၉ ရက်တွင် အမှတ်ပေး စည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်စေခဲ့ပြီး ဆုရရှိသူများကို နိုဝင်ဘာ ၃ ရက်တွင် ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန် ကွန်ပျူတာတက္ကသိုလ် အပါအဝင် အောက်မြန်မာနိုင်ငံတစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်များမှ လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူ ၇၅ ဦးဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါကျောင်းသားများကို သုံးဦးတစ်ဖွဲ့နှုန်းဖြင့် အဖွဲ့ငယ်များဖွဲ့စည်း၍ တစ်ဖွဲ့လျှင် App တစ်ခုစီ ဖန်တီးယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ယခုနှစ်ပါဝင်ယှဉ်ပြိုင်သော Application ၂၅ ခု တွင် ဟင်းချက်နည်း၊ စိုက်ပျိုးရေး၊ IT နှင့် နည်းပညာ၊ ဘာသာစကား၊ အလုပ်အကိုင်ရှာဖွေရေး၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးနှင့် ပတ်သက်သော application များ ပါဝင်သည်။ အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်သောကြောင့် ဒိုင်လူကြီးများအဖြစ် ယင်းတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ Samsung မှ တာဝန်ရှိသူများ၊ ALPHA Info Tech၊ Studio AMK နှင့် Yangon Heartz အစရှိသော အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"Tech Institute Program က တကယ်ကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းတွေကို ထုတ်ဖော်ခွင့်ပေးလိုက်တာပါ။ ဒီ Tech Institute ပရိုဂရမ်ကတစ်ဆင့် ကျောင်းသားတွေဟာ application ရေးဆွဲတတ်ရုံသာမက အဖွဲ့လိုက်ပါဝင် လှုပ်ရှားရတဲ့ လုပ်ဆောင်မှုမျိုးတွေပါ ရရှိမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကနေ မြန်မာ IT ကဏ္ဍအတွက် ထူးချွန်လူငယ်တွေ အများအပြား ထွက်ပေါ်လာဖို့ မျှော်လင့်ပါတယ်"ဟု Samsung Myanmar ၏ မန်နေဂျင်းဒါရိုက်တာ Mr. Nam Sik Ahn က ပြောကြားသည်။

ထို့အပြင် ဒုတိယဆုရရှိသော အိမ်ရှင်မများအတွက် အစားအသောက်များ ချက်ပြုတ်ရာတွင် ကိုးကားနိုင်ရန်ရည်ရွယ်၍ Cooking Guide Application ကို ရေးဆွဲသော တောင်ငူ ကွန်ပျူတာတက္ကသိုလ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများအဖွဲ့က ဒုတိယဆုရရှိခဲ့ပြီး USD ၁၅၀၀ တန်ဖိုးရှိ ငွေသားနှင့် Samsung ပစ္စည်းများရရှိခဲ့ကြကြောင်း သိရသည်။

ဖုန်းသုံးစွဲသူများအတွက် အစားအသောက်များအား လမ်းညွှန်အကြံပေးနိုင်ရန်အတွက် ရည်ရွယ်၍ ရေးဆွဲထားသော Chef Master Application ကို ရေးဆွဲသော ရန်ကုန် ကွန်ပျူတာတက္ကသိုလ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက တတိယဆုရရှိခဲ့ပြီး USD ၁၀၀၀ တန်ဖိုးရှိ ငွေသားနှင့် Samsung ပစ္စည်းများ ပိုင်ဆိုင်သွားခဲ့သည်။

Samsung Tech Institute Android Mobile Application Development Training အစီအစဉ်ကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်များမှ ကွန်ပျူတာသိပ္ပံမေဂျာ ကျောင်းသားကျောင်းသူများအတွက် Samsung Tech Institute Android Mobile Application Development Training Program ကို ပထမဦးဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်သည်။

ထပ်မံ၍လည်း မန္တလေးကွန်ပျူတာတက္ကသိုလ် (UCSM) တွင် အထက်မြန်မာနိုင်ငံတစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်များမှ ရွေးချယ်စေလွှတ်သည့် ကျောင်းသား ၇၅ ဦးဖြင့် ယခုလအတွင်း ပြိုင်ပွဲကျင်းပသွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း Samsung Tech Institute မှ တစ်ဆင့် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၂၀၀ ကို သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တွင်ကျင်းပသည့် ဆုချီးမြှင့်ပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဦးကိုကိုဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စက်မှုနည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုး၊ ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် Samsung မြန်မာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

❐ *ကျော်ဖုံးမှ*

ဆင်ဖြူတော်ပုံ၏အောက်တွင် 5000 Kyats နှင့် ထုတ်လုပ်သည့်ခုနှစ် 2015 ဟု ပါရှိသည်။ ငွေဒင်္ဂါးကျောဘက်ပတ်လည်အပေါ်ဘက်တွင် THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR ဟုလည်းကောင်း၊ အောက်ဘက်တွင် CENTRAL BANK OF MYANMAR ဟုလည်းကောင်း ပါရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပထမသက်တမ်း အထိမ်းအမှတ်ငွေဒင်္ဂါးကို အကန့်အသတ်ဖြင့် သွန်းလုပ်ခြင်းဖြစ်ပြီး ဝယ်ယူလိုပါက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအရောင်းဆိုင်များတွင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

◆ *ကျော်ဖုံးမှ*

နည်းပြဆလပ်စကီး၏ CSKA မော်စကို ပွဲထွက်စာရင်းတွင် မူဆာ၊ နတ်ချို၊ ဝမ်ဘာလွန်း၊ မီလာနော့၊ ဒီဇာဂေါ့၊ တိုဆစ်၊ ဖာနန်ဒက်စ်၊ ချန်နီကော့၊ အီနာချိဗစ်၊ ဘီရီဇတ်စကီးနှင့် ဂိုးတွင် အကင်ဖိဗ်တို့ ပါဝင်ခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဒုတိယပိုင်းပွဲချိန် ၇၉ မိနစ်တွင် မန်ယူအတွက် တစ်လုံးတည်းသောဂိုးကို ရွန်းနီကခေါင်းတိုက်သွင်းယူခဲ့သည်။ အုပ်စု (B)မှ ဆီဗီလာနှင့် မန်စီးတီးပွဲ တွင် ဆီဗီလာအသင်း၌ လိုရန်တီ၊ ဘာနီဂါ၊ ဗီတိုလို၊ ကာချိုဝိခ်၊ အိုင် ဘော်ရာ၊ ကိုနိုပလိုင်းအန်က၊ သီမို သီး၊ ရာမီ၊ ကိုကီ၊ ထရီမူလီနက်စ်၊ ဂိုးဝွန်ဇာလက်ဇ်တို့ ပါဝင်ခဲ့သည်။

မန်စီးတီးအသင်းတွင် ဘိုနီ၊ ဖာနန်ဒင်ဟို၊ စတာလင်း၊ နားဗက်စ်၊ ယာယာတိုရေး၊ ဖာနန်ဒို၊ ကိုလာရော့ဗ်၊ ကွန်ပနီ၊ အော့တာမန်ဒီ၊ ဆက်ဂ်ညာနှင့် ဝါရင့်ဂိုးသမား ဂျိုးဟတ်တို့ ပါဝင်ခဲ့သည်။

မန်စီးတီးက ပွဲစပြီး ရှစ်မိနစ်တွင် ဖာနန်ဒင်ဟိုဖန်တီးပေး၍ စတာလင်းက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၁၁ မိနစ်တွင် ဘိုနီဖန်တီးပေးမှုမှ ဖာနန်ဒင်ဟိုက ဒုတိယဂိုးသွင်းယူသည်။ ပွဲချိန် ၂၅ မိနစ်တွင် ဆီဗီလာအတွက် ချေပဂိုးကို မူလီနက်စ်က သွင်းယူခဲ့သည်။ မန်စီးတီးအတွက် တတိယဂိုးကို ၃၆ မိနစ်တွင် တိုက်စစ်မှူး ဘိုနီက သွင်းယူခဲ့ပြီး ပွဲအပြီး မန်စီးတီးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၄)ကစားအပြီးတွင် အုပ်စု (B)မှ မန်ယူက ခုနစ်မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး CSKA က လေးမှတ်သာ ရရှိထားသည်။ အုပ်စု(D)တွင် မန်စီးတီးသည် ကိုးမှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်နေပြီး ဆီဗီလာက သုံးမှတ်ရထားသည်။

အုပ်စု(A) တွင် ရှက်တာဒိုးနက်က မယ်လ်မိုကို လေးဂိုး - ဂိုးမရှိ၊ ရီးရဲက ပီအက်စ်ဂျီကိုတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ အုပ်စု(B) တွင် ပီအက်စ်ဗွီက ဝုဖ်ဘတ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ အုပ်စု(C) တွင် အက်စ်တာနာနှင့်အက်သလက်တီကို ဂိုးမရှိ သရေကျပြီး ဘင်ဖိကာက ဂလာတာစာရေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ အုပ်စု(D) တွင် ဂလာဘတ်နှင့် ဂျူဗင်တပ်စ်တို့ တစ်ဂိုးစီဖြင့် သရေကျသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးအောင်ဆန်းဦး၏သမီး ဘားအံတက္ကသိုလ် (သချာ်)အထူးပြု ခုံအမှတ် ၃ သခ ၇၀ ဖြင့် တက်ရောက်နေသော နန်းငွေငွေလွင်နှင့် နန်းနှင်းသဇင်ဦး ၃/ဘအန(နိုင်)၂၇၁၃၀၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းငွေငွေလွင်(ခ)နန်းနှင်းသဇင်ဦး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၄၇၇၇၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာစိုး ၇/တငန(နိုင်)၁၆၂၂၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

# နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာ ဆုတောင်းလွှာ

၅-၁၁-၂၀၁၅ ရက်မြတ်တွင်ကျရောက်သည့် ဖေဖေ ဦးဝင်းချိန် ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း-မေမေ ဒေါ်ယဉ်ယဉ်စိုး The Three Gems Jewellery shop (ဗိုလ်ချုပ်ဈေး)တို့၏ နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာမှသည် ရွှေရတု စိန်ရတုတိုင်အောင် သားတို့ သမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးကိုသယ်ပိုးရင်း သားသမီး၊ မြေးမြစ်တို့နှင့် ချစ်ခင်အေးချမ်းစွာ ကျန်းကျန်းမာမာ ဖြတ်သန်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်…။

**ချစ်သား ချစ်သမီးများ**

- ကိုဇော်မင်းသူ-မမီမီဝင်းချိန်
- မတင်နီလာချိန်
- ကိုနောင်ရဲခေါင်-မမြယဉ်ချိန်
- ဒေါက်တာစိုးဝေဖုန်း-မယွန်းငယ်ငယ်ချိန်

**21 AD @ BILLBOARD ADVERTISING**

ရန်ကုန် (ပန်းဆိုးတန်းစုံတံတား/ကမ်းနားလမ်းနှင့်လမ်းမတော်ထောင့်/ကမ်းနားလမ်းနှင့် ၂လမ်းထောင့်/ သမိုင်းလမ်းဆုံ/ပြည်လမ်းစော်ဘွားကြီးကုန်း/မင်္ဂလာဈေး စက်ရုံလမ်းဘက်ဝင်ပေါက်/ ရန်ကုန်ပုသိမ်လမ်းမပေါ်လှိုင်သာယာ BOCအဝိုင်း/ကန်တော်ကြီးဟော်ကီကွင်း)

နေပြည်တော် (ရာဇဌာနီလမ်းနှင့်ပန်းခင်းလမ်းထောင့်မီးပွိုင့်လမ်းဆုံ)

ပုသိမ် (ရွှေရုပ်တုအဝိုင်း/မဟာဗန္ဓုလလမ်းမပေါ် ပုသိမ်တက္ကသိုလ်ဝင်ပေါက်)

မိတ္ထီလာ (ကျောက်ပန်းတောင်းလမ်းမကြီးပေါ်သိဒ္ဓိအောင်လမ်းထောင့်)

ပြည် (ရန်ကုန်ပြည်လမ်းမပေါ်ရေဝတီလမ်းထောင့်/နဝဒေးလမ်းဆုံ)

မုံရွာ (ဗိုလ်ချုပ်ကြေးရုပ်အဝိုင်း)

ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်နားနေစခန်း/၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော် TOLL-GATE)

KING MAKER

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

**သာရာဌေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလဝီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၄/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ**

| | |
|---|---|
| တောင်ကြီးမီးပုံးပျံပွဲ | NOV 25 |
| ထားဝယ်(ရှင်ကိုးရှင်)-မောင်းမကန် | NOV 24 |
| လားရှိုး-သီပေါ-ပြင်ဦးလွင်မီးပုံးပျံပွဲ | NOV 25 |
| ကျိုက္ကမီ-စက်စဲ-ဖင်းကျိုက်ရေတံခွန် | NOV 9 |
| ဘားအံ-ကျုံထော်ရေတံခွန် | NOV 9 |
| မော်လမြိုင်-ဘားအံ | NOV 24 |
| ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး | NOV 20 |
| မန္တလေး(ကျောက်စိမ်းဘုရား)-ပြင်ဦးလွင် | NOV 20 |
| ချင်းမိုင်-ချင်းရိုင်-ရွှေတြိဂံ-မယ်ဆိုင် | NOV 22 |
| ဗီယက်နမ် (ဟနွိုင်း-ဟလောင်းဒေသ) | DEC 25 |
| ကိုရီးယား (ဆိုးလ်-ဂျယ်ဂျူး-ဘူဆန်) | DEC 23 |

01-389187
09-32109138
09-795418474

**အဆောင်**
**အမြန်ငှားရမ်းလိုသည်**

လူဦးရေ(၁၅၀)မှ (၂၀၀)ခန့်အထိ နေထိုင်မည်ဖြစ်ပါသည်။ သင်တန်းပေးရန်နေရာ လိုအပ်ပါသည်။ ရန်ကုန်မြို့အနီးတစ်ဝိုက်နှင့် နီးစပ်မြို့များသာ (ပဲခူး၊ လှည်းကူး၊ မှော်ဘီ)

**ဆက်သွယ်ရန်လိပ်စာ- ဖုန်း-၀၉-၄၃၁၇၃၄၈၈**

# ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များတွေ့ဆုံ



**ကျိုင်းတုံ နိုဝင်ဘာ ၄**

ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များတွင် မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားနိုင်ရေးအတွက် ကော်မတီဝင်များတွေ့ဆုံပွဲကို ကျိုင်းတုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ နိုဝင်ဘာ ၂ ရက်က ကျင်းပသည်။

ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းသီဟက ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များဖြစ်သည့် မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊ မဲဆွယ်စည်းရုံးကာလတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ နိုင်ငံရေးပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်းများကတင်ပြလာသည့် အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းပေးခြင်း၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှ သော်လည်းကောင်း၊ သက်ဆိုင်ရာဌာန(သို့)ပုဂ္ဂိုလ်များကသော်လည်းကောင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊ တင်ပြလာသော အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသောအခြေအနေပေါ်ပေါက်လာပါက တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ ညွှန်ကြားမှုကိုခံယူပြီးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်များ၏ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း လုပ်ငန်းတာဝန်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့သည်။

**အေးမောင်(ကျိုင်းတုံ)**

# ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**ကန့်ဘလူ နိုဝင်ဘာ ၄**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်များသက်တမ်းမပြတ်စေရေး၊ မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်များရရှိစေရေး၊ ဝေးလံသော ဒေသမှပြည်သူများ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ အဆင်ပြေစေရေးအတွက် နယ်လှည့်ရွှေ့လျားစနစ်ဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့တွင် အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်လွင်ဦးဆောင်၍ ဆက်စပ်ဌာနများ မြို့နယ်မစကအဖွဲ့တို့နှင့် ပူးပေါင်းကာ ယာဉ်အမျိုးအစားအလိုက် သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းနှင့် အသစ်ပြုလုပ်ပေးခြင်းတို့ကို ကန့်ဘလူမြို့ ပိတောက်သီဂီခန်းမ ၁ ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျေးရွာ ၂၀ ၌ စက်ရေတွင်းများ၊ ရေကန်များတူးဖော်

**မိတ္ထီလာ နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ကျေးလက်လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ကျေးလက်မီးလင်းရေး၊ သောက်သုံးရေရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ သောက်သုံးရေအခက်အခဲမရှိစေရေး ကျေးရွာ ၂၀ ၌ စက်ရေတွင်းများ၊ ရေကန်များ တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးလိုမိုးနည်း ရပ်ဝန်းဒေသ မိတ္ထီလာမြို့အနောက်ဘက်ရှိ ကျေးရွာများ၌ နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိစေရေး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ပြီး Well-Done Engineering Co.,Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အကျယ် (၁၉၀ ×၁၀၀) ပေ၊ အနက် ခြောက်ပေရှိသည့် မြေသားရေလှောင်ကန်များကို နွားစမ်းတောင်ကျေးရွာနှင့် လျော်ဖြူပင်ကျေးရွာများတွင် တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအပြင် အကျယ် ၄ ဒသမ ၅ လက်မရှိစက် ရေတွင်းများကို အခြား ၁၈ ရပ်ကွက်တို့၌လည်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာ၂၀မှ ဆပ်ပြာကျင်းကျေးရွာသည် သောက်သုံးရေရရှိရန်အတွက် အနက်ပေ ၃၀၀ တူးဖော်ခဲ့သော်လည်း ရေငန်များသာထွက်ရှိသဖြင့် ရွာနှင့်ဝေးသောနေရာများမှ နွားလှည်းများဖြင့် သွားရောက်၍ ရေများခပ်ယူလျက်ရှိရာ ယခုကဲ့သို့ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးသည့်အတွက် အိမ်ခြေ ၈၀ လူဦးရေ ၄၆၀ ကျော်ရှိသည့် ဆပ်ပြာကျင်း ကျေးရွာလေးမှာ သောက်သုံးရေအတွက် ရေချိုရရှိတော့မည် ဖြစ်ကြောင်း ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဆန်ဈေးမြင့်တက်လာခြင်းကြောင့် ဝယ်ယူစားသုံးနေသူများအခက်တွေ့

**ရေတာရှည် နိုဝင်ဘာ ၄**

ဈေးကွက်တွင် မြင့်တက်လျက်ရှိသည့် ဆန်ဈေးနှုန်းကြောင့် မိသားစုများပြားပြီး ဝင်ငွေနည်းပါးသော မိသားစုများ၌ အခက်အခဲဖြစ်ပေါ်နေကြောင်း သိရှိရသည်။ ကျေးလက်ဒေသများတွင် ဝင်ငွေနည်းပါးသည့် မိသားစုများမှာ ထိုင်းကောက်၊ သုခအုပ်စု၊ ဆင်းသွယ်လတ်၊ ရတနာတိုးအစရှိသည်တို့ကို သာစားသုံးကြပြီး လက်ရှိဈေးကွက် ပေါက်ဈေးအရ ဆန်တစ်အိတ်လျှင် ကျပ်၂၂၀၀၀ မှ ၂၈၀၀၀ အထိပေး၍ ဝယ်ယူနေကြရကာ ဆန်အမျိုးအစားပေါ်မူတည်၍ ငွေကျပ် ၉၅၀မှ ၁၂၀၀-၁၃၀၀ ဖြင့် ဈေးကွက်တွင် ရောင်းချနေသည်ကို တွေ့ရသည်။ "မိသားစုကများ ဝင်ငွေကနည်းဆိုတော့ တစ်နေ့ ထမင်းသုံးနပ်အတွက် ရုန်းကန်ရမယ့်အခြေအနေဖြစ်နေတယ်"ဟု ကျေးလက်တောရွာမှ ဈေးလာဝယ်သူတစ်ဦးက ပြောသည်။



စပါးဈေးနှုန်း မြင့်တက်ခြင်းကြောင့် တောင်သူများဝင်ငွေကောင်းမွန်သော်လည်း နေ့စားလုပ်သားများအတွက် ဝယ်ယူစားသုံးကြရသည့်အခါ ဈေးနှုန်းမြင့်တက်နေခြင်းသည် အခက်အခဲများစွာ ကြုံတွေ့ကြရကာ ငွေကြေးတတ်နိုင်သူများက စပါးနှင့်ဆန်ကို ဝယ်ယူသိုလှောင်မှုပမာဏများပြားခြင်းအပြင် ရေဘေးသင့်ဒေသများ၏ ဝယ်လိုအားနှင့် လိုအပ်ချက်များကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်မှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

# မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများထုတ်ပေး

**စဉ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ အသုံးပြုမည့်မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်၊ အတွင်းရေးမှူး ဦးသိုက်ထွန်းနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့သည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စုတို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ထုတ်ပေးသော မဲလက်မှတ်နှင့် တံဆိပ်တုံး၊ ချိပ်တံဆိပ်နှင့်ချိပ်တောင့်များ လုံခြုံစွာစနစ်တကျသယ်ယူရောက်ရှိစေရန် ရပ်ကွက်/ ကျေးရွာအလိုက် မြို့နယ်ရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲရုံများ၌ အသုံးပြုရန် မဲပုံးများ၊ တံဆိပ်တုံးများ၊ မဲလက်မှတ်များနှင့် မဲရုံသုံးဆက်စပ်ပစ္စည်းများကို ကန်ကြီးထောင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ နိုဝင်ဘာ ၃ ရက်မှ စတင်ထုတ်ပေးလျက်ရှိရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများမှ လာရောက်ထုတ်ယူလျက်ရှိသည်။

ကန်ကြီးထောင့်မြို့နယ်တွင် စုစုပေါင်းမဲရုံ ၁၄၀ ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာအသီးသီးရှိ မဲရုံပေါင်း ၃၈၀ တွင် ဖြန့်ဝေရန်အတွက် လွှတ်တော်အရပ်ရပ်ဆိုင်ရာ ဆန္ဒမဲလက်မှတ်များကို နယ်မြေခွဲအလိုက်၊ ကျေးရွာမဲရုံအလိုက် စစ်ဆေးရေတွက်ခြင်း၊ ထုပ်ပိုးခြင်းများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေကြစဉ်။**

နေအောင်(ပြန်/ဆက်)

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်မဲလက်မှတ်နှင့် မဲဆန္ဒရှင်လက်မှတ်များကို ရပ်ကွက်နှင့်ကျေးရွာအုပ်စုများအလိုက် မဲရုံပေါင်း ၃၀၇ ရုံအတွက် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီမှစ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

ပြည်သူများစနစ်တကျလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲလက်မှတ်နှင့်အတူ ဆန္ဒမဲပေးမည့်မဲရုံအတွင်း လိုအပ်သည့် ဆက်စပ်ပစ္စည်းများကိုပါစနစ်တကျ မဲရုံအလိုက်ထုတ်ပေးလျက်ရှိပြီး ထုတ်ယူရာတွင် စည်းကမ်းတကျထုတ်ယူနိုင်ရေးနှင့် လုံခြုံရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရွေးကောက်ပွဲကာလတွင် တာဝန်ပေးအပ်ထားသည့် အထူးရဲတပ်ဖွဲ့ဝင်များပါဝင်၍ ထုတ်ယူလျက်ရှိကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေး ဆွေးနွေး

**ကျောင်းကုန်း နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်ဥက္ကဋ္ဌ/ အတွင်းရေးမှူးများ၊ မဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းကို နိုဝင်ဘာ ၃ ရက်ကကျင်းပရာ အခမ်းအနားသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်မဲရုံမှူးများ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# မြင်းမူမြို့နယ်တွင် စပ်မျိုးနေကြာ မျိုးစေ့ထုတ်နည်းပညာ ကွင်းသရုပ်ပြသ



**မြင်းမူ နိုဝင်ဘာ ၄**

ဆီထွက်သီးနှံအထွက်တိုး စပ်မျိုးနေကြာ မျိုးစေ့ထုတ်နည်းပညာ ပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင် ဘာ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကန်ဖျားကျေးရွာ ကွင်းအမှတ် (၃၇၇)၊ ဦးပိုင်အမှတ် (၄၃/၁)ရှိ တောင်သူ ဦးကျော်ခင်၏ ရေဆင်း(၁) စပ်မျိုးနေကြာ နှစ်ဧက စိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

" ရိုးရိုးနေကြာက အခွံထူပြီး အဆီအနှစ် နည်းတယ်။ တစ်ဧကကို တင်း ၂၀ ကျော်လောက် ထွက်တဲ့အတွက် တစ်ဧကကို နှစ်သိန်းကျော်လောက်ရတယ်။ ရေဆင်း(၁) စပ်မျိုးနေကြာက အခွံပါးပြီး အဆီအနှစ်လည်းများတယ်။ တစ်ဧကကို အမျိုးစေ့ ၁၀ တင်း ထွက်ပေမယ့် တစ်ဧကကို ခြောက်သိန်းကျော်လောက်ရတဲ့အတွက် နေကြာစိုက်တောင်သူများ စိုက်ပျိုးသင့်ပါတယ်" ဟု ရေဆင်း(၁) စပ်မျိုးနေကြာစိုက်တောင်သူဦးကျော်ခင်က ပြောပြသည်။

မြင်းမူမြို့နယ်၊ ကန်ဖျားကျေးရွာ အုပ်စုတွင် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေရရှိသဖြင့် ရေဆင်း(၁) စပ်မျိုးနေကြာကို ပိုမိုစိုက်ပျိုးနိုင်ပြီဖြစ်ပြီး မြင်းမူမြို့နယ်တွင် ရေဆင်း(၁) စပ်မျိုးနေကြာ ၁၉၈၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြန်/ဆက်)**

# မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေး

**လမ်းမတော်**

လမ်းမတော်မြို့နယ်ရှိရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများ၌ နိုဝင်ဘာ ၁ ရက်မှစ၍ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ စတင်ထုတ်ပေးနေရာ လမ်းမတော် ၁၁ ရပ်ကွက် လမ်းသစ်ရိပ်သာ၌ အဆိုပါနေ့တွင် ထုတ်ယူသူများပြားလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း ရပ်ကွက်ကော်မရှင်ရုံးများတွင် မဲဆန္ဒပေးပိုင်ခွင့်စာရင်းပါရှိသူများ လာရောက်ထုတ်ယူရန် ရပ်ကွက်များတွင် အသိပေးကြေညာလျက်ရှိသည်ကို တွေ့မြင်ရသည်။ **ခင်ဆိုင်**

**မော်လမြိုင်**

မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ စစ်ကဲကုန်းရပ်ကွက်အတွင်း မဲဆန္ဒရှင် ၅၅၆၉ ဦးရှိပြီး မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၃ ရက်အထိ လာရောက်ထုတ်ယူမှုမှာ ၅၀ ရာခိုင်နှုန်းရှိပြီး ကြိုတင်ဆန္ဒမဲပေးသူမှာ ရှစ်ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ဝေလင်း(မြန်/ဆက်)**

**ရွှေပြည်သာ**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၇) ရပ်ကွက်တွင် မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ထုတ်ပေးသွားမည်ဟု ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှသိရသည်။ ဤရပ်ကွက်မျာကို ဆန္ဒမဲပေးရမည့်ရက်တွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်း

**ကြာအင်းဆိပ်ကြီး နိုဝင်ဘာ ၄**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှကြီးမှူး၍ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်က အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာက မဲရုံအလိုက်လုံခြုံရေးဆောင်ရွက်ထားရှိသည့် အစီအမံများရှင်းလင်းခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသိန်းထွန်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဘုရားသုံးဆူမြို့ အမှတ်(၃) ရပ်ကွက် မဲရုံအမှတ်(၂) မဲရုံလုပ်ငန်းအား သရုပ်ပြဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**ပေါင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှု One Stop Shop (OSS)ရုံး ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးဝင်း၌ ကျင်းပခဲ့သည်။

ပေါင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှု(OSS) ရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန စသည့်ဌာနပေါင်းကိုးဌာနတို့ပါဝင်ကြပြီး အဆိုပါဌာနများက ပြည်သူများ၏ ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

# ကလေးသူငယ်ဗဟိုပြု သတင်းအချက်အလက် တွေ့ရှိမှုများဆွေးနွေး

**မော်လမြိုင် နိုဝင်ဘာ ၄**

ကလေးသူငယ်ဗဟိုပြု မြို့နယ်အဆင့် သတင်းအချက်အလက်ဆိုင်ရာ သုတေသနတွေ့ရှိချက်များ မျှဝေ တင်ပြဆွေးနွေးပွဲကို မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အမှာစကားပြောကြားပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ မော်လမြိုင်ရုံးတာဝန်ခံ MS Anne-Cecile Vialle က ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်သည့် သုတေသန တွေ့ရှိချက်များကို ဆွေးနွေးခဲ့သည်။

ကလေးသူငယ်ဗဟိုပြု မြို့နယ်အဆင့် သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးခွဲဝေ သုံးစွဲရေးတို့ကို ဆွေးနွေးကြပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်များအား အဖွဲ့လိုက်ဆွေးနွေးတင်ပြခြင်းကို တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးအကြံပြုခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုဝန်ထမ်း ဦးစီးဌာနဝန်ထမ်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

**မုဒုံမောင်မောင်**

**အမြို့မြို့အနယ်နယ်ပြန့်သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း (၃၄) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းကကြီးမှူး၍ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ အသက် ၇၀ နှစ်နှင့်အထက် သူနာပြု သားဖွား၊ ကျန်းမာရေးဆရာမကြီးများအား (၃၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ် (ပင်မ) ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံမည့် ပုဂ္ဂိုလ်များသည် အချိန်မီကြိုတင်ဆက်သွယ် သတင်းပို့ကြပါရန်နှင့် ဖိတ်စာနှင့် ထိုင်ခုံအမှတ်ပါ ရင်ထိုးတံဆိပ်များကို နိုဝင်ဘာ ၁၅ရက်မှစ၍သတင်းပေးပို့သည့်လိပ်စာအတိုင်း ပေးပို့သွားမည်ဖြစ်သည်။

အလှူငွေနှင့် အလှူပစ္စည်းများကို ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြ ဖုန်း-၀၉ ၄၂၀၃၉၄၅၇၊ ဒေါ်နွဲ့နွဲ့ခင် (ညွှန်ကြားရေးမှူး-သူနာပြု) ဖုန်း-၀၆၇-၄၁၁၁၄၇၊ ဒေါ်ခင်မာကြည် (ညွှန်ကြားရေးမှူး-သူနာပြု) ဖုန်း-၀၆၇-၄၁၁၃၈၆၊ဦး ခင်မောင်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၁-၃၈၈၆၃၁၊ ၀၉-၅၀၉၄၅၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **ရီရီသန့်**

# ပေါ်ဆန်းရင်စံကွက်ရိတ်သိမ်း တစ်ဧက ၇၆ ဒသမ ၁၉ တင်းထွက်ရှိ

**မုဒုံ နိုဝင်ဘာ ၄**

မွန်ပြည်နယ် မုဒုံမြို့နယ် တော်ကူးကျေးရွာ ကွင်းအမှတ်- ၈၆၈ ၌ စိုက်ပျိုးထားသည့် တောင်သူ ဒေါ်အေးသိန်း၏ မိုးစပါးပေါ်ဆန်းရင် GAP ၁၀ ဧက မျိုးသန့်စံပြကွက် စိုက်ခင်းစံကွက်ရိတ်သိမ်းခြင်းကို ယနေနံနက် ၇ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သက်ဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်တို့က ကြီးကြပ်ဆောင်ရွက်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ တောင်သူများက စုပေါင်း၍ စံကွက်ကို ရိတ်သိမ်းကြသည်။

အဆိုပါ စံကွက်မှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စံကွက်ရိတ်သိမ်းမှုပုံစံဖြင့် အကွက်ငယ်တိုင်းတာ၍ ကောင်း၊ သင့်၊ ညံ့ သုံးကွက်ဖြင့် ထုထည်နည်း (By Volume)၊ အလေးချိန်နည်း (By Weight) နှင့် စိုက်ပျိုးရေးဦးစီးဌာန အထွက်နှုန်းမိတ်ဖက်နည်း (Y-method) ရိတ်သိမ်းခြင်းတို့ဖြင့် တွက်ချက်မှုအရ ပျမ်းမျှစပါးအစိုအထွက်နှုန်း ၇၆ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကောလင်း၌ ဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေ**

**ကောလင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းမြို့နယ်၌ ကျေးရွာ ၉၄ရွာရှိ အိမ်ထောင်စု ၁၄၂၃၅ စုလူဦးရေ ၆၈၄၆၀ အတွက် ဆေးစိမ်ခြင်ထောင်အလုံး ၂၉၅၇၅၀ ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် University Research Company တို့ပူးပေါင်းပြီး နိုဝင်ဘာ ၂ ရက်က ထောက်ပံ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးမှုမှာ ငှက်ဖျားရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် ငှက်ဖျားအလွှာ(B)အဆင့်ရှိ ကျေးရွာများမှ အိမ်ထောင်စုများကိုဖြန့်ဝေပေးခြင်းဖြစ်သည်။ ထို့အပြင် ကောလင်းမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားရောဂါအကြောင်း ပညာပေးခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုမောင်(ကောလင်း)**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၄**

အသက် သုံးနှစ်မှငါးနှစ်အရွယ် ကလေးငယ်များကို နည်းစနစ်မှန်စွာ မူကြိုပညာ သင်ကြားပေးရန် မူလတန်းကြိုကျောင်း ဖွင့်လှစ်လိုသူများနှင့် သင်ကြားပို့ချမည့် ဆရာ ဆရာမများအတွက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ပေးသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၁၅) ဆင်းပွဲကို နိုဝင်ဘာ ၁ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ကလေးများ အသက်အရွယ်အလိုက် နည်းစနစ်မှန်စွာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် သင်ကြားပေးစေရေးနှင့် သင်တန်းတက်ရောက်ပြီးသူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက စဉ်ဆက်မပြတ်သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၀၁-၅၅၂၉၅၇ နှင့် ၀၁-၅၅၂၈၂၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများအကြောင်း အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်က နဒီမြန်မာဟိုတယ်၌ ကျင်းပသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများအကြောင်း အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးနှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေတို့က ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အခြေအနေများနှင့် ကြိုတင်ကာကွယ်မှု လုပ်ငန်းများ၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ ၂၀၁၃ အား ရှင်းလင်းခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ နည်းဥပဒေများ ၂၀၁၅ အား ရှင်းလင်းတင်ပြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်နည်းဥပဒေများအကြောင်း အသိပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလက်စွဲစာအုပ်မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလက်စွဲ စာအုပ်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိအမရာဟိုတယ်၌ ကျင်းပရာ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ရဲမှူးကြီး နေမိုးသက်တပ်ဖွဲ့မှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဂျပန်နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ဌာနေကိုယ်စားလှယ် Ms. Ami IKEDA က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် JICA Project Chief Advisior, Ms, KYOKO KATSUKI က လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက်နှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလက်စွဲစာအုပ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးလူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လက်စွဲစာအုပ်များကိုသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# စွန့်ပစ်ကလေးငယ်တစ်ဦး ကျိုင်းတုံမြို့ လူမှုဝန်ထမ်း ဦးစီးဌာနတွင် ပြုစုစောင့်ရှောက်ထား

**ကျိုင်းတုံ နိုဝင်ဘာ ၄**

အောက်တိုဘာ ၂၅ရက် နံနက်ကကျိုင်းတုံမြို့၌စွန့်ပစ်ထားသောကလေးငယ်တစ်ဦး တွေ့ရှိသဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၌ ပြုစုစောင့်ရှောက်ထားရန် ခရိုင်အုပ်ချုပ်ရေးမှူးဦးနေဦး၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်သူနိုင်သည် အဆိုပါကလေးငယ်တွေ့ရှိသည့်နေရာမှ ခေါ်ဆောင်ပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့်ကလေးပြုစုရေးဌာန တာဝန်ခံကျောင်းအုပ် ဒေါ်ရီရီခိုင်တို့က ပြုစုစောင့်ရှောက်လျက်ရှိသည်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အဆိုပါကလေးငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ရည်ရွယ်ပြီး မိသားစုဘဝကို အကောင်းဆုံးဖန်တီးပေးနိုင်မည့် မိဘအဖြစ်တာဝန်ယူမည့်သူများကို လူမှုဝန်ထမ်းဦးစီးဌာနမှ သတ်မှတ်ထားသော ကလေး မွေးစားရေးဆိုင်ရာစည်းကမ်းချက်များနှင့်အညီပြုစုစောင့်ရှောက်ပေးနိုင်မည့်သူများအား မွေးစားခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# သရက်မြို့နယ် ကိုးပင်ကျေးရွာ မီးလင်းရေးဖွင့်ပွဲကျင်းပ

**သရက် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကိုးပင်အုပ်စု ကိုးပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

မီးလင်းရေးနှင့်ဖွင့်ပွဲတွင် တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ် စား လှယ်ဒေါ်ယဉ်ယဉ်လှ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးနှင့် မြို့နယ်ဖွံ့ဖြိုးရေးထောက်အကူပြုဥက္ကဋ္ဌ ဦးတင်အောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# တယ်လီဖုန်းဆက်သွယ်ရေး မြေအောက်ကေဘယ်ကြိုးခင်းရန်ဆောင်ရွက်

**ဂန့်ဂေါ နိုဝင်ဘာ ၄**

ဂန့်ဂေါမြို့နယ်၌ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း၊ CDMA နှင့် GSM ကြိုးမဲ့ဖုန်းများဖြင့် မြန်မာနိုင်ငံအရပ်ဒေသအသီးသီးသို့ ဆက်သွယ်ပြောကြားနိုင်ပြီး ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း(ကြိုးဖုန်း)မှာ ဂန့်ဂေါမြို့ပေါ်ရှိ ရပ်ကွက်များနှင့် အနောက်ဂန့်ဂေါ၊ ရှုံးရှီ၊ ပျားကျေးရွာတို့တွင်သာ ခေါ်ဆိုဆက်သွယ်နိုင်ကြသော်လည်း ကြိုးမဲ့ဖုန်းများမှာ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာ ၁၀၀ ကျော်တို့တွင် ခေါ်ဆိုဆက်သွယ်နိုင်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်၌ တယ်လီဖုန်းလိုင်းများ ပိုမိုအဆင့်မြှင့်နိုင်ရန် MPT ၏ အစီအစဉ်များအနက် မြေအောက် Fiber Cable ခင်းခြင်းလုပ်ငန်းကို လွန်ခဲ့သည့် ငါးလကျော်ကာလမှစ၍ ပခုက္ကူနှင့် ဂန့်ဂေါ ၊ ပခုက္ကူနှင့် တမူးလိုင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်တွင် ဂန့်ဂေါမြို့သို့ရောက်ရှိ၍ ယခုအခါတွင် ဂန့်ဂေါမြို့တွင်း၌ လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလပထမပတ်အတွင်း ပြီးစီးနိုင်မည်ဟု သိရသည်။

အဆိုပါ မြေအောက်ကေဘယ်ကြိုးခင်းခြင်း လုပ်ငန်းအဆင့်ဆင့်ပြီးစီးသွားသည့်အခါတွင် ဂန့်ဂေါမြို့နယ်၌ MPT ၏ ဖုန်းဆက်သွယ်ခေါ်ဆိုပြောကြားမှု ပိုမိုအဆင်ပြေသွားမည်သာမက အင်တာနက်ချိတ်ဆက် အသုံးပြုသူများအနေဖြင့်လည်း ပိုမိုမြန်ဆန်စွာသုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**



## သတင်းတိုများ

# မြသန်းတင့်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး ဆွေးနွေး

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်သည် နိုဝင်ဘာ ၁ ရက်က မြိုင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ မြသန်းတင့်စာကြည့်တိုက်သို့ရောက်ရှိကာ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နိုင်ရေး ဆွေးနွေးခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးက ဒေသဈေးနှုန်းဖြင့် ခန့်မှန်းတွက်ချက်ထားမှုကို အင်ဂျင်နီယာတွက်ချက်မှုဖြင့် တွက်ချက်ရေးဆွဲ၍ စာကြည့်တိုက်တည်နေရာပြမြေပုံနှင့်တကွ အမြန်ဆုံးတင်ပြရန်၊ မိမိတို့ဌာနအနေဖြင့်လည်း မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ **(၁၃၅)**

# ကြက်ခြေနီအသင်းခွဲ ရှေးဦးသူနာပြုစုခြင်းသင်တန်းဆင်း

မွန်ပြည်နယ် ရေးမြို့ အထကခွဲ နီလာဆောင်၌ နိုဝင်ဘာ ၃ ရက် က မြို့နယ်ကြက်ခြေနီအသင်းခွဲ ရှေးဦးသူနာပြုစုခြင်း အခြေခံသင် တန်း အမှတ်စဉ်(၅/၂၀၁၅) သင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းမှာ သင်တန်းသား သင်တန်းသူ ၇၀ ဦး တက်ရောက်ကြပြီး အခြေခံရှေးဦးပြုစုခြင်း ဆိုင်ရာများကို လေးရက်ကြာ စာတွေ့ လက်တွေ့ ပို့ချပေးသည်။

**နေမျိုးထွဋ်(ရေး)**

# မဲဆန္ဒရှင်သက်သေခံကတ်ပြားများ လိုက်လံပေးအပ်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မအုပ်စု ရပ်ကွက်(၇)၌ မဲရုံအမှတ်(၁)မှ (၄)အထိ လေးရုံရှိရာ အသက်(၁၈နှစ်)ပြည့် ဆန္ဒမဲပေးမည့်သူပေါင်း ၃၄၄၁ ဦးရှိသည်။ နိုဝင်ဘာ ၂ ရက်အထိ ကြိုတင်ဆန္ဒမဲပေးသူ ၈၁ ဦးရှိကြောင်း မြို့မရပ်ကွက်ကော်မရှင်အဖွဲ့ခွဲတစ်ဦးထံမှ သိရသည်။

ဆန္ဒမဲသက်သေခံကတ်ပြားများကို နိုဝင်ဘာ ၂ ရက်မှစကာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များက အိမ်တိုင်ရာရောက် လိုက်လံပေးလျက်ရှိသည်။ သက်သေခံကတ်ပြားမရရှိသေးသူများသည် မြို့မအုပ်ချုပ်ရေးမှူးရုံးတွင် နိုဝင်ဘာ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ပြီး ရပ်ကွက်များမှ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ၊ ဆေးရုံတက်နေသူများ၊ သားဖွားသူများအချုပ်ကျ အကျဉ်းကျ စသည့် မဲဆန္ဒရှင်များအား မိမိ၏ကိုယ်ပိုင် ဆန္ဒမဲမဆုံးရှုံးစေရေးအတွက် ကြိုတင်မဲများကို မြို့မရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက လိုက်လံကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ညွန့်ရွှေ**

# ကျေးလက်ဦးစီးဌာနရုံး အဆောက်အအုံဆောက်လုပ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့်အဖွဲ့သည် မြန်မာမိတ်ကာဟုမ်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံတည်ဆောက်နေမှုကို အောက်တိုဘာ နောက်ဆုံးပတ်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# လွိုင်လင်မြို့ မဲရုံများသို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှု

**လွိုင်လင် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲကြီးကို ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လွိုင်လင်ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ နိုဝင်ဘာ ၃ ရက်က လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကာ မြို့နယ်အတွင်းရှိ မဲရုံများသို့လည်းကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းထွန်းမြနှင့် ဦးမြင့်ကိုကိုတို့က အမှာစကားပြောကြားကြပြီး လွိုင်လင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းတင်က လွိုင်လင်ခရိုင်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းထွန်းမြနှင့်အဖွဲ့သည် လွိုင်လင်မြို့ အမှတ်(၁)ရပ်ကွက်ရှိမဲရုံနှင့် အမှတ်(၄)ရပ်ကွက်ရှိ မဲရုံများသို့ သွားရောက်ပြီး အဆိုပါမဲရုံများ၌ မဲပေးမှုသရုပ်ပြသနေမှုကိုလည်းကောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မဲရုံသုံးပစ္စည်းများ ပြည့်စုံမှု ရှိမရှိကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို သက်ဆိုင်ရာကော်မရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ မြင်းမူမြို့နယ်၌ ထောက်ပံ့ပေးအပ်

**မြင်းမူ နိုဝင်ဘာ ၄**

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာများတွင် မီးလင်းရေးကို ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နေရောင်ခြည် စွမ်းအင်သုံး ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာသို့ နိုဝင်ဘာ ၂ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများက ကြာပင်လှ၊ မန်းသာစည်နှင့် မကျီးကိုးပင်ကျေးရွာများသို့ သွားရောက်ပြီး အိမ်ထောင်စု ၁၅၅ စုအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ၁၅၅ စုံကို ကျေးရွာပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ စံချိန်လင်းကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုပုံနှင့် ထိန်းသိမ်းနည်းများကို ကျေးရွာပြည်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့ကြသည်။

"နေရောင်ခြည် စွမ်းအင်သုံး ဆိုလာပြားနဲ့ ဆက်စပ်ပစ္စည်းတွေကို မြို့နယ်ရဲ့ အစွန်အဖျားမှာရှိပြီး လျှပ်စစ်မီးရရှိဖို့ခက်ခဲတဲ့ ကျေးရွာတွေကို ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနဲ့အတူ Controller၊ ဘက်ထရီအိုး၊ မီးသီး၊ မီးချောင်းနဲ့ ဆက်စပ်ပစ္စည်းတွေ ပါဝင်ပါတယ်။ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားနဲ့ တစ်နေ့တာ အားသွင်းထားတဲ့ ဘက်ထရီအိုးကိုအသုံးပြုပြီး မီးအားစားသက်သာတဲ့ LED တီဗွီကို နှစ်နာရီကြာ ကြည့်နိုင်ပါတယ်။ ၂ ဝပ် မီးသီး နှစ်လုံးနဲ့ ၁၀ ဝပ် မီးချောင်းတစ်ချောင်းကို ငါးနာရီကြာ ထွန်းနိုင်လို့ ကျေးလက် အိမ်ထောင်စုတစ်ခုအတွက် အလွန်အကျိုးရှိစေပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ပြောသည်။

**ဖိုးခါး(ပြန်/ဆက်)**

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများတွေ့ဆုံဆွေးနွေး

**သရက်ချောင်း နိုဝင်ဘာ ၄**

သရက်ချောင်းမြို့နယ်တွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ နိုဝင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးကျော်ထွန်းဦးက နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မိမိမြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်းအမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အတွင်းရေးမှူး ဦးကျော်ဝေက မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ ထားရှိခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်စိုးက မိမိတို့ဒေသသည် ရေလုပ်သားပေါများသည့် ဒေသဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပမည့်အချိန်တွင် ရေလုပ်သားများ မဲပေးနိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို မေးမြန်းခဲ့သည်။ အဆိုပါမေးမြန်းချက်များ အပေါ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ထွန်းဦးက ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။ ထိုသို့ တွေ့ဆုံပွဲသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စား လှယ်လောင်းများ တက်ရောက်ခဲ့ကြသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ရွေးကောက်ပွဲအောင်မြင်ရေး အသိပေးရှင်းလင်းပွဲပြုလုပ်

**ဝိုင်းမော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲကို ဝိုင်းမော်မြို့နယ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသိပေးရှင်းလင်းပွဲကို ဝိုင်းမော်မြို့ အထက(၂)ကျောင်း၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံက အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးလှဝေက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရှင်းလင်းပြောကြားခဲ့သည်။

**မိုးဃကျ(မြစ်ကြီးနား)**

# ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားမှုများ ဗြိတိသျှသံရုံးအဖွဲ့လာရောက်လေ့လာ

**ဂန့်ဂေါ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်လှိုင်၊ ဂန့်ဂေါခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇေတိုးအောင်တို့အား ဗြိတိသျှသံရုံးမှ Mr. Jonas Pohl Mann , Mrs.Lisa Weedon နှင့် Mr. Tial Hnin တို့ အဖွဲ့က နိုဝင်ဘာ ၂ ရက်တွင် ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ ဗြိတိသျှသံရုံးအဖွဲ့သည် ဂန့်ဂေါခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံရေးပါတီများ အခြေအနေနှင့် ယင်းနိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု အခြေအနေများ၊ အငြင်းပွားမှုများအပေါ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# ကွမ်းခြံကုန်းမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်

**ကွမ်းခြံကုန်း နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး One Stop Shop မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် နိုဝင်ဘာ ၂ ရက်က စတင်ဖွင့်လှစ်ကြောင်း သိရသည်။

ရုံးဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဝန်ကြီးဌာနပေါင်းစုံမှ ဦးစီးဌာနကိုးခုကို တစ်နေရာတည်းတွင် စုပေါင်းဖွင့်လှစ်ထားပြီး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် ရုံးလုပ်ငန်းများကို တစ်နေရာတည်းတွင် လွယ်ကူချောမွေ့မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**စိန်တိုး(ပြန်/ဆက်)**

# မျိုးစပါးစံကွက်ရိတ်သိမ်းမှု သရုပ်ပြပွဲပြုလုပ်

**တနသ်ာရီ နိုဝင်ဘာလ ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာ ကွင်းအမှတ်(၄၆၆) ရှိ ဆင်းသွယ်လတ်မျိုးစပါးစိုက်ခင်း၌ စံကွက်ရိတ်သိမ်းမှု သရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့က ဦးဆောင်၍ နိုဝင်ဘာ ၂ ရက်က ပြုလုပ်ခဲ့ရာ စံကွက်အထွက်နှုန်း တစ်ဧကေ ၆၅ ဒသမ ၄၈ တင်းဖြစ်ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းမှုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းစိုး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်နိုင်ထက်နှင့် ဝန်ထမ်းများက မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



# မန်ယူ၊ ချယ်လ်ဆီးတို့ရဲ့အားထုတ်မှုကို စောင့်ကြည့်ရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၁၂)

မိုးမြင့်လင်းလက်

*ချန်ပီယံလိဂ်၊ ယူရိုပါလိဂ် ပွဲစဉ်တွေ ဆက်တိုက်ဆင်နွှဲနေတာမို့ ဒီတစ်ပတ်ကြားရက်မှာ ပွဲကောင်းတွေနဲ့ပြည့်နှက်နေခဲ့ပါတယ်။ လာမယ့် စနေ၊ တနင်္ဂနွေဖြစ်တဲ့ အောက်တိုဘာ ၇ရက်နဲ့ ၈ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၁၂)ကို ဆက်လက်ယှဉ်ပြိုင်ဦးမှာဖြစ်တာမို့ ပရိသတ်တွေအတွက် ရင်ခုန်စရာပွဲစဉ်တွေအဖြစ် ထပ်မံအားပေးကြရဦးမှာပါ။ ဒီပွဲစဉ်တွေမှာ မန်ယူ၊ ချယ်လ်ဆီးတို့ရဲ့ စွမ်းဆောင်မှုတွေက စိတ်လှုပ်ရှားမှုတွေနဲ့ ဖုံးလွှမ်းနေဦးမှာ သေချာနေပါတယ်။*

### မန်ယူနှင့် ဝက်စ်ဘရွန်း

သရေပွဲတွေဆက်တိုက်ဖြစ်နေတဲ့ မန်ယူတို့ဟာ အခုပွဲမှာလည်း ဝက်စ်ဘရွန်းနဲ့ တွေ့ဆုံရမှာမို့ ပွဲမချောင်ပါဘူး။ အိမ်ကွင်းဖြစ်ပေမယ့် ဝက်စ်ဘရွန်းနဲ့ဆုံတိုင်း နိုင်ပွဲပျောက်ဆုံးလေ့ရှိတဲ့ မန်ယူတို့ ဒီပွဲမှာအားထည့်မှု ဘယ်လောက်ရှိမလဲ ကြည့်ရမှာဖြစ်ပါတယ်။ မန်ယူကွင်းမှာ အနိုင်ကစားတတ်တဲ့ ဝက်ဘရွန်းတို့က လောလောဆယ်မှာ ခြေစွမ်းပြနိုင်နေတာမို့ အိမ်ကွင်းဆိုပေမယ့် သရေ တစ်မှတ်ရအောင် ခြေကုန်ထုတ်ရမှာဖြစ်ပေမယ့် သရေပွဲတွေ အဆုံးသတ်မယ့် မန်ယူကိုပဲ ယုံကြည်ပေးရမှာဖြစ်ပါတယ်။

### စတုတ်နှင့် ချယ်လ်ဆီး

ပြီးခဲ့တဲ့လက ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ပွဲမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာက သတိရစရာဖြစ်နေပါတယ်။ ဒါပေမယ့် စတုတ်ရဲ့ အိမ်ကွင်းရလဒ်က ဆိုးရွားနေပြီး သရေပွဲတွေဖြစ်တာများတာမို့ ချယ်လ်ဆီးရဲ့ အနိုင်ရလဒ်ရှာဖွေနေမှုကို ဒီပွဲမှာ ပြန်လည်စတင်နိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အပူတပြင်းလိုအပ်နေတဲ့နိုင်ပွဲကို ချယ်လ်ဆီးတို့ ပိုင်ဆိုင်နိုင်ဖို့ အစွမ်းကုန်ကြိုးစားလာမယ့်ပွဲပါပဲ။

### ဆန်းဒါးလန်းနှင့် ဆောက်သမ်တန်

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဆန်းဒါးလန်းက သုံးပွဲနိုင်ကာ နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းရဲ့ လက်ရှိခြေစွမ်းက တန်းဆင်းဇုန်တွင်းက ရုန်းထွက်နိုင်ခဲ့သလို ဆောက်သမ်တန်တို့ကလည်း အဝေးကွင်းမှာ သရေပွဲတွေများနေပါတယ်။ ဒါပေမယ့် ခြေစွမ်းပိုင်းပုံမှန်ပြန်ဖြစ်လာတဲ့ ဆောက်သမ်တန်တို့က အနိမ့်ဆုံးတစ်မှတ်ယူမယ့်ပွဲပါ။

### ဘုန်းမောက်နှင့် နယူးကာဆယ်

နယူးကာဆယ်ဟာ အိမ်ကွင်းမှာ နိုင်ပွဲရှားပါးနေဆဲဖြစ်ပါတယ်။ ဘုန်းမောက်တို့ကလည်း ရလဒ်တွေ ကမောက်ကမဖြစ်နေတာမို့ ဒီပွဲမှာ နှစ်သင်းစလုံးခြေရည်တူ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ နယူးကာဆယ်တိုက်စစ်မှူးတွေကတော့ ဂိုးသွင်းစွမ်းရည်ကျဆင်းနေပြီး ဒီပွဲမှာလည်း ဂိုးသွင်းနိုင်ဖို့ ခက်ခဲ့ပါဦးမယ်။ ဒီပွဲရလဒ်က သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

### နော့ဝှစ်ချ်နှင့် ဆွမ်ဆီး

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲကိုကြည့်ရင် သရေနှစ်ပွဲဖြစ်ပြီး နော့ဝှစ်ချ်က နှစ်ပွဲနိုင်ပြီး ဆွမ်ဆီးက တစ်ပွဲနိုင်ထားခဲ့ပါတယ်။ လောလောဆယ်မှာ သရေပွဲတွေချည်းများနေတဲ့ နော့ဝှစ်ချ်ဟာ အိမ်ရှင်ကို အနိုင်ယူနိုင်စွမ်းရှိပါတယ်။ နော့ဝှစ်ချ်ရဲ့ အားထုတ်မှုက သရေနဲ့နိုင်ပွဲကလွဲပြီး အရှုံးမရှိနိုင်ပါဘူး။

### ဝက်စ်ဟမ်းနှင့် အဲဗာတန်

ဒီနှစ်မှာခြေစွမ်းကောင်းတွေရနေတဲ့ ဝက်စ်ဟမ်းဟာ တိုက်စစ်အားကောင်းပေမယ့် ခံစစ်ပိုင်းအားနည်းချက်တော့ရှိနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ရမှတ်အပြည့် မစုဆောင်းနိုင်တာကလည်း ဝက်စ်ဟမ်းအတွက် စိုးရိမ်စရာတစ်ချက်ဖြစ်နေပါတယ်။ အဲဗာတန်တို့ကတော့ ဝက်စ်ဟမ်းနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့မှတ်တမ်းကိုကြည့်ရင် ရှုံးပွဲမရှိအောင်ကြိုးစားနိုင်ခဲ့တာမို့ အခုပွဲမှာ အဲဗာတန်တို့ အနိမ့်ဆုံးတစ်မှတ်တော့ ရအောင်ယူပါလိမ့်မယ်။




သရေပွဲတွေအဆုံးသတ်မယ့် မန်ယူကိုပဲ ယုံကြည်ပေးရမှာပါ

### လက်စတာနှင့် ဝက်စ်ဖို့ဒ်

လက်စတာတို့က အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားထုတ်နိုင်တဲ့စွမ်းရည်ရှိပြီး ဝက်စ်ဖို့ဒ်တို့ကလည်း အဝေးကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်နေပါတယ်။ ဝက်စ်ဖို့ဒ်တို့က အဝေးကွင်းငါးပွဲကစားခဲ့ရာမှာ တစ်ပွဲသာရှုံးထားပြီး ကျန်လေးပွဲကို နိုင်ပွဲ၊ သရေပွဲတွေရအောင် ကစားထားပါတယ်။ ဒါပေမယ့် လက်စတာရဲ့ လက်ရှိခြေစွမ်းကောင်းမွန်မှုက ဝက်စ်ဖို့ဒ်ရဲ့ အနိုင်ရလဒ်မျှော်လင့်ချက်ကို ပျက်ပြားသွားစေမှာဖြစ်ပါတယ်။ ။



## ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့သွားနိုင်တဲ့ ဟာဇတ်

စပိန်လာလီဂါ ထိပ်တန်းကလပ် ရီးရဲမက်ဒရစ်က ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇတ်ကိုစာချုပ်ဖို့ စိတ်ဝင်စားနေတာပါ။ ဒါပေမယ့် ချယ်လ်ဆီးက ပေါင် ၈၅သန်းအထက် ပိုမိုတောင်းဆိုလာမည်ကို ရီးရဲမက်ဒရစ်က စိုးရိမ်နေပါတယ်။ ဟာဇတ်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ယခုရာသီမှာ အကောင်းဆုံးခြေစွမ်းနဲ့ ဂိုးတွေသွင်းမပေးခဲ့ပေမယ့် ကစားပုံအနေအထားကတော့ အတော်လေးကောင်းမွန်တဲ့အနေအထားရှိခဲ့ပါတယ်။ ဂိုးသွင်းစွမ်းရည်နဲ့ ဘောလုံးကျွမ်းကျင်မှုအရ ရီးရဲမက်ဒရစ်က ဟာဇတ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ လာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီမှာ ဟာဇတ်ကို ရီးရဲမက်ဒရစ်ကအရခေါ်ယူသွားမယ့်အနေအထားရှိနေပါတယ်။ ရီးရဲမက်ဒရစ်က ၂၀၁၃ ခုနှစ်မှာ စပါးတောင်ပံတိုက်စစ်မှူး ဂါရက်ဘေးလ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဂါရက်ဘေးလ်ရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးထက် ဟာဇတ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ပိုနိုင်တယ်လို့ဆိုပါတယ်။ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ဟာဇတ်ကို ရီးရဲမက်ဒရစ်က ခေါ်ယူသွားမယ့် အနေအထားရှိပါတယ်။ ချယ်လ်ဆီးအသင်း တာဝန်ရှိသူတွေအနေနဲ့လည်း ရာသီအစ မအောင်မြင်ခဲ့တဲ့အတွက် ကစားသမားအပြောင်းအလဲတွေပြုလုပ်သွားဖွယ်ရှိနေပါတယ်။

## မော်ရင်ညိုနေရာရဖို့ စောင့်ဆိုင်းနေတဲ့ အန်ဆယ်လော့တီ

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ညိုအနေနဲ့ ဝက်စ်ဟမ်းနဲ့ပွဲမှာ ကွင်းလယ်ဒိုင်လူကြီး ဂျွန်မော့စ်ကိုဝေဖန်ပြောဆိုခဲ့တဲ့အတွက် တစ်ပွဲအပိတ်ခံလိုက်ရပါတယ်။ ဒီ့အတွက် ပေါ်တူဂီသား မော်ရင်ညိုဟာ စနေနေ့ စတုတ်နဲ့ကစားမယ့်ပွဲမှာ လွဲချော်မှာဖြစ်ပါတယ်။ မော်ရင်ညိုအနေနဲ့ လာမယ့်ပြိုင်ပွဲမှာ ချယ်လ်ဆီးအသင်း ထပ်မံရှုံးနိမ့်သွားခဲ့မယ်ဆိုရင် နည်းပြအဖြစ်မှ ဖယ်ရှားခံရဖွယ်ရှိနေပါတယ်။ ဒီ့အတွက် အန်ဆယ်လော့တီနဲ့ မာကီလီလီတို့ကလည်း မော်ရင်ညိုနေရာမှာ ချယ်လ်ဆီးနည်းပြဖြစ်လာဖို့ စောင့်ဆိုင်းနေကြပြီလို့ ဆိုပါတယ်။ လက်ရှိအချိန်မှာ ရီးရဲမက်ဒရစ်နည်းပြဟောင်း အန်ဆယ်လော့တီအနေနဲ့ ပရီမီယာလိဂ်ထိပ်တန်းကလပ်တစ်ခုကိုရောက်ဖို့ ကြိုးစားနေသူပါ။ ယခုနှစ်ရာသီမှာ ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲ ရှုံးနိမ့်ထားတဲ့ ချယ်လ်ဆီးအသင်းအတွက် မော်ရင်ညို ဖိအားပေးခံနေရပါပြီ။ မော်ရင်ညို ကြိုးတန်းလမ်းလျှောက်နေရပါပြီ။ တစ်ပွဲပိတ်ပင်ခံနေရတဲ့အပြင် ဒဏ်ငွေလည်း ပေါင်လေးသောင်းချမှတ်ခံထားရပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ ချယ်လ်ဆီးအသင်းရဲ့ ရှုံးနိမ့်မှုတွေဟာ မော်ရင်ညိုကို အသင်းမှ ထုတ်ပယ်ခံရတဲ့အနေအထားသို့ ရောက်ရှိသွားနိုင်ပါတယ်။ နည်းပြ အန်ဆယ်လော့တီကတော့ မော်ရင်ညိုနေရာကိုရဖို့ အသင့်စောင့်ဆိုင်းနေပြီဖြစ်ပါတယ်။





## အလာကောင်းပေမယ့် အခါနှောင်းနေပြီဖြစ်တဲ့ အက်စ်တွန်ဗီလာနည်းပြ

အမှတ်ပေးဇယားအောက်ဆုံးရောက်နေတဲ့ အက်စ်တွန်ဗီလာအသင်းကို ကယ်တင်ဖို့ လိုင်ယွန်နည်းပြဟောင်း ရေမီဂါဒီကို သုံးနှစ်ခွဲစာချုပ်နဲ့ စာချုပ်လိုက်ပါတယ်။ နည်းပြသစ် ရေမီဂါဒီဟာ နည်းပြသစ်ဖြစ်လာတဲ့နေ့မှာပဲ စပါးအိမ်ကွင်းကို သွားရောက်ကစားခဲ့ရာမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားပြန်ပါတယ်။ နည်းပြသစ် ရေမီဂါဒီလည်း အက်စ်တွန်ဗီလာအသင်းရဲ့ ယိုယွင်းကျဆင်းနေတဲ့ခြေစွမ်းကို ပြင်ဆင်ချိန်မရလိုက်ဘဲ ပထမဆုံးအရှုံးနဲ့ ရင်ဆိုင်လိုက်ရပါတယ်။ စပါးအသင်းကတော့ ဒီအနိုင်ပွဲနဲ့ အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပါတယ်။ နည်းပြသစ်ဖြစ်လာတဲ့ ရေမီဂါဒီအနေနဲ့ အက်စ်တွန်ဗီလာကို တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင်ကြိုးစားပေးမယ်လို့ မျှော်လင့်ထားခဲ့တာပါ။

သို့ပေမယ့်လည်း မျှော်လင့်ထားခဲ့တဲ့အတိုင်း ဖြစ်မလာခဲ့ပါဘူး။ အရှုံးနှင့်ဆီးကြိုခြင်းကို ခံလိုက်ရပါတယ်။ အက်စ်တွန်ဗီလာအသင်းကို တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင်လုပ်ဖို့ဆိုတာ မလွယ်လှပါဘူး။ အသင်းကိုပြင်ဆင်ဖို့ အခါနှောင်းသွားပြီလို့ အက်စ်တွန်ဗီလာရဲ့ ပရိသတ်တွေက ဆိုပါတယ်။ သို့ပေမယ့် နည်းပြသစ် ရေမီဂါဒီကတော့ ကစားသမားတွေကို အလဲအလှယ်လုပ်ပြီး အသင်းကောင်းဖြစ်အောင် ပြုလုပ်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်



# ကောလင်းမြို့နယ်၌ ကျေးရွာ ၁၂၇ ရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေ

**ကောလင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၁၀ တွင် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလကုန်အထိ ကျေးရွာ ၁၂၇ ရွာတွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ၂၄ နာရီလျှပ်စစ်မီးရရှိနေပြီ ဖြစ်ကြောင်း၊ အခြားကျေးရွာများ၌လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကောလင်းမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော ကျေးရွာများတွင်လည်း နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသမီးလင်းရေး အစီအစဉ်အရ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာ ၁၆ ရွာတွင် ဆိုလာလျှပ်စစ်မီးများ ထောက်ပံ့ပေးထားပြီး မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် သဖန်းဆိပ်ဆည်တည်ဆောက်မှုကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ကျေးရွာများကိုလည်း တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ခဲ့ရာ ရွာသစ်၊ ပန်းမရဲ၊ အောင်ချမ်းသာ၊ ပေတပင်၊ ခနွဲစင်ကျေးရွာများတွင် ၂၄နာရီ မီးလင်းနေပြီဖြစ်သည်။

ထို့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၄၄၃ ဒသမ ၉ သန်းဖြင့် ခေါင်းဖြူ၊ ဇမ္ဗူရာဇ်၊ ယင်းတိုက်၊ သစ်ဆိမ့်ကုန်း၊ ကြာအင်းကျေးရွာများ၌ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ ဆွဲခြင်း၊ ၂၀၀ ကေဗွီအေဓာတ်အားခွဲရုံတစ်ရုံစီ တည်ဆောက်ခြင်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ ဆွဲခြင်းတို့ကို ရွှေဘိုခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

## စက်ရေတွင်းတူးဖော်မှု ကွင်းဆင်းစစ်ဆေး

**ကျောက်တံခါး နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စု ဖျံတလင်းကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တူးဖော်ပြီးစီးခဲ့သော စက်ရေတွင်းကို တာဝန်ရှိသူများက နိုဝင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်း၊ ဦးစီးအရာရှိ(နည်းပညာ)ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက စက်ရေတွင်းကို တာဝန်ယူတူးဖော်ခဲ့သော Golden Hours ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ တွင်းနက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေထွက်နှုန်း တစ်နာရီ ၁၈၀၀ ဂါလန်ရှိကြောင်း သိရသည်။ ဖျံတလင်းရွာသည် အိမ်ခြေ ၂၀၀ နီးပါး၊ လူဦးရေ တစ်ထောင်နီးပါးရှိပြီး ယခင်က သောက်သုံးရေရှားပါးခဲ့ကာ ယခုစက်ရေတွင်းပြီးစီးသဖြင့် သောက်သုံးရေလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းအဖြစ် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများကို သောက်သုံးရေရှားပါးသည့် ကျေးရွာများ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်များ ဖမ်းမိ

**ကသာ နိုဝင်ဘာ ၄**

တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာသည့် ခြောက်ဘီးကားတစ်စီးကို ကသာခရိုင် ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်အနီးတွင် နိုဝင်ဘာ ၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်

ဖြစ်စဉ်မှာ ကသာမြို့နယ်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းဇင်မောင်မောင် မောင်းနှင်လာသည့် ယာဉ်အမှတ် 4G/---- ခြောက်ဘီးယာဉ်ကို သစ်တောဦးစီးဌာနရုံးချုပ် နေပြည်တော်မှ ဦးစီးအရာရှိ ဦးသန်းကျော်နှင့် သစ်တောဝန်ထမ်းအဖွဲ့က ကျောက်တန်းကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်တွင် ရပ်တန့်စစ်ဆေးခဲ့ရာမှ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် တမလန်းသစ် ခွဲးရွေတုံး ၂၈ တုံး( အလေးချိန် ၁ ဒသမ ၈၆၄၈) တန် ကာလတန်ဖိုး ၁၇၀၀၀၀ ကျပ်ခန့်ကို တွေ့ရှိဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ တမလန်းခွဲးရွေတုံးများကို သယ်ဆောင်လာသူ ယာဉ်မောင်းဇင်မောင်မောင်အား ဥပဒေအရအရေးယူပေးရန် သစ်တောဦးစီးဌာနမှ တောအုပ်ထွန်းထွန်းအောင်က တရားလိုပြုလုပ်တိုင်တန်းထားပြီး ကောလင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကြိုတင်မဲပုံးချိပ်ပိတ်မှု ပွင့်လင်းမြင်သာစွာ ဆောင်ရွက်

**လှိုင်ကော် နိုဝင်ဘာ ၄**

လှိုင်ကော်မြို့နယ်အတွင်း မဲရုံများ၌ ကြိုတင်ဆန္ဒမဲပေးသူများအသုံးပြုမည့် ကြိုတင်မဲပုံးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂ ရက်က ချိပ်ပိတ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လှိုင်ကော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များကို ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ၊ မြို့နယ် ပြင်ပရောက် မဲဆန္ဒရှင်များ၊ သင်တန်းများသို့ တက်ရောက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက်ပွဲနေ့တွင် အကြောင်းအမျိုးမျိုးကြောင့် လှိုင်ကော်မြို့နယ်ပြင်ပ ရောက်ရှိနေကြမည့် မဲဆန္ဒရှင်စာရင်းများကိုပြုစုပြီး ကြိုတင်မဲပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများ မရောက်လာခင်အချိန်မှာ အားလုံးရှေ့မှောက်တွင် ကြိုတင်မဲပုံးကို ပိတ်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်မဲပေးနိုင်ရန်အတွက် မဲလက်မှတ်များကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ သင်တန်းကျောင်းများထံ အောက်တိုဘာလ ၁၆ ရက်က ဖြန့်ဝေထားပြီးဖြစ်ကြောင်း လှိုင်ကော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မဲပုံးကိုပိတ်ပြီးနောက်တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မဲပုံးများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် မဲရုံမှူးများ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ နိုဝင်ဘာ ၄**

ပခုက္ကူခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ပခုက္ကူမြို့နယ်အတွင်း မဲရုံများမှ မဲရုံမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ဗုဒ္ဓကုန်းရပ်ရှိ ပြည်သာယာခန်းမ၌ နိုဝင်ဘာ ၂ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရွှေကျော့က ရွေးကောက်ပွဲတွင် မဲရုံမှူးများလုပ်ဆောင်ရမည့် အခန်းကဏ္ဍများအကြောင်း၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှရွှေက မဲရုံမှူးများ၏ လုပ်ငန်းတာဝန်နှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရဲမှူးမောင်မောင်ထွေးက ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများ၊ မဲရုံမှူးများနှင့် လုံခြုံရေးတာဝန်ကျတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍများအကြောင်း၊ ဒုရဲမှူးကျော်စိုးက ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် လုံခြုံရေးစည်းအလိုက် တာဝန်ထမ်းဆောင်မည့် အစီအစဉ်များအကြောင်းကို မဲရုံမှူးတာဝန်ထမ်းဆောင်မည့်သူများအား ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်များမှ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်း မဲရုံများ၌ မဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမ ၃၂၄ ဦးတက်ရောက်ခဲ့ကြသည်။

**ဇေယျာတု(မကွေး)**

# ချည်မျှင်ရှည်ဝါမျိုးထုတ်လုပ်မှုနှင့် သုတေသနဆောင်ရွက်မှု ကွင်းသရုပ်ပြ

**ဝမ်းတွင်း နိုဝင်ဘာ ၄**

ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဝါမျိုးထုတ်လုပ်ခြင်းနှင့် သုတေသနဆောင်ရွက်မှု ကွင်းသရုပ်ပြပွဲကို ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနမျိုးပွားခြံ၌ နိုဝင်ဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။ ကွင်းသရုပ်ပြပွဲသို့ သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ နေပြည်တော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်သုတေသနဦးစီးဌာနများမှ ဝန်ထမ်းများ၊ ဝါသုတေသနနှင့်မျိုးသန့်ခြံများမှ ခြံတာဝန်ခံနှင့်ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီးမှ ဝါစိုက်တောင်သူများ တက်ရောက်လေ့လာကြပြီး ညွှန်ကြားရေးမှူးဦးအောင်မော်(ဝါနှင့်ပိုးချည်)က ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မျိုးထုတ်လုပ်မှုနှင့် သုတေသနဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်း(ခြံတာဝန်ခံ)က ဝါစိုက်တောင်သူများအတွက် မျိုးသန့်အဆင့်မြင့်ဝါမျိုးများဖြစ်သော ငွေချည်(၆)၊ ရွှေတောင်(၈)၊ ငွေချည်(၉) ဝါမျိုးများ မွေးမြူထိန်းသိမ်းနေမှုနှင့် မျိုးသန့်ပွားများခြင်းလုပ်ငန်းများဆောင်ရွက်နေပုံကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ဝါမျိုးသစ်များ ထပ်မံရရှိရေးအတွက် ဝါမျိုးလိုင်းသစ်များ စိုက်ပျိုးထားမှုနှင့် မျိုးထိန်းခြင်းအတွက် အမြုတေမျိုးစေ့ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

**ဌေးလှိုင်(ဝမ်းတွင်း)**



# နေစကြဝဠာမှ မဟာစကြဝဠာဆီသို့

သိပ္ပံစာရေးဆရာကိုကိုအောင်

မြတ်ဗုဒ္ဓရှင်တော်ဘုရားက စကြဝဠာအနန္တရှိကြောင်းကို လူသားတို့အား ဟောဖော်ညွှန်ပြခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်လွန်ခဲ့ပြီဖြစ်သည်။ လူသားတို့နေထိုင်လျက်ရှိကြသော မြေကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်း၌ ပါဝင်လျက်ရှိပြီး ယင်းသို့သော နေစကြဝဠာအဖွဲ့အစည်းပေါင်းသည် ရေတွက်၍မကုန်နိုင်ကြောင်းကို ဘုရားရှင်က သဗ္ဗညုတဉာဏ်ဖြင့် ဆင်ခြင်လျက် သိမြင်တော်မူခဲ့သည်။

အနောက်နိုင်ငံသားတို့သည်ကား စကြဝဠာအနန္တရှိနေသည်ကို သိရှိလက်ခံလာကြသည်မှာ နှစ်ပေါင်းတစ်ရာမျှပင် မရှိသေးချေ။ သိပ္ပံပညာတိုးတက်ထွန်းကားလာခြင်းနှင့်အတူ ကမ္ဘာ့အပြင်ဘက်သို့ထွက်၍ အာကာသတစ်ခွင်ကို စူးစမ်းလေ့လာခဲ့ကြရာမှ နေစကြဝဠာအဖွဲ့အစည်းပေါင်းရေတွက်၍ မကုန်အောင်ရှိနိုင်ကြောင်းကို တစ်စတစ်စ သိရှိလက်ခံလာကြခြင်းဖြစ်သည်။

ယင်းသို့ သိရှိလက်ခံလာကြခြင်းနှင့်အတူ ဤမြေကမ္ဘာကြီးတည်ရှိနေသော နေစကြဝဠာကို ကျော်လွန်ဖြတ်သန်း၍ မဟာစကြဝဠာကြီး၏ နယ်ပယ်ထိတိုင်စူးစမ်းလေ့လာနိုင်အောင် ကြံဆအားထုတ်လာခဲ့ကြတော့သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများက အုပ်စုဖွဲ့၍ ဖက်ပြိုင်တိုက်ခိုက်ခဲ့ကြသော ကမ္ဘာစစ်ကြီးသည် နှစ်ကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သည်။ အဆိုပါ စစ်ပွဲကြီးနှစ်ပွဲအနက် ဒုတိယအကြိမ်မြောက်စစ်ပွဲကြီးတွင် နာဇီဂျာမနီတို့ ဦးဆောင်သောအုပ်စုက တစ်ဖက်၊ အမေရိကန်နှင့် ဆိုဗီယက်တို့ ဦးဆောင်သော မဟာမိတ်အုပ်စုကတစ်ဖက် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အခါ နာဇီတို့စစ်ရှုံး၍



အမေရိကန် အာကာသသူရဲကောင်း အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့ ၁၉၆၉ခုနှစ်က ပထမဆုံးအကြိမ် လပေါ်သို့ ဆင်းသက်စဉ်။

မဟာမိတ်တို့ အောင်ပွဲခံခဲ့ကြသည်။ စစ်ပွဲတို့၏ ထုံးစံအတိုင်းပင်. . . စစ်နိုင်သူ အမေရိကန်နှင့် ဆိုဗီယက်တို့က စစ်ရှုံးသူဂျာမန်တို့ထံမှ နောက်ဆုံးပေါ် ခေတ်မီစက်ပစ္စည်းများနှင့် နည်းပညာတို့ကို ရယူသိမ်းပိုက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကာလ မတိုင်မီအချိန်အထိ ဂျာမန်တို့သည် သိပ္ပံနှင့်နည်းပညာဘက်တွင် အမေရိကန်နှင့် ဆိုဗီယက်တို့ထက် များစွာသာလွန်တိုးတက်ခဲ့သည်။ အဓိကအားဖြင့် သိသာထင်ရှားသည့် သာလွန်မှုမှာ အမေရိကန်နှင့် ဆိုဗီယက်တို့က အိပ်မက်မျှပင်မမက်ဖူးသေးသော ဒုံးပျံနည်းပညာကို ဂျာမန်တို့က စောစီးစွာဖော်ထုတ်ရရှိထားခြင်းပင်ဖြစ်သည်။

အမေရိကန်နှင့် ဆိုဗီယက်တို့သည် စစ်အောင်နိုင်သူများ ဖြစ်ကြသော်လည်း စစ်ရှုံးသူဂျာမန်တို့ထံမှ ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် နည်းပညာတို့ကို ရရှိလိုက်ပုံချင်း မတူညီခဲ့ကြပေ။ ဆိုဗီယက်တို့သည် ဂျာမန်တို့၏ နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော V-2 ဒုံးပျံ၏ စက်ပစ္စည်းအစိတ်အပိုင်းများကိုသာ ရရှိခဲ့ကြသော်လည်း၊ အမေရိကန်တို့ကမူ ဒုံးပျံ၏ စက်ပစ္စည်းအစိတ်အပိုင်းများကိုသာမက နည်းပညာများ၊ စာအုပ်စာတမ်းများနှင့် ဒုံးပျံတီထွင်သည့် သိပ္ပံပညာရှင်ကိုပါ ရရှိလိုက်ကြသည်။

ဤသို့ဖြင့် အမေရိကန်တို့သည် ဂျာမန်တို့ထံမှ ရရှိလိုက်သော သိပ္ပံပညာရှင်၏ အကူအညီဖြင့် ပထမဦးဆုံးသော Redstone ဒုံးပျံကို ၁၉၅၃ ခုနှစ်က စတင်ပစ်လွှတ်နိုင်ခဲ့သည်။ ဤတွင် ဆိုဗီယက်တို့ကလည်း အားကျမခံစိတ်ဓာတ်ဖြင့် ဒုံးပျံပစ်လွှတ်နိုင်ရေးကို အပြင်းအထန်ကြိုးပမ်းခဲ့ကြရာ ၁၉၅၇ခုနှစ်တွင် ကမ္ဘာ့ပထမဦးဆုံးသောဂြိုဟ်တုကို သယ်ဆောင်သွားသည့် R-7 ဒုံးပျံကို စတင်ပစ်လွှတ်နိုင်ခဲ့သည်။ ဤတွင် အမေရိကန်တို့ကလည်း ဂြိုဟ်တုလွှတ်တင်နိုင်ရေးကို ကြိုးပမ်းခဲ့ကြရာ ပထမဦးဆုံးသော Explorer ဂြိုဟ်တုကို ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်က အာကာသထဲသို့ အရောက်ပို့နိုင်ခဲ့သည်။

ထိုအချိန်ကာလမှစ၍ အမေရိကန်နှင့် ဆိုဗီယက်တို့၏ စစ်မက်ရေးရာကို အခြေခံသော နည်းပညာပြိုင်ဆိုင်မှုသည် စစ်အေးခေတ်၏ အကြိတ်အနယ် ယှဉ်ပြိုင်ပွဲကြီးဖြစ်လာခဲ့တော့သည်။ အာကာသထဲသို့ ဒုံးပျံများ ပစ်လွှတ်နိုင်ရေးနှင့် လူသားများ ပို့လွှတ်နိုင်ရေး၊ ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်နိုင်ရေး၊ လနှင့် အခြားဂြိုဟ်များဆီသို့ အာကာသယာဉ်များ ပစ်လွှတ်နိုင်ရေး၊ လနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များ ဆင်းသက်နိုင်ရေး၊ လပေါ်သို့ လူသားများ ခြေချနိုင်ရေး၊ အင်္ဂါဂြိုဟ်ပေါ်၌ လူသားများ အခြေချ နေထိုင်နိုင်ရေး စသည်ဖြင့် အာကာသသိပ္ပံရေးရာ နယ်ပယ်ကြီးထဲတွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခဲ့ကြသည်။

အမေရိကန်တို့က မာကျူရီအာကာသယာဉ်ဖြင့် လူသားတို့ကို အာကာသထဲသို့ ပို့ဆောင်မည့် အစီအစဉ်ကို ၁၉၅၈ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၅၉ ခုနှစ် ဇန်နဝါရီလတွင် ဆိုဗီယက်တို့က Luna-1 အာကာသယာဉ်ကို လအနီးသို့ ချဉ်းကပ်နိုင်စေခဲ့သည်။ ဆိုဗီယက်တို့က ၁၉၆၁ ခုနှစ် ဧပြီလတွင် အာကာသထဲသို့ ကမ္ဘာ့ပထမဦးဆုံးသော လူသားတစ်ဦးကို စေလွှတ်နိုင်ခဲ့သလို. . . အမေရိကန်တို့ကလည်း နောက်တစ်လအကြာ မေလထဲတွင် ပထမဦးဆုံးသော အာကာသယာဉ်မှူး အလန်ရှက်ပတ်ကို မာကျူရီအာကာသယာဉ်ဖြင့် အာကာသထဲသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် အမေရိကန်တို့သည် ကမ္ဘာ့ပထမဦးဆုံးသော ဆက်သွယ်ရေးဂြိုဟ်တု Telstar ကို ၁၉၆၂ ခုနှစ် ဇူလိုင်လက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နေရာချထားနိုင်ခဲ့သည်။ ထိုနှစ်ထဲမှာပင် အမေရိကန်တို့၏ Mariner-2 အာကာသယာဉ်သည် သောကြာဂြိုဟ်အနီးသို့ရောက်အောင် ပျံသန်းနိုင်ခဲ့သဖြင့် နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ အခြားသော ဂြိုဟ်တစ်ခုအနီးသို့ ရောက်ရှိသော ကမ္ဘာ့ပထမဦးဆုံး အာကာသယာဉ်ဖြစ်လာခဲ့သည်။

ဆိုဗီယက်တို့က ၁၉၆၅ ခုနှစ်တွင် လူလိုက်ပါခြင်း မရှိသော လဆင်းယာဉ်ဖြင့် လမျက်နှာပြင်ပေါ်သို့ ပထမဦးဆုံး အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြသည်။ အမေရိကန်တို့က ဆိုဗီယက်တို့ထက်ဦးပြီး လပေါ်သို့ လူများဆင်းသက်နိုင်အောင် ကြိုးပမ်းရင်း အပိုလို-၁ အာကာသယာဉ် မီးလောင်ပျက်ကျကာ အာကာသယာဉ်မှူး သုံးဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။ သို့ရာတွင် မလျှော့သော ဇွဲလုံ့လဖြင့် ထပ်မံကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၆၉ ခုနှစ်က အပိုလို-၁၁ အာကာသယာဉ်နှင့်အတူ သယ်ဆောင်သွားသော လဆင်းယာဉ်ဖြင့် အမေရိကန်အာကာသသူရဲကောင်း အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့ နှစ်ဦး လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခြေချနိုင်ခဲ့ကြသည်။

ယင်းနောက်ပိုင်း အမေရိကန်တို့က ထပ်မံပစ်လွှတ်သော အပိုလို-၁၂ ဖြင့် လိုက်ပါသွားသည့် အာကာသယာဉ်မှူးများသည်လည်း လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခြေချနိုင်ခဲ့ကြပြန်သည်။ အပိုလို-၁၂ ၏ နောက်ထပ်မံ ပစ်လွှတ်သော အပိုလို-၁၃ အာကာသယာဉ်သည် ကမ္ဘာမြေမှ စတင်ထွက်ခွာပြီး ၅၅-နာရီအကြာ၌ လဆီသို့ ဦးတည်ပျံသန်းနေစဉ် အောက်ဆီဂျင်သိုလှောင်ကန် ပေါက်ကွဲမှုဖြစ်ပေါ်သည့်အတွက် လပေါ်ဆင်းသက်မည့် အစီအစဉ်ကို ဖျက်သိမ်းကာ ကမ္ဘာမြေဆီသို့ ဦးလှည့်ပြန်ခဲ့ရသည်။ သို့ရာတွင် နောက်ပိုင်း၌ ဆက်တိုက် ပစ်လွှတ်ခဲ့သော အပိုလို-၁၄၊ အပိုလို-၁၅၊ အပိုလို-၁၆ နှင့် အပိုလို-၁၇ တို့၏ လပေါ်ဆင်းသက်သည့် ခရီးစဉ်များအားလုံး ရာနှုန်းပြည့်အောင်မြင်ခဲ့သည်။



နေစကြဝဠာ နယ်နိမိတ်အပိုင်းအခြားကိုကျော်လွန်ရောက်ရှိသွားသော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်

၁၉၇၁ ခုနှစ်တွင် ဆိုဗီယက်တို့က ကမ္ဘာ့ပထမဦးဆုံးသော အာကာသစခန်းယာဉ် ဆယ်လ်ယွတ် (Salyut) ကို လွှတ်တင်ခဲ့သည်။ အမေရိကန်တို့ကလည်း ၁၉၇၃ ခုနှစ်တွင် Skylab အာကာသဓာတ်ခွဲခန်း သုတေသနယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပို့လွှတ်ခဲ့သည်။ ၁၉၇၅ ခုနှစ် အရောက်တွင် အမေရိကန်နှင့် ဆိုဗီယက်တို့ အာကာသပျံသန်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး အမေရိကန်တို့၏ အပိုလိုအာကာသယာဉ်နှင့် ဆိုဗီယက်တို့၏ ဆိုယုဇ်(Soyuz) အာကာသယာဉ်များ ပူးတွဲချိတ်ဆက် ပျံသန်းနိုင်ခဲ့ကြသည်။

အမေရိကန်တို့သည် ၁၉၇၇ ခုနှစ်တွင် အာကာသလွန်းပြန်ယာဉ် စီမံကိန်းကို စတင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အာကာသလွန်းပြန်ယာဉ်များ စတင်ပျံသန်းနိုင်ခဲ့ပြီးနောက် နှစ်ပေါင်းသုံးဆယ်အကြာ ၂၀၁၁ ခု နှစ်ကုန်မှစ၍ လွန်းပြန်ယာဉ်များကိုအစီအစဉ်အလိုက် အာကာသပျံသန်းရေး တာဝန်များမှ အနားပေးခဲ့သည်။ အဆိုပါ လွန်းပြန်ယာဉ်များအားလုံးကိုအများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန်အတွက် ပြတိုက်များတွင် ပြသထားခဲ့သည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့်အာကာသအုပ်ချုပ်ရေးအဖွဲ့ (NASA) ၏ အာကာသစီမံကိန်းများထဲတွင် သမားရိုးကျစီမံကိန်းများနှင့် မတူကွဲပြားသော အထူးစီမံကိန်းကြီးတစ်ရပ်ရှိနေခဲ့သည်။ ထိုစီမံကိန်းကြီးသည်ကား လူသားတို့နေထိုင်လျက်ရှိကြသော နေစကြဝဠာ အဖွဲ့အစည်းကို ဖောက်ထွက်ကျော်လွှားပြီး အခြားသော နေစကြဝဠာ အဖွဲ့အစည်းများ တည်ရှိနေသည့် မဟာစကြဝဠာကြီးထိတိုင် အရောက်သွားရေးပင်ဖြစ်သည်။ ဤသည်မှာကား ကမ္ဘာ့လူသားတို့၏ သိပ္ပံအတတ်နှင့် စွမ်းဆောင်ရည်တို့သည် နေစကြဝဠာ နယ်နိမိတ်အပိုင်းအခြားကိုပင် ကျော်လွှားလွန်မြောက်ကျော်လွှားကာ မဟာစကြဝဠာကြီး၏ ဟင်းလင်းပြင်ထိတိုင် ခရီးနှင်ရန် ကမ္ဘာမြေမှ ထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။

ဗွိုင်ယေဂျာ အာကာသယာဉ်တစ်စင်းချင်းပေါ်တွင် ရွှေရည်သုတ်လိမ်းထားသော ကြေးနီဓာတ်ပြားချပ်များကို သယ်ဆောင်သွားခဲ့ကြသည်။ အာကာသသိပ္ပံပညာရှင်တို့က ထိုဓာတ်ပြားချပ်များထဲတွင် ကမ္ဘာ့လူသားတို့၏ ပုံပန်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ တေးဂီတ၊ အသုံးအဆောင် စသည်တို့ကို ပြည့်ပြည့်စုံစုံ ထည့်သွင်းပေးလိုက်ကြသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်၌ ဗွိုင်ယေဂျာ အာကာသယာဉ်များသည် မဟာစကြဝဠာကြီးအတွင်းရှိ အခြားသော နေစကြဝဠာအဖွဲ့အစည်းများတွင် နေထိုင်ကြသော ဂြိုဟ်သားများထံသို့ ရောက်ရှိသွားခဲ့ပါက ကမ္ဘာ့လူသားတို့၏ သိပ္ပံအတတ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို သိရှိနိုင်စေရန် ရည်ရွယ်လျက် ထည့်သွင်းပေးလိုက်ကြခြင်း ဖြစ်သည်။

ဗွိုင်ယေဂျာ အာကာသယာဉ်နှစ်စင်းကို လွှတ်တင်ခဲ့သည့် ၁၉၇၇ ခုနှစ်မှစ၍ နှစ်ပေါင်း ၃၅ နှစ် ကြာမြင့်သည့်တိုင် အဆိုပါအာကာသယာဉ် နှစ်စင်းတို့သည် နေစကြဝဠာ နယ်နိမိတ်အစွန်းသို့ ရောက်ရှိ/ကျော်လွန်သွားပြီဟု ခိုင်ခိုင်မာမာပြောနိုင်သော အထောက်အထားတစ်စုံတစ်ရာကိုမျှ မတွေ့ရှိခဲ့ကြရပေ။

သို့ရာတွင် ဗွိုင်ယေဂျာ အာကာသယာဉ်များကို လွှတ်တင်ပြီးနောက် ၃၆ နှစ်အကြာ ၂၀၁၃ ခုနှစ် အရောက်တွင် ဗွိုင်ယေဂျာ အာကာသယာဉ်နှစ်စင်းအနက် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေစကြဝဠာ နယ်နိမိတ်၏ပြင်ပရှိ အာကာသဟင်းလင်းပြင်ကြီးအတွင်းမှ ရိုက်ခတ်လာသော ကော့စမစ်ရောင်ခြည်လှိုင်းများကို လက်ခံရရှိနေကြောင်းနှင့် တစ်ချိန်တည်းမှာပင် နေလုံးကြီးမှထုတ်လွှတ်သော ကော့စမစ်ရောင်ခြည်လှိုင်းများ၏ရိုက်ခတ်မှု တဖြည်းဖြည်းလျော့ကျလာနေကြောင်းတို့ကို ကမ္ဘာ့မြေပြင်စခန်းဆီသို့ သတင်းပေးပို့ခဲ့သည်။

ယင်းသို့သော သတင်းပေးပို့ချက်များ၏ အဓိပ္ပာယ်မှာ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေစကြဝဠာ နယ်နိမိတ်အပိုင်းအခြားကိုကျော်လွန်၍ မဟာစကြဝဠာကြီး၏ ဟင်းလင်းပြင်ကြီးထဲသို့ စတင်ချင်းနင်းဝင်ရောက်နေခြင်းပင်ဖြစ်သည်။ ဤသည်မှာကား ကမ္ဘာ့လူသားတို့၏ သိပ္ပံအတတ်နှင့် စွမ်းဆောင်ရည်တို့သည် နေစကြဝဠာ နယ်နိမိတ်အပိုင်းအခြားကိုပင် ကျော်လွှားလွန်မြောက်

**ဆိုဗီယက်တို့က ၁၉၆၅ ခုနှစ်တွင် လူလိုက်ပါခြင်း မရှိသော လဆင်းယာဉ်ဖြင့် လမျက်နှာပြင်ပေါ်သို့ ပထမဦးဆုံး အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြသည်။ အမေရိကန်တို့က ဆိုဗီယက်တို့ထက်ဦးပြီး လပေါ်သို့ လူများ ဆင်းသက်နိုင်အောင် ကြိုးပမ်းရင်း အပိုလို-၁ အာကာသယာဉ် မီးလောင်ပျက်ကျကာ အာကာသယာဉ်မှူး သုံးဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။ သို့ရာတွင် မလျှော့သော ဇွဲလုံ့လဖြင့် ထပ်မံကြိုးပမ်းဆောင်ရွက်ခဲ့ရာ. . .**

အမေရိကန်တို့သည် အဆိုပါ အထူးစီမံကိန်းကြီးကို ၁၉၇၇ ခုနှစ်တွင် လက်တွေ့ကျကျ ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်ခဲ့ကြသည်။ ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ ဟု အမည်ပေးထားသော စကြဝဠာအနှံ့ ခြေဆန့်မည့် အာကာသယာဉ်နှစ်စင်းကို အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ်ရှိ ကိပ်ကာနေဗယ်လ် မြေပြင်စခန်းမှနေ၍ ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၅ ရက်နှင့် ၂၁ ရက်များက တစ်စင်းချင်းစီ လွှတ်တင်ခဲ့သည်။

အဆိုပါ အာကာသယာဉ်နှစ်စင်းတို့သည် နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များကို စူးစမ်း လေ့လာပြီးနောက် နေစကြဝဠာ၏ နယ်နိမိတ်အဆုံးကို ဖြတ်သန်းခရီးပေါက်အောင် စွမ်းဆောင်နိုင်ခဲ့ပြီကို အောင်လံထူပြလိုက်ခြင်းပင် ဖြစ်သည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်နှင့် မရှေးမနှောင်း လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည်လည်း မတူညီသောလမ်းကြောင်းပေါ်၌ မရပ်မနားခရီးနှင်နေဆဲပင်ဖြစ်သည်။ ဗွိုင်ယေဂျာ-၁ကပေးပို့သော အထက်ပါ သတင်းပေးပို့ချက်မျိုးကိုမူ ဗွိုင်ယေဂျာ-၂က ပေးပို့ခြင်းမရှိသေးပေ။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့လူသားတို့၏စွမ်းဆောင်ရည်ကြောင့် နေစကြဝဠာမှ မဟာစကြဝဠာကြီးဆီသို့တိုင် ထိုးဖောက်ရောက်ရှိနေပြီဆိုသည်ကို မည်သူကမျှ အငြင်းပွားနိုင်ကြတော့မည်မဟုတ်ပေ။ ။

# မိုးကုတ်မြို့ အိမ်ရာစီမံကိန်းအတွက် ပဏာမသဘောတူလက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ ရေပူကျေးရွာရှိ ဦးယောဆက် (Golden Butterfly Co., Ltd.) ပိုင် မြေဧက ၂၀ တွင် Infrastructure of Myanmarနှင့်အကျိုးတူအိမ်ရာစီမံကိန်း တည်ဆောက်ရန် နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက မိုးကုတ်မြို့ မိုးကုတ်မိုတယ်၌ ကနဦးပဏာမ သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ပဏာမသဘောတူလက်မှတ်ရေးထိုးပွဲသို့ Golden Butterfly Co., Ltd. ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်လွင်နှင့် Infrastructure of Myanmar ဥက္ကဋ္ဌ ဦးသန်းဦးတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး Infrastructure of Myanmar ၏ အထက်မြန်မာပြည်တာဝန်ခံ ဦးမျိုးနိုင်တို့ တက်ရောက်ပြီး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တိုက်ခန်း တစ်ယူနစ်လျှင် ၂၅၆၀ ခန်းခန့် ဆောက်လုပ်ခွင့်ရရှိနိုင်ရန် တိုင်းဒေသကြီးသို့ ခွင့်ပြုချက်တင်ထားပြီး ခွင့်ပြုချက်ရပါက နှစ်နှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ဦးသန်းဦးက ပြောသည်။ Infrastructure of Myanmar ကုမ္ပဏီသည် သာမန်လူတန်းစားများအတွက် အိပ်ခန်း၊ ဧည့်ခန်း၊ စားဖိုဆောင် ပါဝင်သော စတုရန်းပေ ၆၀၀ ရှိ မိသားစုနေ တစ်ခန်းလျှင် လက်ငင်းချေစနစ် ငွေကျပ်သိန်း ၈၀ ဖြင့် လည်းကောင်း၊ တစ်နေ့ ငွေကျပ် ၁၀၀၀ သွင်း(သို့) တစ်လငွေကျပ် ၃၀၀၀၀ ပေးသွင်း အရစ်ကျစနစ်၊ တည်ဆောက်ရေးနှစ်နှစ်ပြည့်ပါက နှစ် ၃၀ အတွင်း မပျက်စီးကြောင်း အာမခံကုမ္ပဏီတွင် အာမခံပေးပြီး တိုက်ခန်းအပ်မည်ဖြစ်ကာ နှစ် ၃၀ အပြီးပေးချေစနစ်တွင် တစ်ခန်းလျှင် ငွေကျပ် ၁၀၈ သိန်းဖြင့် လည်းကောင်း ဆောက်လုပ်သွားမည်ဖြစ်ပြီး လျှပ်စစ်မီး၊ ရေ၊ ကလေးကစားကွင်း၊ ဈေး၊ ကားပါကင်တို့ ပါဝင်သည်ဟု သိရသည်။

**ဖိုးသန့်**

# ငါးလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**ညောင်တုန်း နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဩဂုတ်လအတွင်းက ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် ငါးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ငါးမွေးတောင်သူများအား ငါးသားပေါက်များကို ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့တော်ခန်းမ၌ နိုဝင်ဘာ ၂ရက်က ကျင်းပခဲ့သည့် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဝင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသည့် ငါးမွေးတောင်သူများ၏ လုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ၁၀ ခုကို အောက်တိုဘာ ၂၁ ရက်က ပထမအကြိမ်အဖြစ် ငါးသားပေါက်များ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ဒုတိယအကြိမ်အဖြစ် ကျန်ရှိနေသော ကျေးရွာအုပ်စုငါးခုသို့ ဆက်လက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သော ငါးကန်များကို အချိန်မီပြန်လည်ထူထောင်နိုင်ရန် ဌာနအနေဖြင့် အမြန်ဆုံး ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် တာဝန်ရှိသူများက ငါးမွေးတောင်သူတစ်ဦးချင်းအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခု ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့သည့် ဘုရားကုန်း၊ ဗျောသလန်း၊ အောက်ဆယ်၊ အရွဲနှင့် ကတုက္ကမကျေးရွာအုပ်စုများတွင် ဩဂုတ်လအတွင်းက ရေကြီးရေလျှံမှုကြောင့် ငါးမွေးကန်ဧကတစ်သောင်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းစည်းဝေး

**မိုင်းခတ် နိုဝင်ဘာ ၄**

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မိုင်းခတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာခန်းမ၌ အောက်တိုဘာ ၃၀ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စစ်ဗျူဟာအဖွဲ့(အခြေချ)မိုင်းခတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသစ်လွင်ထူးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မင်းဟန်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးမျိုးတင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လေးတို့က ရွေးကောက်ပွဲကာလ လုံခြုံရေးအစီအမံများ၊ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ပေးအပ်ထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မဲရုံမှူးများ၊ ရပ်/ကျေးကော်မရှင်များအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များ၊ မဲရုံသုံးပစ္စည်းများ ထုတ်ယူခြင်းနှင့် ပို့ဆောင်ရေး၊ မဲရုံပြင်ဆင်ရေးနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ အစီအမံများအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးချက်များအပေါ် စစ်ဗျူဟာမှူးကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ပြီး လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နွယ်နီအောင်(မိုင်းခတ်)**

# နိုင်ငံ့စွမ်းဆောင်ရည်ဆုရ စည်ပင်သာယာရေးအဖွဲ့အား ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၄**

နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် နိုင်ငံ့စွမ်းဆောင်ရည်ဆုများမှ စည်ပင်သာယာရေးကော်မတီ အကောင်းဆုံးမြို့နယ် တတိယဆုရရှိသည့် သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုပွဲကို သန်လျင်မြို့ သာသနာ့ဗိမာန်တော်၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သန်လျင်မြို့သည် ခရိုင်ရုံးစိုက်ရာမြို့ ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် သန်လျင်မြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးမောင်မောင်တိုးက သန်လျင်မြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သန်လျင်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်လေး၊ သန်လျင်မြို့ အမိုးနီသုသာန်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်)ဦးလှမြင့်တို့က ရပ်ကွက်နှင့် ကျေးရွာများမှ လမ်းနှင့်တံတားများကော်မတီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်လက်ပေးအပ်ခဲ့သည်။

**သန်းဝင်း(သန်လျင်)**

# လောက်ကိုင်မြို့ ပေါ် လျှပ်စစ်ပစ္စည်းဆိုင်၌ မီးလောင်မှုဖြစ်

**လောက်ကိုင် နိုဝင်ဘာ ၄**

လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်၌ နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခန့်က ဝိုင်ယာကြိုးရှော့ခ်ဖြစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမှတ်(၂)ရပ်ကွက် ကော်မင်လမ်းသွယ် (၂)နှင့် (၃)ကြားရှိ ချိန်စီကျွင်း၏ ရှောင်ချိန်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကနဦးစစ်ဆေးချက်အရ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးသတ်ကားနှစ်စီးနှင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကျပ် ၁၀ သိန်းခန့်ရှိပြီး လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**စစ်ကိုင်း နိုဝင်ဘာ ၄**

စစ်ကိုင်းခရိုင်အတွင်း အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၅)ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်း၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။




အစည်းအဝေးတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် စစ်ကိုင်းခရိုင်တာဝန်ခံ ဦးသန်းထွန်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲထွဋ်က ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် ခရိုင်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ စစ်ကိုင်းခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းအောင်က ရွေးကောက်ပွဲကာလ လုံခြုံရေးဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မိမိတို့မြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ထားသည့် အခြေအနေများကို လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက မဲရုံလုံခြုံရေး၊ နယ်မြေလုံခြုံရေးအတွက် မြို့နယ်အလိုက် နယ်မြေကွင်းဆင်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များနှင့် ပတ်သက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ရခိုင်ပြည်နယ် လယ်ယာကဏ္ဍတိုးတက်ရေး ဆွေးနွေး

**မြောက်ဦး နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍတိုးတက်ရေးအတွက် မြောက်ဦးမြို့နယ် ထမ္ပရာဇ်ကျေးရွာမှ ဒေသခံတောင်သူများအား စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က အောက်တိုဘာ ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးနေမှုများနှင့် ရခိုင်ပြည်နယ်တောင်သူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဒေသခံတောင်သူများက မိမိတို့ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် လိုအပ်ချက်များကိုတင်ပြပြီး မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက မြောက်ဦးဒေသအတွက် လိုအပ်နေသည့် စပါးရိတ်သိမ်းခြွေလှေ့စက်(Combine Harvester)များ ဖြည့်ဆည်းပေးရေးကို တင်ပြခဲ့ကာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး မြောက်ဦးဒေသအတွက် စပါးရိတ်သိမ်းခြွေလှေ့စက်များကို နှစ်အလိုက် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ထမ္ပရာဇ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူ ၁၁၅ ဦး တက်ရောက်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**





သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် · 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် · 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် · 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090# ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး ဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ ဝယ်ယူရန်အတွက် (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၃၀၉**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အတွက် လိုအပ်သော Communication & Alarm System (1)Lot ဝယ်ယူတပ်ဆင်ခြင်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၆-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၁-၂၀၁၅ ရက် ၁၄း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၁၆၇၊ ၀၆၇-၄၀၅၀၆၀**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၈-၁၀-၂၀၁၅ ရက်
**စတင်ရောင်းချမည့်ရက်** နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၁၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

# ရောင်းရန်ကြော်ငြာစာ

## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တွဲဖက်ခရိုင်(၂)တရားရုံး
## ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၀

ဦးကျော်တင့် **နှင့်** ၁။ ဦးကျော်မြင့်၊ ၂။ ဦးကျော်လှိုင်၊ ၃။ ဦးစိန်ဝင်း၊ ၄။ ဦးဉာဏ်လှိုင်

**တရားနိုင်** **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၃၀၃ တွင်ချမှတ်ထားသော အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ၄င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည်ဖြစ်၍ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အမှတ် ၇၉၆၊ မြေကွက်အလျား ၂၅ပေ×အနံပေ၅၀။

**ကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀။**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၄ လမ်း၊ အမှတ် ၅၇၈(က)၊ မြေကွက်နှင့်နေအိမ်ဥပစာ အလျား ၁၂ ½ ပေ×အနံပေ ၅၀။

**ကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရှုံးများသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချမည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသည့်တန်ဖိုး၏ ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် အကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်မာဆွေ)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
| --- | --- | --- |
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ<br>- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - ဤသင်တန်းဌာနမှအခြေခံ(အဆင့်၁)အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၈။ | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ |
| | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (အခန်းဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သင်ဆိုင်ရာဌာန၏ အဆင့် (၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |
| | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (အစားအစာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့် (၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

သင်တန်းကာလ။ ၃၀-၁၁-၂၀၁၅ ရက်မှ ၂၂-၁-၂၀၁၆ ရက်
သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင်ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
# အကြောင်းကြားစာ
## (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈၀
## ကွယ်လွန်သူ NG SHU CHOO ၌ ကျန်ရှိသောပစ္စည်းများအကြောင်း

NG SAY PHAIN **လျှောက်ထားသူ**

လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၅၂)၊ (၃)လွှာနေ NG SAY PHAIN က ကွယ်လွန်သူ NG SHU CHOO ၏အစ်ကိုဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၄င်းကွယ်လွန်သူ NG SHU CHOO မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ NG SHU CHOO မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရိုရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ NG SAY PHAIN ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ်(၁၃၈၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ချိုချိုဝင်းအမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ချိုချိုဝင်း ၉/ပမန(နိုင်)၀၀၃၄၉၄ (ဘ) ဦးလှမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဒေါ်ခင်သန်းဆွေနှင့် အများသိစေရန်ကြေညာခြင်း

ဦးညွန့်ဝေ ၈/စလန(နိုင်)၀၄၉၄၈၇ ၏လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်သန်းဆွေနှင့် အများသိရှိစေရန် ကျွန်ုပ်မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မကွေးမြို့၊ ရန်ဝေးရပ်၊ သဇင်လမ်း၊ အမှတ်(၁၂၆)နေ ဒေါ်ခင်သန်းဆွေ ၈/မကန(နိုင်) ၁၉၈၀၉၈ သည် ဦးညွန့်ဝေထံသို့ ၂၆-၂-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူ စာချုပ်တစ်စောင် ပြုလုပ်ချုပ်ဆိုပြီး မကွေးမြို့၊ အောင်စေတနာ(ဂ)ရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ်(၅၃၅) ဟု အမည်တွင်သော အိမ်ဝိုင်းမြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးအပါအဝင် ၄င်းမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအရပ်ရပ်ကို တန်ဖိုးငွေ ၃၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးရာတိတိ)ဖြင့် အပြီးအပိုင်ရောင်းချခဲ့ပါသည်။ သို့သော် ဒေါ်ခင်သန်းဆွေသည် ဦးညွန့်ဝေ မသိရှိဘဲ၊ ခွင့်ပြုချက်မပေးဘဲ ကျွန်ုပ်အမှုသည်မှ ဝယ်ယူထားသော ၄င်းအိမ်ဝိုင်းမြေ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ အခြားတစ်ပါးသို့ ချေးငွေရရှိရန်အလို့ငှာ အာမခံအဖြစ်ထားကြောင်း(သို့မဟုတ်)အာမခံအဖြစ်ထား၍ ချေးငွေရရှိရန် ကြိုးပမ်းနေကြောင်း သိရှိရသည့်အတွက် ၁၁-၈-၂၀၁၅ရက်စွဲပါ ဝန်ခံကတိစာချုပ်တစ်စောင် ပြုလုပ်၍ ဒေါ်ခင်သန်းဆွေနှင့် ၄င်း၏သား ကိုရန်နိုင်စိုး ၈/မကန(နိုင်)၁၉၇၉၈၁တို့ သားအမိနှစ်ဦး၏ ဝန်ခံကတိပြုချက်ကို ယုံကြည်၍ လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့် ၃၁-၈-၂၀၁၅ရက်အထိ ပြန်လည်ရောင်းချပေးရန် ဆန္ဒပြုစောင့်ဆိုင်းခဲ့သော်လည်း ဒေါ်ခင်သန်းဆွေတို့ သားအမိမှ ပြန်လည်ဝယ်ယူနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ၁၁-၈-၂၀၁၅ရက်စွဲပါ ဝန်ခံကတိစာချုပ်အရ ၃၁-၈-၂၀၁၅ရက်အထိ ပြန်လည်ဝယ်ယူနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ၁၁-၈-၂၀၁၅ရက်စွဲပါ ဝန်ခံကတိစာချုပ်အရ ၃၁-၈-၂၀၁၅ရက်အထိ ပြန်လည်ဝယ်ယူနိုင်ခြင်းမရှိသည့်အတွက် ပြန်လည်ဝယ်ယူခွင့်ဆုံးရှုံးပြီးဖြစ်၍ ဦးညွန့်ဝေမှ အခြားတစ်ပါးသို့ ရောင်းချရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဒေါ်ခင်သန်းဆွေ ပိုင်ဆိုင်ခြင်းအလျှင်းမရှိသော ကျွန်ုပ်အမှုသည်၏ အိမ်ဝိုင်းမြေကွက်နှင့် တိုက်ကို လူကြီးမင်းတို့ပိုင်ဆိုင်သည်ဟု အခြားသူများမှ ယုံကြည်အောင်ပြုလုပ်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် သတိပေးအပ်ပါသည်။ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ ဒေါ်ခင်သန်းဆွေနှင့် အခြားတစ်ပါးတို့မှ မိမိတို့ပိုင်ဆိုင်သည်ဟုဆိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးညွန့်ဝေထံသို့ဖြစ်စေ ယခုကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်းနှင့် ၄င်းရက်ကျော်လွန်ပါက အခြားတစ်ပါးသို့ လွှဲပြောင်းရောင်းချသွားမည်ဖြစ်ကြောင်းကို ဒေါ်ခင်သန်းဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးလွင်စိုး B.A (Law)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၉၅၇)**

# CLAIMS DAY NOTICE
# M.V MORNING NINNI VOY:NO(11)

Consignees of cargo carried by M.V MORNING NINNI VOY:NO(11) are here by notified that the vessel will arrive on about 11-11-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# CLAIMS DAY NOTICE
# M.V GOLDEN FAN VOY:NO(30)

Consignees of cargo carried by M.V GOLDEN FAN VOY:NO(30) are here by notified that the vessel will arrive on about 6-11-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ဝန်ထမ်းအမြန်အလိုရှိသည်
## Natural Clay Co.,Ltd.
## Email:humanresource@naturalclaytile.com
## ဖုန်း-၀၁-၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄

၁။ Natural Clay Co.,Ltd ၏ သဘာဝမြေထည်ပစ္စည်းစက်ရုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လ/ထ မန်နေဂျာ (Production) တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံရှိ အုတ်ကြွပ်အမိုးစက်ရုံတွင် အလုပ်လုပ်ဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူ A.G.T.I/B.Tech/B.E (Mechanical Power) (သို့မဟုတ်) (Electrical Power)ဘွဲ့ရဝန်ထမ်းများနှင့် အခြားကျွမ်းကျင်မှုဆိုင်ရာ ဝန်ထမ်းများ အလိုရှိပါသည်။ လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းအလိုက် တာဝန်ယူနိုင်မှုအပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ တစ်လအတွင်းရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ Diamond Condo G-1 & 5 ပြည်လမ်း (စိုက်ပျိုးရေးမှတ်တိုင်တွင် ဆင်းရန်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ နိုဝင်ဘာလအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၆

ဒေါ်ဇင်ဇင်ဝင်း **နှင့်** ၁။ ဒေါ်ခေါင်လီခင်(ခ)ဒေါ်ခင်မိုးမိုး
၂။ ဦးစိန်ဝင်း
(အတူနေလင်မယား)

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နေလလမ်း၊ အိမ်အမှတ် ၁၄ နေ ဒေါ်ခေါင်လီခင်(ခ)ဒေါ်ခင်မိုးမိုးနှင့် ဦးစိန်ဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ထည့်ဝင်ထားခဲ့သည့် စုကြေးငွေ ၁၁၁၂၄၆၆၀၀ (ကျပ်တစ်ထောင့်တစ်ရာတစ်ဆယ့်နှစ်သိန်းလေးသောင်းခြောက်ထောင်ခြောက်ရာ) တိတိအား ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၆ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှလှသိန်း)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

# (၂၃)ကြိမ်မြောက်
# ပေါင်းတည်မြို့၊ သီတဂူ ရှမ်းမလေး ဓမ္မသဘင်
# အလှူတော်မင်္ဂလာ အထူးတရားပွဲ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ ဘုရားကြီးလမ်း၊ ရှမ်းမလေးကုန်မျိုးစုံစတိုးပိုင်ရှင် ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း ဒါယကာ-ဒါယိကာမ ကျေးဇူးရှင်ဖခင်ကြီး ဦးဂျန္နကီး+ကျေးဇူးရှင်မိခင်ကြီး သုဓမ္မသီဂီ ဒေါ်သိန်းရင်တို့အားရည်စူး၍ သီတဂူရှမ်းမလေးမိသားစုတို့၏ သီတဂူရှမ်းမလေးဓမ္မသဘင် အလှူတော်မင်္ဂလာ အထူးတရားပွဲကို ဘုရားကြီးလမ်း၊ ရှမ်းမလေးကုန်မျိုးစုံစတိုးဆိုင်ရှေ့၌ ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ရက်(တနင်္ဂနွေနေ့) ည သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ(D-Litt,Ph.D)၊ နိုဝင်ဘာ ၁၆ ရက်(တနင်္လာနေ့)ည ဓမ္မဒူတဒေါက်တာအရှင်ဝိမလ၊ နိုဝင်ဘာ ၁၇ရက်(အင်္ဂါနေ့) ညအရှင်ခေမိန္ဒ(စစ်ကိုင်း-ခင်မကန်)ဆရာတော်ကြီးများမှ ညစဉ် ၇း၀၀နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ပါသောကြောင့် တရားဒေသနာတော်မြတ်ကို အတူတကွ နာယူမှတ်သားကြည်ညိုသဒ္ဓါပွား ကုသိုလ်များယူနိုင်ကြပါရန် တရားချစ်ခင်သူတော်စင်အပေါင်းတို့အား ဖြူစင်သောစိတ်ထားရင်းဖြင့် ဖိတ်ကြားခြင်းပြုအပ်ပါသည်။

**သီတဂူ ရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ကုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမာသီရိလက်ာရ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(၁၉၇၃-၇၄-၇၅)ဘူမိဗေဒတွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏
### နဝမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒအဓိကဖြင့်(၁၉၇၃/၇၄/၇၅)ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၉-၁၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ
**ဆက်သွယ်ရန်** - (၁) ဦးသိန်းဇံ ဖုန်း-၀၉-၇၃၂၃၈၀၀၈
(၂) ဦးအောင်ကျော်ခိုင် ဖုန်း-၀၉-၄၂၁၀၇၂၆၆၁
(၃) ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၅၀၆၀၆၂၄

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### "2nd Gathering Dinner of 1982 Intake Students From Institute of Economics(Yangon)"
### ဒုတိယအကြိမ် ၁၉၈၂ ပညာသင်နှစ်တွင် စီးပွားရေးတက္ကသိုလ်ပထမနှစ်သို့ စတင်ဝင်ရောက်ခွင့်ရသော ကျောင်းသား/ကျောင်းသူများ၏ မိတ်ဆုံစားပွဲတက်ရောက်ရန်ဖိတ်ကြားခြင်း

ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက် Chatrium Hotel တွင် ပထမအကြိမ်မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သလို ယခုနှစ်တွင်လည်း "ဒုတိယအကြိမ် မိတ်ဆုံစားပွဲကို"ကို မနှစ်ကထက် သူငယ်ချင်းများ ပိုမိုစုစည်းပြီး တေးသံသာများသီဆိုကာ ပျော်ပျော်ပါးပါးကျင်းပမှာဖြစ်လို့ ပါဝင်တက်ရောက်ဆင်နွှဲမည့်သူငယ်ချင်းများ နိုဝင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ အောက်ပါနီးစပ်ရာသူငယ်ချင်းများထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါပြီ။
(FREE OF CHARGE ဖြစ်ပါတယ်)ဒင်နာဖိတ်စာထုတ်ယူရမည့်ရက်ကို ထပ်မံကြေညာပါမည်။

**ကျင်းပမည့်နေ့ရက်** - ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၄း၃၀ နာရီ
**ကျင်းပမည့်နေရာ** - အင်းယားလိတ်ဟိုတယ်မြက်ခင်းပြင်

**ဆက်သွယ်စာရင်းပေးသွင်းရန်**

| | | | | | |
|---|---|---|---|---|---|
| **မာမာစိုး** | ဖုန်း-၀၉-၅၀၈၀၉၇၀၊ | **တင်တင်ပြုံး** | ဖုန်း-၀၉-၅၁၅၂၄၅၀ | **ခင်ခင်ဌေး** | ဖုန်း-၀၉-၄၃၀၄၀၃၅၁ |
| **နိုင်လင်း** | ဖုန်း-၀၉-၇၃၀၄၉၆၆၅၊ | **အေးမင်း** | ဖုန်း-၀၉-၄၅၀၀၅၈၉၅၀ | **လှနိုင်** | ဖုန်း-၀၉-၅၁၃၅၄၄၅ |
| **သော်သော်ထွေး** | ဖုန်း-၀၉-၅၄၁၂၁၁၁၊ | **ချိုချိုစန်း** | ဖုန်း-၀၉-၅၀၁၇၆၈၀ | **တိုးတိုးမောင်** | ဖုန်း-၀၉-၂၅၄၁၀၆၄၄၈ |
| **အောင်မိုး** | ဖုန်း-၀၉-၅၀၀၈၂၉၉၊ | **သန်းဇော်ထွန်း** | ဖုန်း-၀၉-၅၁၆၃၄၇၄ | | |

### ကမ္ဘောဇသာသနာ့ဗိမာန်နှင့် တောင်ကြီးအသင်း(ရန်ကုန်)၏
### (၁၈)ကြိမ်မြောက် မဟာဘုံကထိန်ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘောဇသာသနာ့ဗိမာန်မိသားစုနှင့် တောင်ကြီးအသင်း(ရန်ကုန်)မိသားစု၏ (၁၈)ကြိမ်မြောက် မဟာဘုံကထိန်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက်ရှမ်းပြည်နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၅-၁၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - ကမ္ဘောဇသာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း၊ဗဟန်းမြို့နယ်။

ကထိန်ရကျောင်းအပါအဝင် ပင့်သံဃာအပါး(၂၀)တို့အား ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းလိုသော အလှူရှင်များ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၁-၃၈၁၄၃၉၊ ၀၉-၈၆၁၃၁၅၇၊ ၀၉-၂၅၁၁၅၉၈၂၂၊ ၀၉-၂၅၀၀၀၉၃၁၀၊ ၀၉-၇၃၀၃၉၄၈၇

### "အမွေစား/အမွေခံ သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း"

ကျွန်တော်၏ သမီးဖြစ်သူ မမြင့်သက်ဝေ (N/OKA-၀၀၀၉၀၇) သည် ဖခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစပြီး အမွေစား/အမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးအုန်းမြင့်**
**၁၂/ဥကမ(နိုင်)၁၂၉၅၅၅**



### လူပျောက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၅၅)၊ ခြောက်လွှာ(ဘီ)နေ ကိုအီဆက် MDW-၂၅၀၃၂၀၏ဇနီး ဓာတ်ပုံရှင် မတင်တင်ထွေး ၁၂/မဂတ(နိုင်)၀၈၁၂၈၅ အသက် (၃၃)နှစ်သည် ၁၆-၉-၂၀၁၅ရက်ညနေ ၇း၁၅နာရီခန့်တွင် နေအိမ်မှဈေးဝယ်ရန် ဆင်းသွားရာမှ ယနေ့အထိ ပြန်ရောက်လာခြင်းမရှိသေးပါ။ မင်္ဂလာတောင်ညွန့်မြို့ မရဲစခန်းတွင်လည်း လူပျောက်အမှတ်စဉ် (၉/၁၅)ဖြင့် ၁၇-၉-၂၀၁၅ရက်တွင် တိုင်တန်းထားပါသည်။ မတင်တင်ထွေးမှာ စိတ်ရောဂါဝေဒနာရှင်တစ်ဦးဖြစ်သဖြင့် ၎င်းအားတွေ့ရှိသူများက သတင်းပို့ရန်မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိသူများကိုလည်း ကျေးဇူးဆပ်မည်ဖြစ်ပြီး သွေးဆောင်ဖြားယောင်းလက်ခံထားသူများကိုလည်း အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအီဆက်**
**ဖုန်း-၀၉-၄၂၀၀၃၄၇၇၁**

### မိတ္ထီလာမြို့၊ အထက(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
### (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မိတ္ထီလာမြို့၊ အထက (၁)တွင် အမျိုးသားကျောင်းမှ ယနေ့အထိ အနည်းဆုံး(၁)နှစ်တာကာလတာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အနန္တဂိုဏ်းဝင်ကျေးဇူးရှင်အသက် (၆၀)ကျော် ဆရာကြီး၊ ဆရာမကြီး (၂၂၅) ဦးအား ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့မှ ထူးကဲလေးမြတ်စွာ ပူဇော်ကန်တော့ကြမည့် (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် အထက(၁)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းတပည့်အပေါင်းတို့က ၎င်းပူဇော်ကန်တော့ပွဲသို့ မပျက်မကွက်သိုက်သိုက်ဝန်းဝန်း ကိုယ်တိုင်ကြွရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(ပင်မ)**

**ဆက်သွယ်လှူဒါန်းရန်**

၁။ ဒေါ်မာလာ ကျောင်းအုပ်ကြီး(ငြိမ်း)၊ မိတ္ထီလာ ၉/မထလ(နိုင်)၀၂၁၅၁၁ ဖုန်း-၀၉-၂၂၀၁၀၉၈
၂။ ဒေါ်စုစုလွင် အထပြ(ငြိမ်း) ၉/မထလ(နိုင်)၀၂၀၆၁၁ ဖုန်း-၀၆၄-၂၅၇၇၂
၃။ ဦးသိန်းလွင် လင်းလွန်းခင်စာပေ၊ အမှတ် ၆၃၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၁၉၇၁၂
၄။ ကိုသက်နိုင်ဦး-ဒေါက်တာဆွေဇင်ဝင်း မန္တလေးမြို့ ဖုန်း-၀၉-၂၀၂၀၃၃၃၊ ၂၀၃၀၅၅၅
၅။ ဒေါ်မြင့်မြင့်ခိုင် ဝင်းနားဘော်ဒါ MTA-၁၇၀၇၄၅ ဖုန်း-၀၆၄-၂၃၄၇၅၊ ၀၉-၂၂၀၀၂၇၅
၆။ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၄၃၀၇၅၇၅၄
၇။ ဒေါ်မေရီလွင် အထပြ၊ အထက(၁) ဖုန်း-၀၆၄-၂၃၀၁၉၊ ၀၉-၂၀၁၄၉၆၄
၈။ ဦးဘိုဘိုဇော် (ဆည်မြောင်း)နေပြည်တော် ဖုန်း-၀၉-၅၃၄၀၅၇၇

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/4999 AUMARK II SLT.03/4T(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဆင်တယ် ၁၃/လရန(နိုင်)၁၀၇၂၅၈ကက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လားရှိုး)**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျှင် (လားရှိုးမြို့)

### အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့(၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅) နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)၊ တီ(၂၉)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) နံနက် ၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**
**ကုမ္ပဏီဝန်ထမ်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျှင် (လားရှိုးမြို့)

### အသက် (၁၀၈)နှစ်

Mottama Holdings Co.,Ltd ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှိုးလျှင် အသက် (၁၀၈)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းမြင့်၊ ဦးမောင်ကျေး**
**N.I.H Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**သုဓမ္မသီဂိ ဒေါ်နန်းငွေရီ**

**အသက် (၆၆)နှစ်**

လွိုင်ကော်မြို့၊ ရှမ်းစုရပ်ကွက်နေ ဦးစိုင်းအောင်ဝင်း၏ ဇနီး သုဓမ္မသီဂိ ဒေါ်နန်းငွေရီသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးထွန်းတင့်ဝေ)-ဒေါ်ခင်စီ**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာသန်းထွဋ်**

**(သွားနှင့်ခံတွင်း ဆရာဝန်၊ သခ-၂၇၄)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၈၊ ၂လမ်း၊ မြို့မရပ်ကွက်နေ ဒေါ်မူမူအောင်၏ခင်ပွန်း ဒေါက်တာသန်းထွဋ်သည် ၃၀-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း (ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာရှိုးလျှင် (လားရှိုးမြို့)**

**အသက်(၁၀၈)နှစ်**

ဦးရန်ဟော် (Chairman,Mottama Holding Ltd.)-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှိုးလျှင် (လားရှိုးမြို့)သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သန်းမြင့်-ဒေါ်ယုယုဝင်း**
**Super Power Electric Industry Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မီမီကို**

**အသက် (၅၁)နှစ်**

ဦးတင်ကိုကို (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်)နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ဇနီး ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ ရုံးခွဲနှင့်**
**ဆေးခန်းများမှ ဝန်ထမ်းမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မီမီကို**

**အသက်(၅၁)နှစ်**

ဦးတင်ကိုကို(ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ**
**လူမှုဖူလုံရေးဝန်ထမ်းမိသားစုများ**

---

## (၆)လပြည့် အလွမ်း

ရဟန်း၊ ကျောင်း၊ မော်တော်ယာဉ်ဒါယိကာမကြီး (ဒေါ်ခင်နွဲ့မွန်) (သက်) ကောင်းရာဘုံဘဝမှနေ၍ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု၊ မောင်နှင့်တကွ သားသမီးမြေးများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**နာယကကြီး ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်မြို့)**

**ဒေါ်မြင့်မြင့် အသက် (၇၇)နှစ်**

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်မြို့)၏ နာယကတစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့် အသက် (၇၇)နှစ်သည် ၁-၁၁-၂၀၁၅ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိကြပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်မြို့)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**နာယက၊ ရခိုင်သဟာယအသင်း (ရန်ကုန်)**

**ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ) အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၇ နေ ဦးမင်းကြည် (နာယက၊ ရခိုင်သဟာယအသင်း)၏ ဇနီး ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)သည် ၁-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့၊ ရခိုင်သဟာယအသင်း (ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ) အသက် (၇၇)နှစ်**

ဦးမင်းသိမ်းဇံ (သီရိလင်္ကာသံအမတ်ကြီး)၊ ဒေါ်မေသင်းကြိုင်တို့၏မိခင်၊ CAPT ကြည်မင်းဟန် (MD, Kyi Min Brothers Co.,Ltd)- ဒေါက်တာပန်းဝါကျော်၊ မောင်ကြည်မင်းဇံ (Director, Kyi Min Brothers Co.,Ltd)- မခိုင်ဇာလွင်၊ မောင်ကြည်မင်းဉာဏ် (Director, Kyi Min Brothers Co.,Ltd)တို့၏အဘွား၊ သိသိ၏ဖီးဖီးသည် ၁-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**My Sandy Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးညီမောင် (ပေါင်းတလည် အုတ်ဆွဲ)**

ဦးရဲနောင် Managing Director Pyi Taw Hein Bored Piling and Construction Co.,Ltd.)-ဒေါ်ခင်ချစ်မူတို့၏ဖခင် ဦးညီမောင်(ပေါင်းတလည်/အုတ်ဆွဲ)သည် ၁-၁၁-၂၀၁၅ ရက် နံနက် ၁း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ALLSUM MYANMAR**
**Construction and Trading Co., Ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖြူဖြူ(ခ)မရ်ယမ်ဘီဘီ**

**အသက် (၆၄)နှစ်**

ဒေါ်ဖြူဖြူ (ကထိက၊ ငြိမ်း)သည် ၂-၁၁-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့်ဆရာ/ဆရာမများ**
**သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ ပထမသက်တမ်းအထိမ်းအမှတ် ငွေဒင်္ဂါးထုတ်ဝေမည်




အထိမ်းအမှတ်ဒင်္ဂါး၏ရှေ့ဘက်




အထိမ်းအမှတ်ဒင်္ဂါး၏ကျောဘက်

**နေပြည်တော်　နိုဝင်ဘာ　၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုအစိုးရအဖွဲ့ ပထမသက်တမ်းအထိမ်းအမှတ်အဖြစ် ငါးထောင်ကျပ်တန် ငွေဒင်္ဂါးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေမည်ဖြစ်သည်။

အထိမ်းအမှတ်အတွက်ထုတ်ဝေသည့်ဒင်္ဂါးသည် ငွေစင်ငွေသား ၉၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့်သွန်းလုပ်ထားပြီး အလေးချိန် ၂၀ ဂရမ်နှင့် အချင်း ၂၅ မီလီမီတာရှိသည်။

အထိမ်းအမှတ်ဒင်္ဂါး၏ရှေ့ဘက်တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ရိုက်နှိပ်ထားပြီး အထိမ်းအမှတ်တံဆိပ် အောက်ဘက်တွင် ၅၀၀၀ ကျပ်နှင့် ထုတ်လုပ်သည့်နှစ် ၂၀၁၅ ဟုပါရှိသည်။ ငွေဒင်္ဂါး၏ရှေ့ဘက်ပတ်လည် အပေါ်ဘက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟုလည်းကောင်း၊ အောက်ဘက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟုလည်းကောင်း ပါရှိသည်။

အထိမ်းအမှတ်ဒင်္ဂါး၏ကျောဘက်တွင် တော်ဝင်ဆင်ဖြူတော်ပုံရိုက်နှိပ်ထားပြီး

*စာမျက်နှာ ၁၄ ကော်လံ ၁* ❐

# မြန်မာ ယူ-၂၀ အမျိုးသမီးဘောလုံးအသင်း ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ပွဲဦးထွက်ဂိုးပြတ်နိုင်

ဖိုးသော်ဇင်

**ဟိုချီမင်း　နိုဝင်ဘာ　၄**

ဗီယက်နမ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပရာ မြန်မာ ယူ-၂၀ အမျိုးသမီးဘောလုံးအသင်းက ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းမှာ FEU အသင်း(ဖိလစ်ပိုင်)နှင့်ကစားခဲ့ရပြီး ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာ ခင်သန္တာအေး၊ ဇင်မာထွန်း၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ငယ်ငယ်ထွေး၊ ရှုပါခိုင်၊ ဝင်းသီဂီထွန်း၊ လဲ့လဲ့လှိုင်၊ မေသူကျော်၊ လှယဉ်ဝင်း၊ နီလာဝင်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး ဝင်းသီဂီထွန်းက ဟက်ထရစ်သွင်းယူခဲ့ကာ လှယဉ်ဝင်းကနှစ်ဂိုးနှင့် မေသူကျော်က တစ်ဂိုးတို့ သွင်းယူခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာယူ-၂၀အသင်း၊ ဟိုချီမင်းစီးတီး(ဗီယက်နမ်)၊ FEU (ဖိလစ်ပိုင်)နှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။

မြန်မာအသင်းမှာ ဒုတိယပွဲစဉ်အဖြစ် နိုဝင်ဘာ ၆ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**



တိုက်စစ်မှူး ရွန်းနေ မန်ယူအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူစဉ်။

# မန်ချက်စတာမြို့ခံနှစ်သင်း အောင်ပွဲခံသည့် ချန်ပီယံလိဂ်ပွဲစဉ်(၄)

သီဟ-ရေးသည်

ယူအီးအက်ဖ်အေချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄) ပွဲစဉ်များကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပြန်လည်ယှဉ်ပြိုင်ခဲ့ကြပြီးအုပ်စု (B)မှ အင်္ဂလန်ကလပ်မန်ယူနှင့် ရုရှားကလပ် CSKA မော်စကိုတို့ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်ယူအသင်း တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အင်္ဂလန်ကလပ် မန်ချက်စတာမြို့ခံတစ်သင်း ဖြစ်သည့် အုပ်စု (D) မှ မန်စီးတီးနှင့် စပိန်ကလပ်ဆီဗီလာ ပွဲတွင်လည်း ဧည့်သည်မန်စီးတီးအသင်း သုံးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မန်ယူနှင့် CSKA မော်စကိုပွဲသည် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့်ပွဲထွက်လာခဲ့ကြသည်။ နည်းပြ ဗန်းဟားလ်၏ မန်ယူပွဲထွက်စာရင်းတွင် မာရှယ်၊ ရှဝိန်းစတိုင်ဂါ၊ ကားရစ်၊ လင်းဂတ်ဒ်၊ ရွန်းနေ၊ မာတာ၊ အက်ရှလေယန်း၊ ရိုဂျို၊ ဘလိုင်း၊ စမောလင်းနှင့်ဂိုးသမားဒီဂီယာတို့ ပါဝင်ခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၃* ◆

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS



မြန်မာ့အလင်း



ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

နိုဝင်ဘာ ၅၊ ၂၀၁၅ (ကြာသပတေးနေ့)




## ပဋိပက္ခတွေကြောင့် ဆုံးရှုံးနစ်နာမှုများသာ ဖြစ်ပေါ်ခဲ့

လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင် ပဋိပက္ခတွေ မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့ပါတယ်။ ဒီပဋိပက္ခတွေကြောင့် သောင်းနဲ့ချီတဲ့ နှစ်ဖက်စလုံးက တပ်သားတွေ အသက်ဆုံးရှုံးခဲ့ကြရပါတယ်။ လက်နက်ကိုင် ပဋိပက္ခဒေသတွေမှာ နေထိုင်ကြတဲ့ သိန်းနဲ့ချီသော ပြည်သူတွေဟာ စစ်ဘေးစစ်ဒဏ်ကို ခါးစည်းခံခဲ့ရပါတယ်။ အားလုံးဟာ ကိုယ့်တိုင်းရင်းသား ကိုယ့်ပြည်သူတွေပဲ ဖြစ်ကြပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ MICC-2 ၌ ကျင်းပသည့် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အမျိုးသားလုံခြုံရေး မူဝါဒတစ်ရပ် ချမှတ်ဖော်ဆောင်

## ပြည်ထဲရေးဝန်ကြီးဌာန

**လုပ်ငန်းစဉ်ခြောက်ရပ်**

လုံခြုံရေးကိစ္စရပ်များ တိုးတက်ကောင်းမွန်ရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ လေ့ကျင့်မှုမပြတ်ဆောင်ရွက်ရေး၊ စိတ်ဓာတ်ကောင်းမွန်တိုးတက်မြင့်မားရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် လုပ်ငန်းစဉ်ခြောက်ရပ်ကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ် (Road Map) ၏ သတ္တမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကိုစတင်၍ ပြောင်းလဲကျင့်သုံးခဲ့ရာ ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်အညီ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခဲ့ရာတွင် လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်နှင့် မိတ္ထီလာကဲ့သို့သော အရေးအခင်းများကို ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများလုံခြုံရေး၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ASEAN Summit အခမ်းအနားများနှင့် ဆက်စပ်အစည်းအဝေးများ၊ (၇)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေး၊ (၆)ကြိမ်မြောက် ACMES ထိပ်သီးအစည်းအဝေး၊ အကြိမ်(၂၀) မြောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ (GMS)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ပြည်ပနိုင်ငံတကာအကြီးအကဲခရီးစဉ်များနှင့် ကမ္ဘာ့အဆင့်ညီလာခံများတွင် လုံခြုံရေးအကာအကွယ်အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၅ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**အင်တာပိုလ်နှင့် ပူးပေါင်းဆောင်ရွက်**

အရေးကြီး အခမ်းအနားများတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များအား အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ အင်တာပိုလ်နှင့်ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အင်တာပိုလ် I-24/7 ဆက်သွယ်ရေးစနစ်မှတစ်ဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ နယ်ပယ်များတွင် အပြန်အလှန်သတင်းဖလှယ်၍ မူးယစ်ဆေးဝါးနှင့် တရားမဝင်ဆေးဝါးတုများတိုက်ဖျက်ရေးစီမံကိန်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လူမှောင်ခိုရောင်းဝယ်မှုတားဆီးနှိမ်နင်းရေးစီမံချက်များ၊ နိုင်ငံဖြတ်ကျော် မှုခင်းကိုးမျိုး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အင်တာပိုလ်စီမံကိန်းများ၊ ပြည်ပနိုင်ငံတကာ အကြီးအကဲခရီးစဉ်များ၊ ဆိုက်ဘာမှုခင်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောထွက်ပစ္စည်းများ တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ (Operation Cobra) နှင့် လက်နက်မှုခင်းများ တားဆီးနှိမ်နင်းရေးနယ်ပယ်များတွင် အရှိန်အဟုန်မြှင့်တင်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးလေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်းများ၌ INTERPOL Database MIND Device များ အသုံးပြုပြီး Travel Document များကို စစ်ဆေးလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေသော တစ်ဖက်နိုင်ငံများမှ မှောင်ခိုမှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ နယ်စပ်မှုခင်းများကာကွယ်တားဆီးရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဆက်ဆံရေးရုံး (Border Liaison Offices - BLOs) များကို မြန်မာ-တရုတ်နယ်စပ်တွင် လေးရုံး၊ မြန်မာ-ထိုင်းနယ်စပ်တွင် သုံးရုံးနှင့် မြန်မာ-လာအိုနယ်စပ်တွင် နှစ်ရုံး စုစုပေါင်း BLOs ကိုးရုံးကို ထူထောင်ဖွင့်လှစ်နိုင်ခဲ့သည်။




မှုခင်းရဲတပ်ဖွဲ့မှ မှုခင်းဖော်ထုတ်ဆောင်ရွက်နေမှုမှတ်တမ်း။

**Country Programme (၂၀၁၄ - ၂၀၁၇)**

UNODC နှင့် ပူးပေါင်း၍ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၁၃၃၉ သန်းတန်ဖိုးရှိ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး လေးနှစ်စီမံကိန်း Country Programme (၂၀၁၄ - ၂၀၁၇)ကို ရေးဆွဲပြီး နိုင်ငံဖြတ်ကျော်မှုခင်းနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့်ကျန်းမာရေး၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဟူသည့် လုပ်ငန်းနယ်ပယ်ငါးရပ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်မှစတင်၍ DNA ကို လျင်မြန်စွာစမ်းသပ်စစ်ဆေးနိုင်သည့် Rapid HIT (Human Identification Test) စက်ပစ္စည်းများအား တပ်ဆင်အသုံးပြုခဲ့ပြီး မှုခင်းများ စတင်စစ်ဆေးဖော်ထုတ်ခဲ့သည်။

တုပမှုမျိုးစုံနှင့်မမြင်ရသည့် လျှို့ဝှက်စာများဖော်ထုတ်စစ်ဆေးနိုင်သည့် DOCUCENTER NIRVIS စက်များကိုလည်းတပ်ဆင်အသုံးပြု၍ မှုခင်းများစစ်ဆေးလျက်ရှိသည်။

ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သတင်းဖလှယ်ရေး နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ အခွန်ဝန်ကြီးဌာန၊ နည်းပညာအကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းများအဖွဲ့ (ECT)နှင့် သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်စာလွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**လူကုန်ကူးမှု တားဆီးနှိမ်နင်း**

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (ATU)ကို ၂၀၀၄ ခုနှစ် ဇွန်လတွင်စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လူကုန်ကူးမှု

*စာမျက်နှာ (ခ) သို့*

**ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်အညီ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခဲ့ရာတွင် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်ခဲ့။**

**၂၀၁၅ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိုလည်း အပြည့်အဝဆောင်ရွက်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်။**

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅




နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ဆိုင်ကယ်များဖြင့် လှည့်ကင်းဆောင်ရွက်နေကြစဉ်။

*ရှေ့ဖုံးမှ*

တားဆီးနှိမ်နင်းရေးအထူးအဖွဲ့ (ATTF) ၂၂ ဖွဲ့ကို ဖွဲ့စည်း၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လူကုန်ကူးမှုအစီရင်ခံစာ၌ ၂၀၁၁ ခုနှစ်တွင် TIER-3 အဆင့်သတ်မှတ်၍ အရေးယူပိတ်ဆို့ခံခဲ့ရရာမှ ၂၀၁၂ ခုနှစ်မှစတင်၍ TIER-2 (စောင့်ကြည့်) အဆင့်သို့ သုံးနှစ်ဆက်တိုက် တိုးတက်ရောက်ရှိလာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရေပြင်တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းရေလုပ်သား ၅၃၅ ဦးအား ကယ်တင်နိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ပြန်လည်ထူထောင်ရေးရန်ပုံငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ် ဘင်္ဂလားပင်လယ်အတွင်းတွေ့ရှိခဲ့သည့် လှေစီးရွှေ့ပြောင်းသွားလာသူ ၂၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပင်လယ်ပြင်အတွင်းတွေ့ရှိခဲ့သည့် လှေစီးရွှေ့ပြောင်းသွားလာသူ ၇၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းတွေ့ရှိခဲ့သည့် လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၇ ဦးတို့အနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၈၅၃ ဦးတို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

## ယူရို ၁၀ သန်းတန်ဖိုးရှိ Pilot Project

ဥရောပသမဂ္ဂ(EU)နှင့်ပူးပေါင်း၍ ယူရို ၁၀ သန်းတန်ဖိုးရှိ Pilot Project တစ်ခုကိုရေးဆွဲပြီး လူစုလူဝေးများအား စနစ်တကျစီမံခန့်ခွဲခြင်း အတတ်ပညာ (Crowd Management)၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် (Community Policing)၊ ရဲတပ်ဖွဲ့၏ အနာဂတ်မျှော်မှန်းချက်၊ မူဝါဒ၊ ရဲလက်စွဲများနှင့် ကျင့်ထုံးများဆိုင်ရာ ရဲလုပ်ငန်းစနစ်များ (Police Vision, Doctrine, Legal Framework Governance)၊ ရဲတပ်ဖွဲ့နှင့် လူထုအဖွဲ့အစည်းများအကြား မီဒီယာဖြင့် ပွင့်လင်းမြင်သာစွာဆက်ဆံခြင်း (Media and Civil Societies, Public Press Information) ဟူသည့် ကဏ္ဍလေးရပ်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုင်းနိုင်ငံသံရုံးနှင့် မလေးရှားနိုင်ငံသံရုံးတို့မှ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ဌာနစိတ်တို့တွင် သတင်းရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းအဖွဲ့ဖြင့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိပြီး ထိုင်းနိုင်ငံတွင် ၁၂၀၂၆ ဦး၊ မလေးရှားနိုင်ငံတွင် ၃၇၀၉ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို ရန်ကုန်မြို့၌သာ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာမှ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် ရုံးခွဲ ၁၅ ရုံးအား ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးခဲ့သည်။

## ဘိန်းထုတ်လုပ်မှု ၂၃ ရာခိုင်နှုန်းလျော့ကျ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ဧရိယာ ဟက်တာ ၂၂၀ လျှော့ချနိုင်ခဲ့သဖြင့် ထုတ်လုပ်မှုတွင်လည်း ဘိန်းတန်ချိန် ၈၇၀ တန်မှ ၆၇၀ တန်ထိ ၂၃ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့၍ စိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုကို ၂၀၁၄ ခုနှစ်တွင် ထိန်းချုပ်နိုင်ခဲ့သည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။

ကော်မတီက သိမ်းဆည်းမြေများမှ စွန့်လွှတ်ပြီး ၃၆၃၈၂၁ ဒသမ ၇၃၄ ဧက၊ လွှဲပြောင်းပြီး ၃၅၇၇၃၆ ဒသမ ၅၂၀ ဧကအနက် စိုက်ပျိုးမြေများကို သက်ဆိုင်ရာ တောင်သူများလက်ဝယ်သို့ ပြန်လည်ရရှိစေခြင်းနှင့် အခြားမြေများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံ လွှဲပြောင်းပေးအပ်ခြင်းတို့ကို စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

ကုလသမဂ္ဂအဂတိ လိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UNCAC)တွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် ၁၉-၁-၂၀၁၃ ရက်နေ့မှစ၍ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

ပြည်သူများက ၎င်းတို့၏နစ်နာမှုများကို ပေးပို့တိုင်ကြားလာသည့် တိုင်ကြားစာများနှင့်ပတ်သက်၍ ၁-၄-၂၀၁၁ ရက်နေ့မှ ၁၀-၁၀-၂၀၁၅ ရက်နေ့အထိ တိုင်ကြားစာ ၄၀၀၀၀ ကျော်လက်ခံရရှိခဲ့ပြီး ပဏာမစိစစ်ချက်အရ ၅၁၉၆ စောင်ကို စိစစ်အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှလည်း အမှု ၁၂၂၀ မှု စစ်ဆေးခဲ့ပြီး စုံစမ်းမှုများမှ သိမ်းဆည်းရမိငွေများနှင့် ပစ္စည်းတန်ဖိုး ငွေကျပ်သိန်းပေါင်း လေးသောင်းသုံးထောင်ကျော်ကို တရားစွဲတင်ခဲ့ရာ အသားတင်ပြည်သူ့ဘဏ္ဍာငွေကျပ်နှစ်သောင်းတစ်ထောင်ကျော် ရရှိစေခဲ့သည်။

## အကျဉ်းဦးစီးဌာန

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့သည် အကျဉ်းထောင်/ စခန်း ၄၁ ခုတွင် ရေရရှိရေးနှင့် မိလ္လာစနစ်ကောင်းမွန်ရေးတို့အတွက် ငွေကျပ် ၂၂၈၆ ဒသမ ၅ သန်း တန်ဖိုးရှိ လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ယင်းအဖွဲ့သည် အကျဉ်းထောင်/စခန်း ၆၉ ခုသို့ ၈၅ ကြိမ် ဝင်ရောက်လေ့လာခဲ့သည်။

အကျဉ်းထောင်/စခန်းများအတွင်းရှိ အကျဉ်းသား ၂၂၀၆၅ ဦး၊ အကျဉ်းသူ ၁၀၃၃၀ ဦး စုစုပေါင်း ၃၂၃၉၅ ဦးတို့အား လက်သမား၊ ပန်းရန်၊ စက်ချုပ် စသည့် သက်မွေးမှုပညာရပ် အမျိုး ၃၀ နှင့် ကွန်ပျူတာ စာစီစာရိုက်၊ အင်္ဂလိပ်စကားပြော၊ တရုတ်စကားပြော၊ အူရဲဒူးစကားပြော သင်တန်းများကို သင်ကြားပေးနိုင်ခဲ့သည့်အပြင် အကျဉ်းသား ၅၃၁ ဦး၊ အကျဉ်းသူ ၄၁ ဦး စုစုပေါင်း ၅၇၂ ဦးတို့အား အတန်းပညာသင်ကြားပေးနိုင်ခဲ့သည်။

အင်းစိန်ဗဟိုအကျဉ်းထောင်၌ ၂၀၁၃-၂၀၁၄ ခုပညာသင်နှစ်တွင် အကျဉ်းသား နှစ်ဦး၊ ၂၀၁၄-၂၀၁၅ ခုပညာသင်နှစ်တွင် အကျဉ်းသား ခုနစ်ဦးတို့အား တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည်အထိ သင်ကြားပေးနိုင်ခဲ့သည်။


မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်အမြန်မီးသတ်ရေယာဉ်များ။

အကျဉ်းထောင်/ စခန်းများတွင် လစဉ်တရားစခန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး အခြားဘာသာဝင်များကိုလည်း မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသည်။

လက်ရှိအစိုးရလက်ထက်တွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ခွင့်ပြုပေးခဲ့ရာ လွတ်ငြိမ်းချမ်းသာခွင့် ငါးကြိမ်တွင် နိုင်ငံသား/ နိုင်ငံခြားသား အကျဉ်းသား ၃၄၀၈၀၊ အကျဉ်းသူ ၅၈၄၂ ဦးပေါင်း ၃၉၉၂၂ ဦး၊ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ၅၄ ကြိမ်တွင် အကျဉ်းသား ၁၂၄၃၇ ဦး၊ အကျဉ်းသူ ၁၁၇၉ ဦး ပေါင်း၁၃၆၁၆ ဦး စုစုပေါင်း ငါးသောင်းသုံးထောင်ကျော်အား လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးနိုင်ခဲ့သည်။

## မီးသတ်ဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်နှင့် မတော်တဆဖြစ်စဉ်များ ဖြစ်ပွားလာပါက လျင်မြန်စွာသိရှိပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ ရန်ကုန်မြို့တွင် Command & Control Center ထူထောင်ထားရှိပြီး မီးလောင်ပြင်ကွပ်ကဲမှုစနစ် (Fire Services Operation Management System-FSOMS)၊ မီးသတ်ယာဉ်ထွက်ခွာရာ လမ်းကြောင်းပြစနစ် (Vehicle Tracking System)၊ မီးလောင်ပြင် တိုက်ရိုက်ကြည့်ရှုကွပ်ကဲမှုစနစ် (IP Camera System)၊ စောင့်ကြည့်မျှော်စင်စနစ် (e-Watching Tower System)တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့မှု ၂၀၄၉ ကြိမ်၊ မတော်တဆဖြစ်ပွားမှု ၁၈၅ ကြိမ် စုစုပေါင်း ၂၂၃၄ ကြိမ်ဖြစ်ပွားခဲ့ရာ ပျက်စီးခဲ့သည့် လူနေအိမ်ခြေ ၇၁၉၄၅ လုံး၊ သေဆုံးသူ ၁၁၃၅ ဦး၊ ဒဏ်ရာရရှိသူ ၅၂၇၈ ဦး၊ ဘေးသင့်ပြည်သူ ၃၄၄၆၃၆ ဦးရှိခဲ့သဖြင့် အဆိုပါဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။


၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခြင်းကြောင့် ဖွဲ့စည်းထားရှိပြီးသော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များကိုလည်း တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များတွင် အင်အား ၁၁၆ ဦးစီပါဝင်သော တပ်ခွဲတစ်ခွဲစီ၊ မြို့နယ်များတွင် အင်အား ၃၅ ဦးစီပါဝင်သော တပ်စုတစ်စု စီဖြင့် တပ်ခွဲ ၁၇ ခွဲ၊ တပ်စု ၃၃၀၊ အင်အား ၁၃၆၂၇ ဦးဖြင့် စုဖွဲ့ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် အုပ်ချုပ်ရေးအာဏာ သက်ရောက်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှုကိုရရှိစေပြီး နိုင်ငံတော်တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးမှုတို့ကို ဖြစ်ထွန်းစေရေးဆိုသည့် အမျိုးသားလုံခြုံရေး မူဝါဒတစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အာဆီယံစွမ်းအင်ဆိုင်ရာ ပထမဆုနှစ်ဆု ထပ်မံရရှိအောင် နိုင်ငံအကျိုးပြုစွမ်းဆောင်

သတင်းဆောင်းပါး – စံထွဋ်သိန်း

၂၀၁၅ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ASEAN Best Practices for Renewable Energy Project Award ခေါင်းစဉ်ကြီးအောက်မှ On- grid Power Category (Local Grid) တွင် ဧရာဝတီတိုင်းဒေသကြီး နန်ကသူရေလှောင်တမံရှိ Mini Hydropower Plant (600-KW) ဖြင့် ကျေးရွာလျှပ်စစ်မီးရရှိဖော်ဆောင်မှု (Rural Electrification with Mini-Hydropower Project) ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Winner Prizer (ပထမဆု)ကို လည်းကောင်း၊ Off-grid Power (Category) တွင် ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ် အိုးဘိုကုန်းကျေးရွာ (6-KW) Solar Home System Project ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Winner Prize (ပထမဆု)ကို လည်းကောင်း ရရှိခဲ့ပါသည်။



ကညွတ်ကွင်းကျေးရွာအပါအဝင် ကျေးရွာငါးရွာအတွက် နှစ်စဉ်ကီလိုဝပ်နာရီပေါင်း ၁၆၀၀၀၀၀ ထုတ်လုပ်ပေးသည့် (200-KW) S-shape တာဘိုင်အမျိုးအစားသုံးစုံအား တွေ့ရစဉ်။

၂၀၁၅ ခုနှစ်တွင် (ACE)မှ ကျင်းပသော (ASEAN Energy Award 2015) ပြိုင်ပွဲ၌ ASEAN Best Practices Award for Energy Efficient Buildings, ASEAN Best Practices Award for Energy Management in Building and Industries, ASEAN Green Building Awards , ASEAN Best Practices for Renewable Energy Project Awards , ASEAN Coal Awards , ASEAN Individual Excellence in Energy Management - ခေါင်းစဉ်များပါရည်ရွယ်ချက်များဖြင့် အာဆီယံနိုင်ငံများကို ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၅ ASEAN Energy Forum နှင့် Awading Ceremony ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Mandarin Oriental Hotel ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု ASEAN Energy Awards, 2015 Winner Prize ပထမဆုနှစ်ဆုအတွက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (စက်မှု) ဦးဝင်းထွဋ်နှင့် ဦးစီးအရာရှိ (စက်မှု) ဦးစံထွဋ်သိန်းတို့က GALA Dinner of the 33rd AMEN and ASEAN Energy Awards, 2015 ဆုပေးပွဲနှင့် ညစာစားပွဲသို့ တက်ရောက်၍ ဆုများလက်ခံရယူခဲ့ပါသည်။

ယခုကဲ့သို့ ASEAN Energy Award 2015 (Winner Prize) ပထမဆုနှစ်ဆုအား မြန်မာနိုင်ငံကိုယ်စားပြု ဆည်မြောင်းဦးစီးဌာနက အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းကာ ယှဉ်ပြိုင်ရယူနိုင်ခဲ့ခြင်းကြောင့် အမိနိုင်ငံအတွက်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂၀၁၅ ခုနှစ်အတွက် ASEAN Energy Award (Local Grid) ရရှိခဲ့သော နန်ကသူရေအားလျှပ်စစ်စက်ရုံ (600-KW) ကို ၂၀၁၁ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများကိုယ်တိုင် စူးစမ်းတိုင်းတာ ဒီဇိုင်းတွက်ချက်ရေးဆွဲ၍ ရေထုတ်ပြွန်မှတစ်ဆင့် Penstock ဖြင့်သွယ်တန်းပြီး ရေအားလျှပ်စစ်စက်ရုံအား စတင်တည်ဆောက်ခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးခဲ့ပါသည်။

တပ်ဆင်ခဲ့သော တာဘိုင်အမျိုးအစားမှာ (200-KW) S-shape Tubular Turbine အမျိုးအစားသုံးစုံဖြစ်ပြီး နှစ်စဉ်ကီလိုဝပ်နာရီပေါင်း (၁၆၀၀၀၀၀) ထုတ်လွှတ်ပေးကာ အနီးရှိကျေးရွာငါးရွာဖြစ်သည့် (ကညွတ်ကွင်းကျေးရွာ၊ ရှားတောကျေးရွာ၊ ဝါဘိုကျေးရွာ၊ သရက်အုပ်ကျေးရွာ၊ လှည်းမှောက်ကျေးရွာ) စုစုပေါင်းအိမ်ခြေ ၅၀၀ ခန့်ကို (11-KV Local Grid) ဖြင့်သွယ်တန်း၍ ပထမဦးစွာ ကညွတ်ကွင်းကျေးရွာ အိမ်ခြေ ၂၁၅ အိမ်မှာ လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ပါသည်။

ယခုအခါတွင် ကညွတ်ကွင်းကျေးရွာ၌ ယခင်က ဖယောင်းတိုင်၊ ဒီဇယ်ဆီမီးနှင့် ထင်းမီးများအသုံးပြုနေခြင်းမှ အိမ်တိုင်းတွင် လျှပ်စစ်မီးသီး၊ မီးချောင်းများဖြင့် ထိန်ထိန်လင်းနေပြီး မီးဖိုချောင်များတွင်လည်း လျှပ်စစ်ထမင်းပေါင်းအိုး၊ ဟင်းချက်အိုး၊ ရေနွေးအိုးများ အသုံးပြုနေပါသဖြင့် လူနေမှုဘဝတိုးတက်မြင့်မားလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ASEAN Energy Award (off-grid) ရရှိခဲ့သော (6-KW) Solar Home System စက်ရုံမှာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုဆည်အနီးရှိ အိုးဘိုကုန်းကျေးရွာ၌ ၂၀၁၃ ခုနှစ်တွင် တပ်ဆင်တည်ဆောက်ခဲ့ပြီး ယခုအခါ ကျေးရွာအိမ်ခြေ ၁၀၀ ခန့်ကို အိမ်မီး၊ လမ်းမီးများထွန်းလင်းစေသည့်အပြင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတို့တွင် တီဗွီ၊ ဒီဗွီဒီနှင့် အသေးစားရေခဲသေတ္တာများ အသုံးပြုလျက်ရှိသဖြင့် လူနေမှုအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

ဆည်ရေမှ လျှပ်စစ်မီးထုတ်ယူရရှိခြင်းဖြင့် ကျေးရွာများတွင် တီဗွီ၊ ဒီဗွီဒီ၊ ဂြိုလ်တုစလောင်းများကြည့်ရှုနိုင်ခြင်း၊ ဖုန်းနှင့်ကွန်ပျူတာ အင်တာနက်များ အသုံးပြုနိုင်ခြင်း၊ အသေးစားစက်မှုလုပ်ငန်းများ ထူထောင်ပေးနိုင်ခြင်းတို့ကြောင့် ယခုအခါ ကျေးရွာနေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေသည်။

ထို့ပြင် ခေတ်နှင့်အညီ ကမ္ဘာကြီး၌ ပြောင်းလဲဖြစ်ပေါ်နေသော သတင်းအချက်အလက်နှင့် စီးပွားရေး၊ လူမှုရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်သောကြောင့် အသိဉာဏ်ဗဟုသုတများဖွံ့ဖြိုးလာပြီး ဝင်ငွေတိုးပွား၍ လူနေမှုဘဝမြင့်မားတိုးတက်ရေးကို အကျိုးဖြစ်ထွန်းစေပါသည်။ ယင်းကျေးရွာများကိုသုံးသပ်ခြင်းဖြင့် ကမ္ဘာကြီးသည် ရွာကြီးသဖွယ်ဖြစ်လာနေပြီဖြစ်ကြောင်း သက်သေထူလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် နည်းပညာများ ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အညီ စွမ်းအင်သုံးစွဲမှုအခန်းကဏ္ဍမှာ လိုအပ်ချက်မြင့်မားလျက်ရှိပါသည်။

နောင်အနာဂတ်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုများကြောင့် လောင်စာဆီခန်းခြောက်မှုပြဿနာများ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်များသည် စွမ်းအင်သုံးစွဲရာတွင် လောင်စာဆီချွေတာသုံးစွဲနိုင်ရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးတို့ကို ရည်ရွယ်ဖော်ဆောင်နိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လောင်စာဆီသုံးစွဲမှုကိုအစားထိုးနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) အခန်းကဏ္ဍ တွင်ကျယ်စွာသုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်မီနည်းပညာများဖော်ထုတ်၍ စမ်းသပ်တီထွင်အကျိုးပြုဆောင်ရွက်လျက်ရှိကြပါသည်။

အရှေ့တောင်အာရှ(အာဆီယံ)နိုင်ငံများ၌လည်း စွမ်းအင်သုံးစွဲမှုကဏ္ဍချွေတာသုံးစွဲနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) သုံးစွဲမှုတိုးတက်ထွန်းကားလာစေရေးတို့ကို ရည်ရွယ်ကာ ဒေသတွင်းနိုင်ငံအချင်းချင်းစုစည်း၍ အာဆီယံစွမ်းအင်ဗဟိုဌာန ASEAN Centre for Energy (ACE)ကို ဖွဲ့စည်းတည်ထောင်ကာ ဒေသအတွင်းနိုင်ငံများရှိ အဆောက်အအုံနှင့် စက်ရုံ၊ အလုပ်ရုံများ၌ စွမ်းအင်အသုံးချမှုနည်းပညာ (Energy Management and Industries)၊ (Energy Efficiency Buildings) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နည်းပညာများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်ချက်များ (Renewable Energy Support Programme for ASEAN, Best Practices from the Region and Options) စသည့် ဒေသတွင်းစွမ်းအင်ဆိုင်ရာ အကျိုးပြုလုပ်ဆောင်ချက်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ ကျေးလက်ဒေသလျှပ်စစ်မီးရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်မှုလုပ်ငန်းများကို အသိအမှတ်ပြု၊ ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်အာဆီယံ ဝန်ကြီးများအစည်းအဝေးနှင့် ဆုပေးပွဲ (ASEAN Energy Forum & Awarding Ceremony) များကို အထက်ပါအတိုင်း ကျင်းပပေးနေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံဝန်ကြီးဌာနများနှင့် ပြင်ပလုပ်ငန်းရှင်များသည် ယင်း ASEAN Energy Award ပြိုင်ပွဲများသို့ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာနသည် ၂၀၀၉ ခုနှစ်မှစတင်ကာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ တည်ဆောက်ခဲ့သော မမြရေလှောင်တမံ ရေပေးတူးမြောင်းရှိ ရေကျအဆောက်အအုံ၌ အသေးစားရေအားလျှပ်စစ်တာဘိုင်စက်များ (Micro Hydropower Plants) တပ်ဆင်၍ အနီးရှိ မျှင်ဝါးတောင်ကျေးရွာ အိမ်ခြေ ၃၅၀ သို့ လျှပ်စစ်မီးရရှိရေးအကျိုးပြုဖော်ဆောင်မှုလုပ်ငန်း (Rural Electrification with Micro Hydropower Project) ခေါင်းစဉ်ဖြင့် ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ (Winner Prize of ASEAN Energy Award 2009) ပထမဆုကို ပထမအကြိမ်ရရှိခဲ့ပါသည်။

၂၀၁၄ ခုနှစ်ကလည်း ပဲခူးတိုင်းဒေသကြီး တောင်ညိုဆည်ရေပေးမြောင်းပေါ်ရှိရေကျ အဆောက်အအုံတွင် (20-KW) အသေးစားရေအားလျှပ်စစ်တာဘိုင်စက်သုံးစုံတပ်ဆင်ပြီး အနီးရှိ ကျောက်ခွက်ကျေးရွာနှင့် ကျောက်စွယ်ကျေးရွာ စုစုပေါင်း အိမ်ခြေ ၆၀၀ ခန့်ကို လျှပ်စစ်မီးရရှိအောင် အကျိုးပြုဆောင်ရွက်မှုလုပ်ငန်း (Rural Electrification for Poverty Reduction) ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် အာဆီယံအင်ဂျင်နီယာအသင်း (CAFEO) က ချီးမြှင့်သော ပထမဆု (Winner Prize of ASEAN Outstanding Engineering Achievement Project Award 2014) ဆုကို အလားတူရရှိခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့်ကျေးလက်ဒေသ (Rural Area) များတွင် ဆည်တာတမံများ တည်ဆောက်လျက်ရှိပြီး စီမံကိန်းအနီးရှိ လျှပ်စစ်မီး မရှိသေးသော ကျေးရွာများအား တိုင်းတာရရှိသော ဒီဇိုင်းအချက်အလက်များကို အခြေခံကာ အသေးစား၊ အလတ်စား ရေအားလျှပ်စစ်တာဘိုင်စက် (Micro & Mini Hydropower Turbine Plants) အမျိုးမျိုးကို ဌာနလက်အောက်ရှိ စက်မှုအလုပ်ရုံများတွင် တီထွင်ထုတ်လုပ်ကာ စိုက်ပျိုးရေကို ဆုံးရှုံးမှုမရှိစေဘဲ ရေထုတ်ပြွန်နှင့် ရေပေးမြောင်းတစ်လျှောက်ရှိ ရေကျအဆောက်အအုံပေါ်တွင် အသေးစားရေအားလျှပ်စစ်တာဘိုင်စက်များ တပ်ဆင်ပေးခြင်း၊ ရေလှောင်တမံအနီးတွင်ရှိသော်လည်း ရေပေးမြောင်းနှင့်ဝေးကွာနေသော ကျေးရွာများကို ဆိုလာလျှပ်စစ် (Solar Home System) များ တပ်ဆင်ပေးခြင်းအစရှိသည့် ကျေးလက်ဒေသလူနေမှု ဘဝဖွံ့ဖြိုးတိုးတက် မြင့်မားရေးနှင့် ဆင်းရဲမှုလျော့ကျစေရေးစီမံချက်များကို အကောင်ထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေး (Rural Electrification) သည် အထူးလိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တွက်ချက်ဖြန့်ဖြူးနိုင်ရေးတွင် National grid နှင့် အလှမ်းဝေးကွာပြီး၊ Transmission Line မရောက်ရှိနိုင်သေးသည့် off-grid Rural Area များသည် ၇၀ ရာခိုင်နှုန်းခန့် ကျန်ရှိနေသေးရာ ယင်းဒေသများ၌ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးအတွက် Micro & Mini Hydropower System နှင့် Solar Home System များစွာတပ်ဆင်ပေးရန် အထူးလိုအပ်လျက်ရှိနေပါသည်။

Micro & Mini Hydropower System နှင့် Solar Home System များတပ်ဆင် သုံးစွဲနိုင်ရန်လိုအပ်သည့် ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများကို ယခုကဲ့သို့ အာဆီယံဒေသတွင်းနိုင်ငံများရှိ အင်ဂျင်နီယာများနှင့် လုပ်ငန်းရှင်များထံမှ ဆွေးနွေးဖလှယ်ရယူပြီး၊ တည်ဆောက်ပြီး ဆည်တာတမံ၊ ရေလွှဲဆည်ရေပေးတူးမြောင်း ရေကျအဆောက် အအုံနှင့် ရေထုတ်ပြွန်များတွင်လည်းကောင်း၊ နေရောင်ခြည်စွမ်းအင် (Solar Power) တပ်ဆင် သုံးစွဲရန် သင့်တော်သည့် နေရာများတွင်လည်းကောင်း၊ ဌာနအင်ဂျင်နီယာဝန်ထမ်းများဖြင့် စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းတို့ကို လက်တွေ့အကောင်အထည်ဖော် တပ်ဆင်တည်ဆောက်ခြင်းတို့ဖြင့် အခြားဝန်ကြီးဌာနများနည်းတူ နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

သို့မှသာ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း ကျေးလက် ဒေသနေ (off-grid Rural Area) ပြည်သူများ ဆင်းရဲမှုလျော့ကျလာပြီး၊ လူနေမှုဘဝတိုးတက်မြင့်မားလာစေမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အိမ်ပြန်ချိန်တိုင် လွမ်းတသသဖြစ်ရသည့် ရွှေနိုင်ငံ၏ ခရီးသွားလုပ်ငန်း

**သတင်းဆောင်းပါး-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဖေဇော်**

**"လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကလည်း မြန်မာနိုင်ငံကိုတစ်ခေါက်ရောက်ခဲ့တယ်။ အရင်နဲ့မတူတော့ဘူး။ တော်တော်တိုးတက်ပြောင်းလဲသွားတယ်။ အခုဆိုရင် မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုနဲ့အတူ ကမ္ဘာက အထူးစိတ်ဝင်စားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်နေပါပြီ"ဟု ဂျာမနီနိုင်ငံသား ကမ္ဘာလှည့်ခရီးသွား ဖိလစ်က ပြောသည်။**

ဖိလစ်တစ်ယောက် သူ၏မိတ်ဆွေ ကမ္ဘာလှည့်ခရီးသွားများနှင့်အတူ ရန်ကုန်မြို့တော်ခန်းမနှင့် အနီးဝန်းကျင်တွင် မှတ်တမ်းဓာတ်ပုံရိုက်နေကြသည့်ဟန်မှာ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကာလတွင် မြို့ပြအမွေအနှစ်ထိန်းသိမ်းမှုနှင့် ခေတ်မီတိုးတက်ဖွံ့ဖြိုးလာမှုအပေါ် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားဖြစ်လာမှုကို ပေါ်လွင်နေသည်။

မြန်မာနိုင်ငံသည် အစိုးရသစ်တက်လာခဲ့သည့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ကမ္ဘာလှည့်ခရီးသွားများ၏ အထူးစိတ်ဝင်တစား လာရောက်လေ့လာသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးလာခဲ့ သည့်နောက် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဝင်ရောက်လာခဲ့ရာ ဂျာမနီနိုင်ငံသားဖိလစ်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

"အရင်တစ်ခေါက်လာတုန်းက ကယားပြည်နယ်ဘက်ကို သွားရောက်လေ့လာလို့မရခဲ့ဘူး။ အခုတော့ အဲဒီဒေသတွေကို သွားရောက်လေ့လာခဲ့ရတယ်။ ကမ္ဘာလှည့်ခရီးသွားတွေအတွက် လုံခြုံရေးရဲတပ်ဖွဲ့ တွေလည်း ရှိလာတော့ ပိုပြီးလုံခြုံမှုရှိသလို ခံစားရတယ်။ ဒီတစ်ခေါက်တော့ လွိုင်ကော်ဘက်သွားပြီး ပဒေါင်လူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့လူမှုဘဝတွေကို သွားရောက်လေ့လာခွင့်ရခဲ့တာဟာ အတွေ့အကြုံသစ်တစ်ခုပါပဲ။ ဒီနိုင်ငံက တချို့နိုင်ငံတွေထက်ကျယ်ပြီး လေ့လာစရာတွေများတယ်။ ရက်အနည်းငယ်နေရုံနဲ့တော့ လုံလောက်မှာမဟုတ်ပါဘူး" ဟု ဖိလစ်က သူ၏သွားရောက်လေ့လာခဲ့မှုနှင့် အမြင်ကိုပြောသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလနှင့်အတူ ယဉ်ကျေးမှုအနုပညာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပရှုခင်းများနှင့် လက်မှုပညာရပ်များကို လေ့လာသိရှိလိုကြ၍ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော် လည်းကောင်း လေကြောင်းခရီးစဉ်ဖြင့် လာရောက်ကြသကဲ့သို့ မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းခရီးစဉ်တို့ဖြင့် နယ်စပ်ဝင်ပေါက်များမှလည်း စဉ်ဆက်မပြတ် ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။

ထိုသို့လာရောက်လည်ပတ်သူများကို လုံခြုံမှုပေးနိုင်ရန်အတွက် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မြို့နယ်ငါးမြို့နယ်၌ အခြေပြု၍ အဖွဲ့ငါးဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများဆုံးသွားရောက်လည်ပတ်လေ့ရှိသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ကျိုက်ထီးရိုး၊ ငပလီ၊ ပုဂံအပါအဝင် နယ်မြေဒေသ ၂၄ ခုတွင် တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ကမ္ဘာလှည့်ခရီးသွားတွေရဲ့ လုံခြုံမှုရှိဖို့သက်ဆိုင်ရာဌာနတွေအပြင် ခရီးသွားလုပ်ငန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေတာပါ။ အကြောင်းအရာ တစ်စုံတစ်ခုကြောင့် မှုခင်းကိစ္စမျိုးဖြစ်လာရင်တော့ သက်ဆိုင်ရာသံရုံးနဲ့ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူး (ရန်ကုန်) ဒုရဲမှူးသန်းမြင့်ဇော်က ပြောသည်။

ထို့အပြင် ကမ္ဘာလှည့်ခရီးသွားများ လွယ်ကူစွာလာရောက်လေ့လာနိုင်ရန်အတွက် အစိုးရသစ်လက်ထက်တွင် မူဝါဒများချမှတ်၍ ဆောင်ရွက်ခဲ့ရာ ပြည်ဝင်ဗီဇာစနစ်အရ နိုင်ငံတွင်းသို့ဝင်ထွက်ရန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များမှတစ်ဆင့် ဗီဇာခြောက်မျိုးဖြင့်ဝင်၊ ထွက်ခွင့်ပြုခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ကမ္ဘာ့လှည့်ခရီးသည် ဝင်ရောက်မှုနှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၈ သိန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ သန်း၊ ၂၀၁၃ ခုနှစ်တွင် စံချိန်တင်သမိုင်းဝင်အဖြစ် နိုင်ငံတကာခရီးသွား ၂ ဒသမ ၀၄ သန်းအထိ ဝင်ရောက်မှုရှိခဲ့ပြီး တိုးတက်မှု (၉၃ ဒသမ ၀၄) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၈ သန်း ဝင်ရောက်ခဲ့ပြီး ယခုနှစ်အတွင်း ငါးသန်း ကျော်ဝင်ရောက်နိုင်ရန် မျှော်မှန်းထားရာ စက်တင်ဘာလအထိ ၃ ဒသမ ၇ သန်းကျော်ဝင်ရောက်ခဲ့သည်။

ခရီးသွားလုပ်ငန်းများ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်မီသည့် ဧည့်လမ်းညွှန်များ အလုံအလောက်ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ အဆိုပါသင်တန်းကို ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါစုစုပေါင်း ၈၅၇၅ ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၁၆၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။



မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားများအား တွေ့ရစဉ်။ (ဓာတ်ပုံ-ဖေဇော်)

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလာမှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်း ရေရှည်ခိုင်မြဲရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် မဟာဗျူဟာများ၊ လုပ်ငန်းစီမံကိန်းများကို မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဟိုတယ်အလုံးပေါင်း ၁၂၃၅ လုံး၊ အခန်းပေါင်း ၄၈၄၂၅ ခန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် လုံလောက်မှုရှိစေရန် ကြိုတင်စီစဉ်ပေးနိုင်ခဲ့သည်။

ထို့အတူ ခရီးလှည့်လည်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၁ ခုနှစ်မတိုင်မီက ၆၈၇ ခုသာရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီ ၁၈၇၄ ခုအထိ တိုးတက်များပြားလာခဲ့သည်။

မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ ပိုမိုတည်ဆောက်ဖွင့်လှစ်လာနိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဒေသခံပြည်သူတို့၏ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေါ်ပေါက်လာခဲ့သည်။

"အခုနှစ်ပိုင်းမှာ လည်ပတ်စရာနေရာသစ်တွေပိုများလာတော့ ခရီးသွားလုပ်ငန်း ပိုကောင်းလာတယ်။ တချို့နေရာတွေကတော့ ကန့်သတ်ချက်နဲ့ဝင်ရတဲ့နေရာတွေရှိနေသေးတယ်။ ဒါပေမယ့် တော်တော်အဆင်ပြေပါတယ်။ ငွေပေးချေမှုအပိုင်းမှာလည်း credic card နဲ့ ပေးချေဝန်ဆောင်မှုစနစ်ရှိလာတဲ့အတွက် ပိုအဆင်ပြေတယ်။ တည်းခိုမှုအတွက် ဟိုတယ်စရိတ်ကြီးမြင့်တာကတော့အခက်အခဲတစ်ခုပါပဲ"ဟု Good Life Myanmar ခရီးသွားလုပ်ငန်းမှ ကိုကောင်းမြတ်ဦးက သူ၏အတွေ့အကြုံကိုပြောသည်။

ထို့အတူ အီတာလျံဧည့်လမ်းညွှန်အော်စကာက ယခုအခါတွင် ကမ္ဘာလှည့် ခရီးသွားများအတွက် လည်ပတ်စရာများ ပိုမိုများပြားလာသည့်အပြင် မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း ပိုမိုရှင်းပြနေရသည်ဟုဆိုသည်။

မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာ့ခရီးသွားအများစုသည် ယဉ်ကျေးမှုအမွေအနှစ်များကြွယ်ဝရာ ပုဂံ၊ အင်းလေး၊ မန္တလေး၊ ရန်ကုန်တို့ကို အဓိကထားပြီး လေ့လာလေ့ရှိကြသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးစံများကိုလည်း စိတ်ဝင်တစား သွားရောက်လေ့လာကြသည်။

ရန်ကုန်မြို့ပြအမွေအနှစ်များကို မှတ်တမ်းတင်ရန်ကင်မရာတစ်လုံးဖြင့် အလုပ်များနေသည့် ဖိလစ်က "အခု ကျွန်တော်လေ့လာမိသလောက် နိုင်ငံ ရေးပြုပြင်ပြောင်းလဲမှုနဲ့ နိုင်ငံရေးဖြေလျှော့မှုတွေ၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းမှုနဲ့ မြို့ပြရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေက အရင်နဲ့မတူ တိုးတက်ပြောင်းလဲသွားပါပြီ။ ဒီနိုင်ငံကနေပြန်သွားရင် အရင်တုန်းကနဲ့ မတူတော့ဘူးဆိုတဲ့အကြောင်းကို ကျိန်းသေပြန်လည်ပြောပြဖြစ်မှာပါ"ဟု ဆိုသည့်စကား ကလည်း မျက်မှောက်မြန်မာ့ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထပ်လောင်းထင်ဟပ်ပေါ်လွင်စေပါတော့သည်။

**မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်ဝင်ရောက်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ ပိုမိုတည်ဆောက်ဖွင့်လှစ်လာနိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဒေသခံပြည်သူတို့၏ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေါ်ပေါက်လာ။**